# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၈၃)


## ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၃ ဦး၊ ရုရှားမှ တစ်ဦး၊ ဂျပန်မှ လေးဦး၊ ပနားမားမှ ၁၄ ဦး၊ တောင်အာဖရိကမှ လေးဦး၊ တရုတ်မှ သုံးဦး၊ အင်ဒိုနီးရှားမှ ၁၃ ဦး၊ စင်ကာပူမှ ၁၁ ဦး၊ နယ်သာလန်မှ နှစ်ဦး၊ မြန်မာသင်္ဘောသား စုစုပေါင်း ၁၃၅ ဦး လိုက်ပါခဲ့ကြသည်။


*စာမျက်နှာ ၅ ကော်လံ ၁* ✤


## (၈၂) နှစ်မြောက် ဗိုလ်အောင်ကျော် အလွှမ်း

*ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဆောင်းပါး*


စာ - ၆၊ ၇


## ထန်းတပင်စက်မှုဇုန် တည်ဆောက်မှုပြီးစီးပါက စက်ရုံလုပ်သား တစ်သိန်းကျော် အလုပ်အကိုင်ရရှိနိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကုက္ကိုလ်ဝတံတားအနီးရှိ ရေနက်ကွင်းနေရာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ထိုစီမံကိန်းဆောင်ရွက်စဉ်အတွင်းတွင်လည်း အလုပ်အကိုင်များရရှိမည်ဖြစ်ပြီး စက်မှုဇုန်များ အသက်ဝင်ပါက ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ လုပ်သားတစ်သိန်းကျော် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များကို နိုင်ငံတော်ကတည်ဆောက်လျက်ရှိရာ သီလဝါစက်မှုဇုန်နှင့် ဆိပ်ကမ်းမှာ ဂုဏ်သတင်းကောင်းမွန်ပြီး ပင်လယ်ကူးသင်္ဘောကြီးများ ပိုမိုဆိုက်ကပ်နိုင်နေပြီဖြစ်သည်။

ယခုအခါ ဒေသတွင်းပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရန် ထန်းတပင်မြို့နယ် ကုက္ကိုလ်ဝမြစ်နံဘေးရှိ ရေနက်ကွင်းတွင် စက်မှုဇုန်ကြီး တည်ဆောက်ရန် ၂၀၁၈ ခုနှစ်မှစ၍ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။


*စာမျက်နှာ ၉ ကော်လံ ၁* ◆





ထန်းတပင်စက်မှုဇုန် တည်ဆောက်မည့်မြေနေရာ ကုက္ကိုလ်ဝတံတားအနီးရှိ ရေနက်ကွင်းနှင့် တည်ဆောက်မည့်ပုံစံကို တွေ့ရစဉ်။


အိန္ဒိယနိုင်ငံတွင် ပထမဆုံး ကိုဗစ် - ၁၉ ကာကွယ်ဆေး ဇန်နဝါရီလအတွင်း ရရှိနိုင်ဖွယ်ရှိ — နိုင်ငံတကာသတင်း စာ - ၁၃

ကာကွယ်ဆေးဖြင့်သာ ရပ်တန့်နိုင်မယ့် ကိုဗစ် - ၁၉ သံသရာ — နိုင်ငံတကာရေးရာ စာ - ၁၄



**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ကိုဗစ်-၁၉ ဗိုင်းရပ်စ်၏ ဗီဇအပြောင်းအလဲ

နှစ်တစ်နှစ် ကုန်ဆုံးခါနီးခဲ့ပြီ။ ကမ္ဘာသုံး ပြက္ခဒိန်အရ ခရစ်နှစ် ၂၀၂၀ မှသည် ၂၀၂၁ သို့ ကူးပြောင်းရန် အရှိန်ယူနေပါပြီ။ ပုံမှန်အတိုင်း နှစ်သစ်ကူးခဲ့ကြသည့် အစဉ်အလာအရဆိုလျှင် ယခုလိုအချိန်က ပွဲတော်များ၊ မီးရောင်စုံများ၊ အလုပ်များ၊ ကျောင်းများ၏ ပိတ်ရက်ရှည်များဖြင့် စည်ကားသိုက်မြိုက် မြူးထူးနေကြချိန်။

အထူးသဖြင့်မူ အနောက်နိုင်ငံများတွင် ခရစ္စမတ်ကို မိသားစု တွေ့ကြုံဆုံကြရန် တစ်နှစ်တာအတွက် အကောင်းဆုံးအခွင့်အရေး အဖြစ် သတ်မှတ်ကာ တွေ့ကြုံဆုံကြသည်။ အနယ်နယ်အရပ်ရပ် သို့ ရောက်နေကြသော မိသားစုဝင်များသည် မိဘရပ်ထံပြန်လာကာ စုကြ ဝေးကြ ဆုံကြလေ့လည်း ရှိလေရာ ခရီးသွားရာသီ၊ ပွဲတော် ရာသီအဖြစ် သတ်မှတ်ထားကြသည် ဖြစ်ပေ၏။

ယခု ကိုဗစ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုအန္တရာယ်က ပွဲတော်များ ဆင်နွှဲကျင်းပခြင်းကို အားမပေး၊ ခရီးသွားလာခြင်း၊ တစ်နေရာနှင့် တစ်နေရာ ကူးလူးဆက်ဆံခြင်းကို အားမပေး၊ လူစုလူဝေး များခြင်း၊ စုရုံးခြင်းကို အားမပေးဖြစ်လေရာ ပွဲတော်ကာလနှင့် ထိပ်တိုက်ဆန့်ကျင်တိုးတော့သည်။

သည်လိုအခြေအနေအတွင်း၌ အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးသည် ဗီဇပြောင်းလဲမှုအသစ်ဖြင့် ကူးစက်၊ ပျံ့နှံ့မှုများ ဖြစ်ပွားနေသည်ကို တွေ့ရှိရကြောင်း ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ကြေညာခဲ့ပါသည်။ ထိုဗီဇပြောင်း ဗိုင်းရပ်စ်ပိုးသည် ယခင်ပိုးများထက် ကူးစက်မှု ပိုမိုမြန်ဆန်ပျံ့နှံ့လွယ်သည်ဟုလည်း ဆိုပါသည်။ သို့သော်လည်း ထိုပိုးကြောင့် ရောဂါဝေဒနာ ပိုမိုပြင်းထန်လာသည်ဟူသည့် အထောက်အထား မတွေ့ရသေးဟုလည်း ဆိုပါသည်။ ပညာရှင်အစုံစုံတို့ ပူးပေါင်းကာ ဗီဇပြောင်းဗိုင်းရပ်စ်ပိုးအသစ်ကို စစ်ဆေးသုတေသနပြုနေကြဆဲ၊ စမ်းသပ်နေကြဆဲ ဖြစ်ပါသည်။

ဗိုင်းရပ်စ်ပိုးတို့သည် ရှင်သန်ပြန့်ပွားနေရင်း သူ၏ကြံ့ခိုင်သန်မာမှုနှင့် သက်တမ်းရှည်လျားစေရေးအတွက် ဗီဇပြောင်းလဲရင့်ကျက်လာသည်မှာ သဘာဝဖြစ်၏။ သူ၏ ကူးစက်ပျံ့နှံ့နိုင်မှုကို ပိုမိုမြန်ဆန်လာအောင်၊ အလွယ်တကူ ပိုမိုပြန့်ပွားနိုင်အောင် ပြင်ဆင်လာလေ့ရှိ၏။ တစ်နည်းဆိုသော် မိမိ၏ မျိုးရိုးဗီဇကို မိမိဘာသာ မြှင့်တင်ပေးနေသည့် သဘာဝအတိုင်း ဗီဇရင့်သန် ပြောင်းလဲလာခြင်းဖြစ်၏။

ဗိုင်းရပ်စ်ပိုး၏ ဗီဇရင့်သန်ပြောင်းလဲလာမှုကို အစဉ်တစိုက် ခွဲခြမ်းစိတ်ဖြာ စိစစ်လေ့လာနေသည့် ပညာရှင်အဖွဲ့က ထိုသို့ဗီဇပြောင်း ဗိုင်းရပ်စ်ပိုးကို အင်္ဂလန်အရှေ့တောင်ပိုင်းအရပ်နှင့်အတူ ဝေလနယ်၊ စကော့တလန်နယ်တို့တွင်ပါ တွေ့ရှိလာရသည်ဟု ဆိုပါသည်။

မည်သို့ပင်ဖြစ်စေ၊ ပိုမိုလျင်မြန်စွာကူးစက်နိုင်သည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကို တွေ့ရှိလာနေပြီဆိုသည်ကား အမှန်ဖြစ်ပါသည်။ ယင်းဗိုင်းရပ်စ်ကြောင့် ခံစားရသော ရောဂါဝေဒနာ ပိုမိုပြင်းထန်သည်ကို မတွေ့ရသေးသော်လည်း ပိုမိုသတိထားကြရန် လိုအပ်သည်ဟု နှိုးဆော်ထားပါသည်။

အထက်တွင် ဆိုသကဲ့သို့ နှစ်ကုန်ခါနီး ပိတ်ရက်ရှည်များနှင့် ယှဉ်တွဲနေသော ပျော်ရွှင်ဖွယ်ရက်များဖြစ်သည့် ခရစ္စမတ်၊ နှစ်သစ်ကူး ပွဲတော်ရက်များအတွင်း လူစုလူဝေးစုရုံးမှုကို ကျန်းမာရေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများက များစွာ စိုးရိမ်နေကြသည်။ ထို့ကြောင့်ပင် အင်္ဂလန်တွင် တွေ့ရှိလာသည့် ဗီဇပြောင်း ဗိုင်းရပ်စ်၏ မြန်ဆန်သော ကူးစက်မှုကို အကြောင်းပြု၍ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က လန်ဒန်ဧရိယာနှင့် အရှေ့တောင်ပိုင်းနယ်များကို ည ၁၂ နာရီနောက်ပိုင်း အပြင်မထွက်ရ၊ ခရီးမသွားရ ကန့်သတ်မှုအမိန့်ထုတ်ပြန်လိုက်သည်။ အမျှော်လင့်ကြီးမျှော်လင့်ခဲ့သော ခရစ္စမတ်နှင့် နှစ်သစ်ကူးပွဲတော်များကို အတော်ပင် တိတ်တိတ်ဆိတ်ဆိတ် ကျင်းပကြရန် အကြောင်းဖန်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ထိုဗိုင်းရပ်စ်၏ မျိုးရိုးဗီဇတစ်ခုလုံးကို လေ့လာသော သုတေသနပြုမှုများကို ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ နိုင်ငံတကာ အနေအထားအရ ပိုမိုလျင်မြန်စွာ ကူးစက်သည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကို စတင်တွေ့ရှိနေပြီဖြစ်ရာ၊ မြန်မာနိုင်ငံသားပြည်သူတို့ ရောဂါကာကွယ်ရေးအခြေခံများကို ကျင့်ကြံရင်း၊ လူစုလူဝေးများ မပြုလုပ်ရ အစရှိသည့် ထုတ်ပြန်ပြဋ္ဌာန်းထားသော ကျန်းမာရေးဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းတို့ကို အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ (CBM-NET 2) ဖြင့် မြန်မာကျပ်ငွေ၊ ငွေလွှဲဝန်ဆောင်မှု

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် ပြည်တွင်းရှိ အခြားဘဏ်များအကြား မြန်မာကျပ်ငွေဖြင့် ငွေလွှဲလက်ခံခြင်း၊ လွှဲပြောင်းပေးခြင်း စသည့်ငွေလွှဲဝန်ဆောင်မှုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ရက်စနစ် - ၂ (CBM-NET 2) ကို (၁၆-၁၁-၂၀၂၀) ရက်နေ့မှ စတင်အသုံးပြု၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် ငွေလွှဲခနှုန်းထား သက်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




## ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Appraisal Drilling Campaign လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M–9 တွင် Appraisal Drilling Campaign လုပ်ငန်းများအား Semi–Submersible Drilling Rig. HAKURYU–5 (Call Sign: 3FZL6) ဖြင့် Restricted Area Boundary Coor–dinates for M–9 Area, Point. A တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈ ဒသမ ၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄ ဒသမ ၁၀၈ စက္ကန့်၊ Point. B တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point. C တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point. D တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point. E တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့် Point. F တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၅၀ ဒသမ ၅၀၀ စက္ကန့်၊ Point. A တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈ ဒသမ ၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄ ဒသမ ၁၀၈ စက္ကန့်တို့တွင်လည်းကောင်း၊ Tentative Proposed Well Location, M9–GTK–21 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၇ ဒသမ ၂၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၇ ဒသမ ၉၁၅ စက္ကန့်၊ M9–KKN–58–59–60 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၄၈ ဒသမ ၀၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၈ မိနစ် ၁၃ ဒသမ ၇၀၉ စက္ကန့်၊ M9–KKN–83–84 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၄၂ ဒသမ ၄၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၁၄ ဒသမ ၀၆၀ စက္ကန့်၊ M9–GTK–32–33 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၅၂ ဒသမ ၅၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၁၉ ဒသမ ၄၂၇ စက္ကန့်၊ M9–ZTK–03 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၄ မိနစ် ၅၉ ဒသမ ၇၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၄၈ ဒသမ ၈၇၁ စက္ကန့်၊ M9–ZTK–09 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၇ ဒသမ ၄၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၄၇ ဒသမ ၂၁၇ စက္ကန့်၊ M9–ZTK–21 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၄၆ ဒသမ ၅၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၁၇ ဒသမ ၄၈၁ စက္ကန့်၊ M9–GTK–24 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၆ မိနစ် ၄၀ ဒသမ ၆၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၇ မိနစ် ၀၃ ဒသမ ၂၄၉ စက္ကန့်တို့တွင် ၁.၁.၂၀၂၁ ရက်နေ့မှ ၃၁.၁၂.၂၀၂၁ ရက်နေ့အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁.၁.၂၀၂၁ ရက်နေ့မှ ၃၁.၁၂.၂၀၂၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ (၁၁-၂-၁၉၄၇) ရက်နေ့တွင် ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား ဓာတ်ပုံ - သန့်ဇော်ဦး

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းအဖွဲ့ NSSA Web Portal ဒုတိယအဆင့် လုပ်ငန်းစဉ်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

**မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA Web Portal ဒုတိယအဆင့် လုပ်ငန်းစဉ် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားသို့ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီဝင်များ၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီဝင်များ၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအလုပ်အကိုင်များမှ Chief Assessor များ၊ Information Matrix Co., Ltd မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်သည်။

### NSSA Web Portal ကို စတင်ထုတ်လွှင့်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို လုပ်သားဈေးကွက်အတွင်းရှိ Stakeholder များအား အသိပညာ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ရေးဆွဲ တည်ဆောက်ထားသည့် NSSA အနေဖြင့် ပြောင်းလဲလာသော IT နည်းပညာများနှင့်အညီ သတင်းအချက်အလက်များ မြန်ဆန်ထိရောက်စွာ သိရှိနိုင်ရန် NSSA Web Portal ကို GIZ ၏ အကူအညီဖြင့် ၂၀၁၉ ခုနှစ်မှ စတင်ရေးဆွဲတည်ဆောက်ခဲ့ပြီး ယခုကဲ့သို့ NSSA အဖွဲ့ဝင်များ၊ NSSA ကော်မတီများ၊ မိတ်ဖက်အဖွဲ့အစည်းများထံ ချပြနိုင်သည့်အနေအထားထိ ရုပ်လုံးပေါ်လာခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ COVID-19 ထိန်းချုပ်ကာကွယ်နေသည့် ကာလအတွင်း၌ လုပ်ငန်းခွင်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများကို Home Stay နေရင်းလေ့လာကြည့်ရှုသင်ကြားနိုင်ရန် ခေတ်နှင့်အညီ ပြောင်းလဲနေသည့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု"စံ"များကို မိမိတို့နေထိုင်ရာ အရပ်ဒေသများမှအချိန်တိုအတွင်း လေ့လာနိုင်ရေးအတွက်လည်း ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း NSSA Web Portal ကို စတင်ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါကြောင်း။

### ဝင်ရောက်လေ့လာနိုင်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NSSA သည် ပညာရေးအခြေခံနောက်ခံအားနည်းသော လုပ်ငန်းခွင်ရှိ လုပ်သားများ ကမ္ဘာ့အလုပ်အကိုင်ပြောင်းလဲလာမှုများနှင့်အညီ အလုပ်အကိုင်များ တည်မြဲစေရေး၊ မိမိလုပ်ငန်းအတွင်း ဆက်လက်လေ့လာရင်း ဘဝတစ်သက်တာ လေ့လာသင်ယူမှုနှင့် Learning Cycle သို့ ဟန်ချက်ညီ ဝင်ရောက်လာစေရေး၊ ပြောင်းလဲလာသော အလုပ်အကိုင်ပုံစံများ၊ ကျွမ်းကျင်မှုများနှင့် အပ်စပ်မှုရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နေရာဒေသအစုံတွင် မြန်မာလူမှုအသိုက်အဝန်းများအတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရှမ်းပြည်နယ် လားရှိုးမြို့တွေမှာလည်း GIZ ၏ အကူအညီဖြင့် ဘက်စုံလေ့ကျင့်ရေး သင်တန်းကျောင်းများကို ၂၀၂၂ ခုနှစ်အတွင်း ဆောက်လုပ်ပြီးနိုင်ရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိ လုပ်သားထုများအတွက် Swisscontact နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကျေးလက်ဒေသ သက်မွေးပညာသင်တန်းများ ရှိပြီး ယင်းကျွမ်းကျင်မှုသင်တန်းများ၏ ဘာသာရပ်များ၊ သင်တန်းဆိုင်ရာ သတင်းများသည် NSSA Web Portal ဒုတိယပိုင်း အဆင့်မြှင့်တင်ရာတွင် ပါဝင်လာမည်ဖြစ်သည့်အတွက် မြန်မာလုပ်သားထုအနေဖြင့် ဝင်ရောက်လေ့လာနိုင်မည် ဖြစ်ပါကြောင်း။

### တဖြည်းဖြည်းများပြားနိုင်

လက်ရှိအခြေအနေတွင် ကျွမ်းကျင်မှုနည်းသော အလုပ်အကိုင်များ Low-Skilled Occupation များတွင် လုပ်ကိုင်နေရသော လုပ်သားထုကများနေပြီး နောင်တွင် ကမ္ဘာ့အလုပ်အကိုင်အခြေအနေများ ပြောင်းလဲလာနိုင်သည့်အတွက် Middle-Skilled Occupation များ၊ High-Skilled Occupation များတွင် လုပ်ကိုင်ရသူများ တဖြည်းဖြည်းများပြားနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် Digitalization ဖြင့် ဆောင်ရွက်ရမည့် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပိုမိုများပြားလာနိုင်သည့်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် သတင်းအချက်အလက်များကို NSSA Web Portal ၌ ထည့်သွင်းဖော်ပြနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် NSSA Web Portal ကို လေ့လာပြီး ကျွမ်းကျင်လုပ်သားဆိုင်ရာ အချက်အလက်များရရှိစေရေး၊ ဆောင်ရွက်နေသည့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ သိရှိနိုင်စေရေး၊ မိမိတို့ လုပ်ငန်းခွင်ရှိ ကျွမ်းကျင်လုပ်သားများကို ကျွမ်းကျင်မှုအဆင့်အလိုက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရရှိအောင် ဆောင်ရွက်စေရေး၊ ကျွမ်းကျင်မှုအဆင့်များ တစ်ဆင့်ထက်တစ်ဆင့် ပိုမိုမြင့်မားလာစေရေး၊ လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ဖန်တီးထားခြင်းဖြစ်ပါကြောင်း။

### ပြည့်ပြည့်စုံစုံ ဖန်တီးတည်ဆောက်ထား

NSSA Web Portal တည်ဆောက်ပုံသည် အချက်အလက်စီမံခန့်ခွဲမှုစနစ်၊ စာရွက်စာတမ်း သိမ်းဆည်းရှာဖွေနိုင်သောစနစ်၊ Certificate များ စိစစ်နိုင်သည့်စနစ်၊ Online လျှောက်လွှာစီမံခန့်ခွဲမှုစနစ်၊ အချက်အလက်များ ဝန်ဆောင်မှုပေးခြင်း၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ၊ သက်မွေးပညာသင်တန်းကျောင်းများ အချက်အလက်များ ထည့်သွင်းနိုင်ခြင်း၊ လမ်းညွှန်မြေပုံ၊ သတင်းများ၊ ဗီဒီယိုများ ထည့်သွင်းနိုင်ခြင်းအင်္ဂါရပ်များနှင့် NSSA Web Portal ကို ပြည့်ပြည့်စုံစုံ ဖန်တီးတည်ဆောက်ထားသည့်အတွက် ဝင်ရောက်လေ့လာကြည့်ရှုသူအတွက် အကျိုးများစေမည်ဖြစ်ပါကြောင်း။

NSSA Web Portal ၏ Phase 2 တွင် NSSA အသိအမှတ်ပြု လက်မှတ်များကို Online မှတစ်ဆင့် လျှောက်ထားနိုင်သည့်စနစ်၊ Test Item Database နှင့် ချိတ်ဆက်ခြင်း၊ အစီရင်ခံစာများ ထုတ်ယူကြည့်ရှုနိုင်သည့်စနစ်၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ Application ပြုလုပ်ခြင်း၊ အသိအမှတ်ပြုလက်မှတ်ရရှိထားသူများ နောက်တစ်ဆင့် ဖြေဆိုနိုင်ရေးသက်ဆိုင်သူများထံသို့ ဖုန်းအသုံးပြုပြီး SMS စနစ်မှ ပေးပို့နိုင်ရေးတို့အတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

NSSA ကော်မတီများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်သူ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ အမြင်သစ်၊ အတွေးသစ် စုံလင်စွာဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ စုပေါင်းညီညာစွာ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်မှုဖြင့် ပေါ်ပေါက်လာသည့် NSSA Web Portal ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန် မြန်မာလုပ်သားထုအား အချိန်နှင့်တစ်ပြေးညီ အကျိုးပြုနိုင်စေရေး ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ GIZ မှ Deputy Head of TVET Project၊ ဒေါ်နိုင်ရီမာ က NSSA Web Portal နှင့် ပတ်သက်ကူညီ ဆောင်ရွက်ပေးမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကော်မတီဝင်များနှင့် Web Portal တည်ဆောက်ပေးသည့် Information Matrix Co., Ltd မှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်အထိမ်းအမှတ် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ အကြိမ်(၂၀)မြောက် သုတေသနညီလာခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အကြိမ် (၂၀)မြောက် သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဤသုတေသန ညီလာခံကြီးကို ဒီဂျစ်တယ်နည်းပညာများ အကျိုးရှိထိရောက်စွာ အသုံးချ၍ ကျင်းပနိုင်ခဲ့ခြင်းဖြင့် ဆရာ ဆရာမများအား သုတေသနဆောင်ရွက်မှု အခွင့်အလမ်းများ ပိုမိုအားပေးနိုင်မည်ဖြစ်ကာ အစိုးရနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတွင် ရေရှည်တည်တံ့ခိုင်မြဲသော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပံ့ပိုးပါကြောင်း၊ မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစ်စေရေးနှင့် လူတိုင်းအကျုံးဝင်ရေးမူဝါဒများနှင့်အညီ အားလုံးပူးပေါင်းပါဝင်လျက် ယခုစာတမ်းဖတ်ပွဲကြီးတွင် ဝန်ကြီးဌာန ခြောက်ခုနှင့် တက္ကသိုလ်၊ ကောလိပ် ၆၁ ခုမှ သုတေသနနယ်ပယ် ၃၂ ခုတွင် စာတမ်းပေါင်း ၁၁၅၀ စောင် တင်သွင်းခဲ့ပါကြောင်း၊ စာတမ်းရှင်များကို လေ့လာကြည့်လျှင် ပါမောက္ခ ၄၇ ဦး (၅ ရာခိုင်နှုန်း)၊ တွဲဖက်ပါမောက္ခ ၁၉၆ ဦး (၂၂ ရာခိုင်နှုန်း)၊ ကထိက ၃၁၉ ဦး (၃၇ ရာခိုင်နှုန်း)၊ လက်ထောက် ကထိက ၁၀၁ ဦး (၁၁ ရာခိုင်နှုန်း)၊ နည်းပြ၊ သရုပ်ပြ ၃၅ ဦး (၄၁ ရာခိုင်နှုန်း) နှင့် အခြား ၁၆၄ ဦး (၁၉ ရာခိုင်နှုန်း) စုစုပေါင်း ၈၆၂ ဦး ပါဝင်တင်သွင်းခဲ့ကြပါကြောင်း။

ယခင်နှစ်များက တင်သွင်းခဲ့သော စာတမ်းအရေအတွက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၇ ခုနှစ်တွင် ၃၀၇ စောင်၊ ၂၀၁၈ ခုနှစ်တွင် ၄၅၅ စောင်၊ ၂၀၁၉ ခုနှစ်တွင် ၉၉၉ စောင်ရှိပြီး ယခု ၂၀၂၀ ပြည့်နှစ်တွင် ၈၆၂ စောင် တင်သွင်းခဲ့ပါကြောင်း၊ အရေးကြီးသည်မှာ သုတေသနစာတမ်း၏ မူရင်းဖြစ်မှုနှင့် အရည်အသွေးရှိမှု၊ အရည်အသွေးရှိသော သုတေသနများ၊ အရည်အသွေးရှိသော သုတေသနဆွေးနွေးပွဲများ၊ သုတေသနဆောင်းပါးများကို အားပေးရန်ဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ တိုင်းရင်းသားဒေသများကို ဦးစားပေးလျက် ပြည်ထောင်စုကြီး၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ကာ တက္ကသိုလ်များ၏ လွတ်လပ်စွာ စီမံခန့်ခွဲမှုလမ်းကြောင်းပေါ်သို့ တက္ကသိုလ်များရောက်ရှိရေးအတွက် တက္ကသိုလ်များ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် သုတေသနစာတမ်းများက အထောက်အကူပြုစေလိုပါကြောင်း၊ ဤစာတမ်းများ ရေးသားတင်သွင်းခြင်းအားဖြင့် စာတမ်းရှင်များအနေဖြင့် မိမိ၏ သုတေသနကို ဆန်းသစ်တီထွင်မှုနှင့် ထိုးထွင်းကြံဆမှုအပြည့်ဖြင့် နိုင်ငံတော်နှင့် တက္ကသိုလ်များ၊ ကျောင်းသားများအတွက် မိမိ၏ တာဝန်ကျေပွန်မှုကို မိမိ၏ သုတေသနလုပ်ငန်းသက်သေဖြင့် ခိုင်မာစွာပြသနိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးအတွက် အကောင်းဆုံးဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကို အပြည့်အဝအသုံးချနိုင်ခဲ့သည်ဟု ယုံကြည်ပါကြောင်း။

### စာတမ်းပေါင်း ၁၆၄၉ စောင် ထွက်ရှိခဲ့

၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ်လအထိ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းပေါင်း ၁၂၇၆၇ စောင်ကို ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ Scimago သုတေသန ဂျာနယ်အဆင့်အတန်းများ သတ်မှတ်ရေးအဖွဲ့၏အဆိုအရ ၁၉၉၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မြန်မာနိုင်ငံ သုတေသနဂျာနယ်စာတမ်းပေါင်း ၁၆၄၉ စောင် ထွက်ရှိခဲ့သည်ဟု ဖော်ပြထားပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ စတင်၍ ပညာရေးဝန်ကြီးဌာနသည် အရည်အသွေးရှိသော ပြည်တွင်းပြည်ပ အသုံးချသုတေသန ပိုမိုပြုစုထုတ်ဝေနိုင်ရေးကို အားပေးခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်း ပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းပေါင်း ၂၂၁၅၇ စောင် ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ Scimago သုတေသန ဂျာနယ် အဆင့်အတန်းသတ်မှတ်ရေးအဖွဲ့၏ အဆိုအရ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံသုတေသနပညာရှင်များက သုတေသနစာတမ်းပေါင်း ၂၁၄၀ စောင်ကို ထုတ်ဝေနိုင်ခဲ့သဖြင့် သုတေသနဂျာနယ်များတွင် ပါဝင်ရေးသားပြုစုခဲ့သော သုတေသနစာတမ်းအရေအတွက် တိုးမြင့်လာခဲ့သည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပါရဂူကျမ်း အကောင်းဆုံး သုတေသနစာတမ်းဆုများ ချီးမြှင့်နိုင်မှုအခြေအနေကို ကြည့်လျှင် ၂၀၁၇ ခုနှစ်တွင် ပါရဂူကျမ်း ၂၅ စောင်အနက် ကိုးစောင်ကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ပါရဂူကျမ်း ၃၄ စောင်အနက် ၁၁ စောင်ကို လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ပါရဂူကျမ်း ၄၆ စောင်အနက် ကိုးစောင်ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပါရဂူကျမ်း ၃၃ စောင်အနက် ၁၀ စောင်ကိုလည်းကောင်း ချီးမြှင့်ခဲ့ပါကြောင်း။



လာအိုနိုင်ငံနှင့် တီမောလက်စ်နိုင်ငံတို့မှအပ အခြားနိုင်ငံအားလုံးသည် မြန်မာနိုင်ငံထက် သုတေသနအရည်အသွေးနှင့် အရေအတွက် သာလွန်နေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံနှင့် BIMSTEC ဒေသတွင်း နိုင်ငံအားလုံးသည် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍ၌ အမြောက်အမြားရင်းနှီးမြှုပ်နှံကြသဖြင့် ကမ္ဘာတွင် သုတေသနအားကောင်းကြပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်နှင့် ကမ္ဘာကြီးအတွက် အကောင်းဆုံးသုတေသနများကို တီထွင်ဆန်းသစ်မှုအပြည့်ဖြင့် ထိရောက်အကျိုးရှိစွာ ပုံဖော်နိုင်ရန်အတွက် စုပေါင်းအင်အားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အသိစိတ်ဓာတ်ဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း၊ သုတေသနသည် တက္ကသိုလ်၏ အသက်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် တက္ကသိုလ်များ၏ လွတ်လပ်သောစီမံခန့်ခွဲနိုင်မှုကို ပံ့ပိုးနိုင်ရေးအတွက် သုတေသနသည် လွန်စွာအရေးကြီးပါကြောင်း။

သို့ဖြစ်ပါ၍ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် တက္ကသိုလ်များ၏ သုတေသနနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍ၌ အမြောက်အမြားရင်းနှီးမြှုပ်နှံကြပါကြောင်း၊ ယေဘုယျအားဖြင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှု၊ ပညာရေးနှင့် အလုပ်အကိုင်ရရှိမှု၊ စက်ရုံအလုပ်ရုံများနှင့် နည်းပညာ လွှဲပြောင်းမှု၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် တက္ကသိုလ်သည် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း။

### သီအိုရီနှင့် လက်တွေ့ပေါင်းစပ်၍

Artificial Intelligence (AI)၊ Robotics၊ Big Data၊ Cloud Computing၊ Internet of Things (IoT) ကဲ့သို့သော Automation Technology သည် လျင်မြန်စွာတိုးတက်လာနေပြီး ဒစ်ဂျစ်တယ် စီးပွားရေး၊ လုပ်သားဈေးကွက်ပြောင်းလဲမှု၊ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနေမှုကြောင့် သီအိုရီနှင့် လက်တွေ့ပေါင်းစပ်၍ သင်ယူလေ့လာရသော အရည်အသွေးရှိသည့် ပညာရေးကို ပိုင်ဆိုင်သည့်ကလေးများ၊ ကျောင်းသားများ၊ ဘဝတစ်သက်တာသင်ယူသူများက သာလျှင် အဆင့်မြင့်ကျွမ်းကျင်မှုတို့ကို အသုံးချလျက် မညီမျှမှုများ ဆိုးဆိုးရွားရွားကြီးထွားလာမှုကို တားဆီးနိုင်မည်ဖြစ်ကာ လူတိုင်းအတွက် သာယာဝပြောသောအနာဂတ်ကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရပ် နယ်ပယ်တစ်ခုနှင့် သက်ဆိုင်သော (Disciplinary)၊ ပညာရပ်နယ်ပယ်တစ်ခုထက်ပိုသော ပေါင်းစပ်သင်ယူမှု (Interdisciplinary) နှင့် တွေးခေါ်မှုကိုအားပေးသော ပညာဗဟုသုတ (Epistemic) တို့နှင့် သက်ဆိုင်သောပညာရပ်နယ်ပယ်များကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ကွန်ပျူတာနှင့် IT နည်းပညာများ၊ ကျွမ်းကျင်မှုသစ်များ၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကိုလည်း မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ ကောင်းသောသဘောထားအမြင်များနှင့် တန်ဖိုးများကိုလည်း ပျိုးထောင်မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ ၂၁ရာစု ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များကို ရရှိစေရန် အဆင့်မြင့်နည်းပညာဖြင့်လေ့လာမှု (High-Tech Learning) နှင့် ထိတွေ့သင်ယူမှု (High-Touch Learning) တို့ကို ပေါင်းစပ်ထားသည့် ပေါင်းစပ်သင်ယူမှု (Blended Learning) ကို ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆန်းသစ်တီထွင်မှုအတွက် ပညာရေးကို နည်းပညာ၊ သက်မွေးပညာရေးနှင့် ချိတ်ဆက်လျက် တက္ကသိုလ်ပညာရေးသို့ ဦးတည်လျှောက်လှမ်း သင်ယူလေ့လာခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်မည် ဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များကို လေ့ကျင့်သင်ယူနိုင်မည် ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းအားလုံးသည် တစ်သက်တာသင်ယူသူများ ဖြစ်လာစေရန် နည်းပညာအသုံးပြု၍ လေ့လာသင်ယူသွားရမည် ဖြစ်ပါကြောင်း၊ ကျောင်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရန် တန်ဖိုးထားမှုနှင့် ကမ္ဘာ့လူသားကောင်းများ မွေးထုတ်ပေးရန် အရေးကြီးပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းလာ၍ ကျွမ်းကျင်မှုလိုအပ်သော အလုပ်အကိုင်သစ်များ ပေါ်ထွက်လာပါကြောင်း၊ သို့ဖြစ်၍ အနာဂတ်အလုပ်အကိုင်ကောင်းများ ရရှိရေးအတွက် ဆန်းသစ်တီထွင်သည့် သင်ကြားသင်ယူမှုနည်းလမ်း၊ ဆန်းသစ်သည့်စွမ်းရည်များ၊ ကျွမ်းကျင်မှုများ၊ သဘောထားအမြင်များနှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ ၂၁ ရာစု ကျွမ်းကျင်မှုများကို လေ့ကျင့်ပျိုးထောင်ကာ လူတိုင်းစာတတ်မြောက်ရေး၊ အခြေခံသင်္ချာတတ်မြောက်ရေး၊ သိပ္ပံနှင့် အိုင်စီတီတတ်ကျွမ်းရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့နီတိ စသည့်အခြေခံတတ်မြောက်မှုများကို ဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်း၊ စစ်ဆေးအကဲဖြတ်မှုသည်လည်း ကျွမ်းကျင်မှုနှင့် စွမ်းရည်များ ပြည့်ဝစေရန်၊ အထောက်အကူကောင်းဖြစ်စေရန် လိုအပ်ပါကြောင်း။

သို့ရာတွင် သင်ယူတတ်မြောက်ရေးအတွက် အောင်မြင်စွာမဆောင်ရွက်နိုင်ပါက သင်ယူလိုစိတ်ကို ဖျက်ဆီးတတ်သည်ကို အထူးသတိပြုရန် အရေးကြီးပါကြောင်း၊ သုတေသနနှင့် နည်းပညာလွှဲပြောင်းမှုကို မြှင့်တင်ရန်အတွက် ကျောင်းများနှင့် စက်ရုံအလုပ်ရုံများ မိတ်ဖက်ဖွဲ့စည်းခြင်း (Schools and Industry Partnership – SIP) ကို အကောင်အထည်ဖော်ရန် ဖြစ်ပါကြောင်း၊ ကုန်သည်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် နီးကပ်စွာပူးပေါင်းလျက် ၂၁ ရာစု ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များရရှိစေမည့် သင်ရိုးညွှန်းတမ်းများကိုအသုံးပြု၍ သင်ကြားသင်ယူကာ အသုံးချသုတေသနကို အားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အရည်အသွေးအာမခံမှု (Quality Assurance) အတွက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (National Accreditation and Quality Assurance Committee – NAQAC) က ပြင်ပအကဲဖြတ်အဖွဲ့အဖြစ် ဆောင်ရွက်ကာ ပြန်လည်သုံးသပ်အကဲဖြတ်ခြင်းနှင့် အမျိုးသားပညာရေးအဆင့်အတန်းသတ်မှတ်ခြင်းကို ဆောင်ရွက်ပေးရန်နှင့် ဖွဲ့စည်းပုံ၊ ပညာရပ်နယ်ပယ်နှင့် ဘဏ္ဍာငွေသုံးစွဲမှု၊ လူသားအရင်းအမြစ်များအား အရည်အသွေးမြှင့်တင်မှုတို့တွင် လွတ်လပ်စွာကိုယ်ပိုင်စီမံခန့်ခွဲခွင့်ကို တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ အားပေးဆောင်ရွက်ရန် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) တွင် ထည့်သွင်းထားပါကြောင်း၊ အရည်အသွေးရှိသော စီးပွားရေးစနစ်၊ ဘဏ်လုပ်ငန်းစနစ်၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့တွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် အမြင့်ဆုံးအကျိုးအမြတ်ရရှိစေနိုင်ရန်အတွက် တက္ကသိုလ်သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို အားပေးဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အကြိမ် (၂၀) မြောက် သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ သုတေသနပညာရှင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အလှူငွေနှင့် ဆန်များ ထောက်ပံ့လှူဒါန်း

**ပုသိမ် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် အလှူငွေနှင့် ဆန်များ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။ **(ယာပုံ)**

လှူဒါန်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်ဇနီး ဒေါ်ခင်နှင်းညို မိသားစုက စေတနာ့ဝန်ထမ်း ၁၃ ဦး၏ အထွေထွေအသုံးစရိတ်အဖြစ် ငွေကျပ် ၁၃ သိန်းနှင့် ဖျားနာကုဆေးခန်းတွင်အသုံးပြုရန် ငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီး နယ်စပ်ပူးပေါင်းစစ်ဆေးရေး ဂိတ်များဖြစ်သည့် ညောင်တုန်း (မဲဇလီဂိတ်)၊ မအူပင်(ခတ္တိယဂိတ်)၊ ဒေးဒရဲ ကြံခင်း(အုတ်ပုံဂိတ်)၊ ရေကြည် (ရေနံ့သာဂိတ်)၊ ဧရာတ်ကောင်း တောင်ဂိတ်နှင့် ချောင်းဝဂိတ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၆၀၊ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရာ၌ ရောဂါကူးစက်ခံရသည့် ကျန်းမာရေး ဝန်ထမ်း ၄၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၄၇ သိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး၊ လုပ်ငန်းများအတွက် ကိုရီးယားဆန် ၁၄၆ တန်တို့အား အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

**ကိုထွတ်(ပြန်/ဆက်)**



# ပြည်သူသာလျှင် အဓိက

## ရခိုင်ပြည်နယ် ကျောက်တစ်လုံး IDP စခန်းတွင် နေထိုင်သူများအား ပြန်လည်နေရာချထားရေးနှင့် စခန်းပိတ်သိမ်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်းတွင် နေထိုင်သူများအား ပြန်လည်နေရာချထားရေးနှင့် စခန်းပိတ်သိမ်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်း တွင် Virtual Meeting စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် IDP စခန်းကိုယ်စားလှယ်များ Online မှ တက်ရောက်ကြသည်။



### အစဉ်တစိုက်ကြိုးစားဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်ကြိုးစား ဆောင်ရွက်နေပါကြောင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာများနှင့်အညီ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ဒေသခံလူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေကြပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာသည် ပြည်တွင်း၊ ပြည်ပ သဘောတူညီချက်ရရှိထားပြီး တစ်နိုင်ငံလုံးအတွက် ချမှတ်ထားသော မဟာဗျူဟာဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် သာမက ကချင်၊ ကရင်၊ ချင်းနှင့် ရှမ်းပြည်နယ်တို့ရှိ ပြည်တွင်းနေရပ်စွန့်ခွာရသူများ ပြန်လည်နေရာ ချထားနိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ မဟာဗျူဟာအရ လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် နိုင်ငံတကာပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း။

လက်ရှိတွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူ ရမ်းဗြဲ၊ ကျောက်တော်၊ ပေါက်တောနှင့် မြေပုံမြို့နယ် ငါးမြို့နယ်မှ ကညင်တော၊ ကျောက်နီမော် (ကမန်)၊ နိဒင်၊ မင်းသာဖ၊ တောင်ပေါ် စသော စခန်း ငါးခုမှ လူဦးရေ ၄၆၈၆ ဦးကို ပြန်လည်နေရာချထားပေးပြီး စခန်းများပိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ ကျောက်ဖြူမြို့နယ်၊ ကျောက်တစ်လုံး IDP စခန်းနှင့် ပတ်သက်၍ လိုအပ်သည့် စီမံချက်ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့်လည်း ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအရ ပြည်နယ်အဆင့်ကော်မတီကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျောက်တစ်လုံး IDP စခန်း ပိတ်သိမ်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ ပြည်နယ်အစိုးရတို့က စခန်းနေ နေရပ်စွန့်ခွာရသူများနှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ဆောင်ရွက် ခဲ့ပါကြောင်း၊ UEHRD က ကိုယ်စားလှယ်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန တာဝန်ရှိသူများကလည်း ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပါကြောင်း။

### တစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရ

COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားချိန်တွင်လည်း တစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရမူဖြင့် နေရပ်စွန့်ခွာသူများအတွက် ဦးစားပေးစဉ်းစားခဲ့ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အထူးစီမံချက် ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲ MCCT အစီအစဉ်အရ စခန်းများရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ မွေးဖွားသော နှစ်နှစ်အောက် ကလေးငယ်များအား ထပ်ဆောင်း ထောက်ပံ့ခဲ့ပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကလည်း CERP အစီအစဉ်အရ IDP စခန်းများတွင် အိမ်ထောင်စု တစ်စုကို တစ်ကြိမ်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ခဲ့ပါကြောင်း၊ ဆက်လက်၍ နိုင်ငံတကာ အလှူရှင်များ၏ ထောက်ပံ့မည့် အစီအစဉ်များကိုလည်း ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ စခန်းနေ နေရပ်စွန့်ခွာသူများအနေဖြင့် မဟုတ်မမှန် အထင်အမြင်လွဲမှားနိုင်သည့် ကောလာဟလသတင်းများ၊ သွေးထိုးနှောင့်ယှက်မှုများကို နားယောင်နေပါက လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးခက်ခဲနိုင်ပါကြောင်း၊ စခန်းနေ နေရပ်စွန့်ခွာသူများ၏ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများရှိရန် အရေးကြီးပါကြောင်း၊ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးအတွက် လက်ရှိ ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

### ဦးစားပေးဆောင်ရွက်

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်းရှိ လက်ရှိ အခြေ အနေများနှင့် IDP စခန်း ပိတ်သိမ်းရေးဆောင်ရွက်ရာတွင် စခန်းနေ နေရပ်စွန့်ခွာသူများ၏ သဘောဆန္ဒများကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ ဒေသခံလူမှုအသိုက်အဝန်းက လက်ခံနိုင်ရန်လည်းလိုအပ်သဖြင့် အကြိမ်ကြိမ်ဆွေးနွေးမှုများ အချိန်ယူပြုလုပ်ခဲ့ပြီး ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ စခန်းပိတ်သိမ်းရေးကြိုးပမ်းမှုနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြေယာကိစ္စများ ဖြေရှင်းဆောင်ရွက်ပြီးပါက ပြန်လည်နေရာချထားမည့် နေရာပတ်ဝန်းကျင်တွင် အဝေးပြေးယာဉ်ရပ်နားစခန်းတစ်ခု တည်ဆောက်ရေးနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ယခုအချိန် တွင် COVID-19 ရောဂါ ဖြစ်ပွားနေမှုကြောင့် လုပ်ငန်းကြန့်ကြာမှုများ တွေ့ရှိနေရကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ပြန်လည်နေရာချထားရေးအတွက် ကွင်းဆင်း ညှိနှိုင်းဆောင်ရွက်မှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျောက်တစ်လုံး IDP စခန်းရှိ နေရပ်စွန့်ခွာသူကိုယ်စားလှယ်များက ၎င်းတို့၏အခက်အခဲများ၊ ပြန်လည်နေရာချထားရေးအတွက် ဆန္ဒသဘောထားများကို ထုတ်ဖော်ဆွေးနွေးခဲ့ကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အမြဲတမ်းအတွင်းဝန်တို့က မဟာဗျူဟာပါ လုပ်ငန်းစီမံချက်များသည် ဒေသအလိုက်၊ စခန်းများအလိုက် လိုအပ်ချက်အရ ဆောင်ရွက်ရသည်ဖြစ်၍ ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDP စခန်း၏ လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ပြီး ညှိနှိုင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ စခန်းရှိ နေရပ်စွန့်ခွာသူများဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကြသည်။

### ကြိုးစားညှိနှိုင်းကြရန် လိုအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ကြခြင်းသည် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် မဟာဗျူဟာ အရ ပြန်လည်နေရာချထားရေး၊ စခန်းပိတ်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပူးတွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို ထည့်သွင်းစဉ်းစား ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဆွေးနွေးသူများက မိမိတို့၏ ယူဆချက်များကို တရားသေစွဲကိုင်ထားခြင်းမရှိဘဲ အပြုသဘောဆောင်သည့် ဘုံသဘောတူညီချက် တစ်ခုရရှိရန် ကြိုးစားညှိနှိုင်းကြရန် လိုအပ်ကြောင်း၊ ယခုလုပ်ငန်းစဉ်သည် ချက်ချင်းပြီးစီးအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ခက်ခဲသော်လည်း မိမိတို့ရည်မှန်းထားသည့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို စဉ်ဆက်မပြတ် ဦးစားပေးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရ၏ သဘောထားအမှန်၊ စာနာနားလည်မှု၊ စနစ်တကျ ရေရှည်တည်တံ့မည့် ပူးပေါင်းစီမံ ဆောင်ရွက်မှုများဖြင့် အမျိုးသားအဆင့် မဟာဗျူဟာနှင့် ညီညွတ်သော ကျောက်တစ်လုံး IDP စခန်း ပြန်လည်နေရာချထားရေးနှင့် ပိတ်သိမ်းရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်းနှင့် အချိန်ယူ၍ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

✤ *ရှေ့ဖုံးမှ*

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာ သင်္ဘောသားများအား ပြန်လည် ခေါ်ဆောင်ရန် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟို ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရှမ်းပြည်နယ်ရှိ ငွေစုငွေချေးသမဝါယမအသင်းများက ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားများသို့ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကိုဗစ်–၁၉ ရောဂါကာလအတွင်း အသင်းသားများ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိရာ ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသား ၁၂၂ ဦးအတွက် ငွေကျပ် ၁၈၅ သိန်း ပေးအပ်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမ အသင်းမှလည်း ဒုတိယအကြိမ်အဖြစ် အသင်းသား ၁၀၉၁ ဦးသို့ စားသောက်ကုန်တန်ဖိုး ငွေကျပ် ၆၀၅၀၀၀၀ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



---

**ထူးခြားသည့် ညအပူချိန်များ**

**နေပြည်တော် ဒီဇင်ဘာ ၂၁** – ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (–၁)ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၃ ဒီဂရီ စင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မင်းတပ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# (၈၂) နှစ်မြောက် ဗိုလ်အောင်ကျော်အလွမ်း

ဒလဘန်း

ရန်ကုန်တက္ကသိုလ်ကြီး နှစ် (၁၀၀) ပြည့်ကို ဝမ်းမြောက်ဂုဏ်ယူကာ တက္ကသိုလ်ကြီးနှင့် ဆိုင်ရာ ဆောင်းပါးများကို သတင်းစာများမှာ နေ့စဉ်တွေ့မြင်ဖတ်ရှုနေရပါသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့ကား ဗြိတိသျှအစိုးရအုပ်ချုပ်မှုအောက်နေရသည့် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ ဂျပ်ဆင်ကောလိပ်(ယုဒသန်ကောလိပ်)နှင့် ယူနီဘာစီတီကောလိပ် (တက္ကသိုလ်ကျောင်းတိုက်)တို့ ကာလကတ္တားတက္ကသိုလ်၏ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ကာ ရန်ကုန်တက္ကသိုလ်၏ အုပ်ချုပ်မှုလက်အောက်သို့ တပေါင်းတစည်းတည်းရောက်ခဲ့ကြသည့်နေ့ ဖြစ်ပေသည်။ မြန်မာ့ပညာရေးကို မြန်မာတို့ စီမံခန့်ခွဲခွင့် အထိုက်အလျောက်ရခဲ့သည့်နေ့ ဖြစ်သည်။

**တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးသွားခဲ့သော ကိုအောင်ကျော်**

ဤဒီဇင်ဘာလတွင် မြန်မာ့နိုင်ငံရေး၊ မြန်မာ့လွတ်လပ်ရေးနှင့် ပညာရေးလောကအတွက် အမှတ်ရဖွယ် ဖြစ်ရပ်ကြီးတစ်ခု ပေါ်ပေါက်ခဲ့သည့် နေ့ကြီးတစ်နေ့ ရှိခဲ့ပေသေးသည်။ လွန်ခဲ့သော (၈၂) နှစ် ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ (၂၂) ရက်နေ့၌ ကျောင်းသားခေါင်းဆောင် ယုဒသန်ကောလိပ်မှ ကိုအောင်ကျော်သည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်နှင့်လဲသွားခဲ့သည်။

ယင်းသို့ ဝမ်းနည်းဖွယ်၊ တုန်လှုပ်ချောက်ချားဖွယ်သတင်းကြီးကို သူငယ်ချင်းဖြစ်သူ ဦးသန့်တင်က စာရေးအကြောင်းကြား၍ အဘသိခွင့်ရခဲ့သည်။ အချိန်ကား အဘ အောက်စဖို့ဒ်တက္ကသိုလ် ပညာတော်သင်အဖြစ် ဘိလပ်သို့ ၁၉၃၆ ခုနှစ်ကုန်ပိုင်းလောက်ကတည်းက ရောက်ရှိနေကာ (၂) နှစ်အကြာ စာပေပညာဘွဲ့ (B.Litt) အတွက် စာတမ်းပြုစုပြီး၊ ကြီးကြပ်အုပ်ချုပ်သူ G.E. Harvey (History of Burma ရေးသားသူ) ထံတင်ပြခဲ့ပြီး၊ လန်ဒန်အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်များ လေ့လာရေးကျောင်း (SOAS) ၌ အဘိဓာန်ပြုစုသည့်နည်းပညာ (Lexicography) ကို J.A. Stewart (Burmese-English Dictionary ပြုစုသူ) ထံမှ သင်ယူနေသည့် ကာလဖြစ်သည်။

ဦးလေးဦးသန့်တင်စာကား (၆) မျက်နှာပါ စာရှည်ကြီး။ ဒီဇင်ဘာလ (၂၀) ရက်နေ့စရေးကာ (၂၄) ရက်နေ့ကျမှ မင်နီဖြင့်ရေးထားသော P.S. (Post Script) ဖြင့် အဆုံးသတ်ထားသည်။

P.S. ၂၄-၁၂-၃၈

၂၀ ရက်နေ့က - အရိုက်ခံရသော ယုဒသန်ကောလိပ်ကျောင်းသား

ကိုအောင်ကျော် - သေဆုံးသွားပြီ။ ၂၂ ရက်နေ့မှာသေသည်။

တို့လွတ်လပ်မှုကို - (သူ-အစ-ပထမကျောင်းသားထဲက) - အသက်နှင့်လဲသွားသူ တည်း။

ကိုအောင်ကျော်တဲ့။ တောသား။ - မယ်ဇလီကုန်း - နားက - ရုံးဇင်ရွာက - သေပြီ။

မေတ္တာသာပို့ပေတော့ ---

သန့်တင်

မျက်ရည်လည်၍ ရေးလိုက်သည်ဆိုသော သူငယ်ချင်း၏စာနှင့် ကိုအောင်ကျော် သတင်းကြောင့် အဘ ရပ်ဝေးကမည်မျှ ဝမ်းနည်းရှာမည်ကို ခန့်မှန်းကြည့်မိသည်။

ကျောင်းသား ကျောင်းသူများကို အဘ သံယောဇဉ်ကြီးသည်။ ၁၉၃၆ ခုနှစ် အဘ ပညာသင် မထွက်ခွာမီ၊ ဒုတိယအကြိမ် တက္ကသိုလ်ကျောင်းသားများ သပိတ်ကြီးဖြစ်သည်။ ကျောင်းသားထု၊ ရွှေတိဂုံကုန်းတော်ပေါ်မှာ သပိတ်စခန်း ဖွင့်ကြသည်။ ကျောင်းသားများ ပင်ပန်းဆင်းရဲရှိနေကြမည်ကို တွေးမိသော ကျောင်းဆရာတစ်ယောက်အနေဖြင့် မနေသာ။ ၁၉၃၈ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် ကျောင်းသားများ သပိတ်စခန်းရှိရာသို့ သူ၏ဆရာ ဦးသိန်းဟန်(ဇော်ဂျီ/ဘကြီးဇော်)နှင့် ရောက်သွားကြသည်။ သပိတ်စခန်းမှ ကျောင်းသားများကို တွေ့ဆုံပြီး ဆရာတပည့် နှစ်ဦး အားပေးစကားပြောကြသည်။ မှတ်မှတ်ရရ မန္တလေးက ကျောင်းလာတက်နေသည့် မအမာ( လူထုဒေါ်အမာ) က အော်တိုရေးခိုင်း၍ ရေးပေးခဲ့ကြရသေးသည်။

**ကိုအောင်ကျော်သို့ ဂုဏ်ပြုကဗျာ**

ကိုအောင်ကျော်ဆုံးပါးသည့် သတင်းရသည်နှင့် အဘသည် သူ၏ ဝမ်းနည်းခံစားချက်ဖြင့် ကိုအောင်ကျော်သို့ ဂုဏ်ပြုသော ဖော်ပြပါ "ဗိုလ်အောင်ကျော် နတ်သံ" ကဗျာကို ရေးဖွဲ့သည်။ နဂါးနီစာအုပ်တိုက်သို့ပို့သည်။ ထိုကဗျာကို အိုးဝေမဂ္ဂဇင်းက ၁၉၄၀ ပြည့်နှစ် တပေါင်းလ(မတ်လ) ထုတ် အတွဲ (၈) အမှတ် (၁) စာစောင်တွင် ထပ်ဆင့်ဖော်ပြခဲ့သည်။ တစ်ဖန် ရန်ကုန်တက္ကသိုလ်နှစ် (၅၀) ပြည့် (၁၉၂၀ - ၁၉၇၀) စာစောင်ကလည်း ကိုအောင်ကျော်ကို ဂုဏ်ပြုဆက်လက်ဖော်ပြခဲ့သည်။

ကိုအောင်ကျော်ကို ဟင်္သာတခရိုင်၊ မဲဇလီကုန်းမြို့၊ ရုံးဇင်ရွာတွင်၊ ဦးကျော်ထင်၊ ဒေါ်ရွှေကျော့ မိဘနှစ်ပါးက ၁၉၁၆ ခုနှစ် ဖေဖော်ဝါရီလ (၂၇) ရက်နေ့၌ မွေးဖွားခဲ့သည်။ မွေးချင်း (၁၁) ယောက်အနက် (၈) ယောက်မြောက်ဖြစ်သည်။ ဖခင်မှာ မူလတန်းကျောင်းဆရာကြီးဖြစ်သည်။ ဖခင်ကြီး၏ကျောင်း၌ ခြောက်တန်းအထိ ပညာသင်ယူခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ဆယ်တန်းအောင်ပြီး ၁၉၃၄-၃၅ ပညာသင်နှစ်မှစ၍ ယုဒသန်ကောလိပ် ကျောင်းသားဖြစ်လာသည်။ ကိုအောင်ကျော် တက္ကသိုလ်စရောက်ချိန် ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) က ယူနီဘာစီတီကောလိပ် (တက္ကသိုလ်ကျောင်းတိုက်)၌ နှစ်ကြီးကျောင်းသားကြီး ဖြစ်နေလေပြီ။ အဘက ပဲခူးဆောင် အဆောင်နည်းပြတာဝန်ကို ယူထားပြီး ယူနီဘာစီတီကောလိပ် (တက္ကသိုလ်ကျောင်းတိုက်) အရှေ့ပိုင်းပညာရပ် ဌာန၌ အချိန်ပိုင်းနည်းပြဆရာ လုပ်ရင်း မဟာဝိဇ္ဇာ အချိန်ပိုင်းတက်ရောက်နေသည့် ကာလဖြစ်သည်။ အနောက်တိုင်းဆန်သူများကို မျက်စိနောက်သည့် ကိုအောင်ကျော်သည် ခုံဖိနပ်စီး၊ ပင်နီတိုက်ပုံဝတ်၊ ကတုံးဆံတောက်ညှပ်၊ ဘုကျကျ၊ ခွကျကျ နေခဲ့သူဖြစ်သည်။

၁၉၃၈ ခုနှစ် ဇန်နဝါရီလ (၈) ရက်နေ့တွင် ချောက်ရေနံမြေတွင် ရေနံမြေလုပ်သားတို့ သပိတ်စတင်ခဲ့ပြီး ပြေလည်မှုမရရှိသောကြောင့် (၁၁) လခန့်အကြာ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ရေနံလုပ်သားထုကြီး ရန်ကုန်သို့ ချီတက်လာကြသည်။ ဒီဇင်ဘာလ (၄) ရက်နေ့တွင် မကွေးသို့ ရောက်ရှိတပ်စခန်းချသည်။ အလုပ်သမားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးတရားပွဲများလုပ်ရန်၊ တက္ကသိုလ်ကျောင်းသားခေါင်းဆောင်များ မကွေးသို့ ရောက်ရှိကြသည်။ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုဘဟိန်းနှင့် အတွင်းရေးမှူး ကိုဗဆွေတို့ အဖမ်းခံရသည်။ နိုဝင်ဘာလ (၄) ရက်နေ့ကမှ နိုင်ငံရေးဇောက်ချလုပ်ရန် သမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း တို့ဗမာအစည်းအရုံးသို့ ခြေစုံပစ်ဝင်သွား၍ ကိုအောင်ဆန်းအရိုက်အရာကို ကိုဘဟိန်းက ဆက်ခံရယူခါစ ကာလဖြစ်သည်။

ခေါင်းဆောင်များ အဖမ်းခံရသည့် သတင်းရ၍ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၌ အစည်းအဝေးလုပ်ကြသည်။ တက္ကသိုလ် ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးထားခြင်းမှ လွှတ်ပေးရန်၊ ပုဒ်မ ၁၄၄ ကို ရုပ်သိမ်းပေးရန် တောင်းဆိုကြသည်။ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် မြို့မကျောင်းဝင်းကြီးအတွင်း၌ ကျောင်းပေါင်းစုံမှ ကျောင်းသားများစုဝေးကြပြီး ပုဒ်မ ၁၄၄ ကို ဖီဆန်ကာ ကန့်ကွက်ဆန္ဒပြ၊ စီတန်းလမ်းလျှောက်ကြသည်။ အစိုးရဘက်မှ တစ်စုံတစ်ရာ တုံ့ပြန်မှု မရရှိကြပေ။ ထို့ကြောင့် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတွင်းဝန်ရုံးကြီးသို့ ချီတက်ကြသည်။ ကျောင်းသားထုက အတွင်းဝန်ရုံးကြီးကို

*စာမျက်နှာ ၇ သို့*




ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်။



ဦးသန့်တင်မှ အောက်စဖို့ဒ်တက္ကသိုလ်ရောက် သူငယ်ချင်း မင်းသုဝဏ်ထံ ပေးခဲ့သော မင်နီဖြင့် ရေးသားထားသည့် နောက်ဆုံးစာမျက်နှာ။

**"တိုင်းပြည်အတွက် အသက်ပေးသွားသူ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ကို ဂုဏ်ပြုစပ်ဆိုသော ကဗျာခေါင်းစဉ်မှာ "ဗိုလ်အောင်ကျော် နတ်သံ" ဟူ၍ အဘက တလေးတစား ရည်ညွှန်းခဲ့သည်။ ဗြိတိသျှ အစိုးရက ဒုတိယကမ္ဘာစစ်အတွင်း အမှုထမ်းခဲ့သည့် သူတို့၏ ဘုရင့်ရေတပ်မတော် ကွန်မန်ဒို William Sparks ကို အစွဲပြု၍ ဂုဏ်ယူကာ အမည်ပေးခဲ့သော ရန်ကုန်မြို့ စပတ်(စ်) လမ်းကို မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်း ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်အား ဂုဏ်ပြုကာ ဗိုလ်အောင်ကျော်လမ်းဟူ၍ ပြောင်းလဲခေါ်တွင်စေခဲ့သည်"**

# ဗိုလ်အောင်ကျော်နတ်သံ

စာအုပ်ကယ်မှ ဏလောင်လေ..........
သိပ္ပံအပေါင်း၊ ဝိဇ္ဇာအောင်းသည့်၊
ကျောင်းမျှော့ခေါင်က
ဗိုလ်အောင်ငယ်မှ မည်တင့်
ကျော်တဆင့်နှင့်၊ မင်းမင့်နောင်ညီ။
ငါ.....ဇာနည်ကို၊ လာပြီကြိုကြ။
သပြေပန်းနှင့်ရေချမ်းဆောင်ကာ
အောင်စည်စလေး။
နှစ်မငယ်ဖြူဖြူ။
ပညာစီးပွား၊ စွမ်းအင်အားနှင့်
အင်းလျားသူတို့
ငါမူအစ၊ ရှေးဘဝက
နှစ်မတို့နှယ်
ပျော်ပျော်ပါးပါး၊ ဟိုသည်သွားလို့
ကြွားခဲ့တယ်။ ။
နောက်ဝယ်သောခါ။
ငါ့မိငါ့ဘ၊ ကျွန်ဘဝကို
မြင်ရမလျော်၊ စိတ်မပျော်၍
ရဲဘော်အများ၊ သစ္စာအားနှင့်
ကြိုးစားရာတွင်၊ ကြံမှာငါ့ကံ။
တလူ့ဘဝ၊ ရူမလှအောင်
ငါ့ကိုယ်ခံ၍၊ ရန်သူလက်နက်
ဆံတိုဆံတောင်း၊ ဘာမဆောင်းသည့်
ငါ့ခေါင်းထက်မှာ၊ ဆက်ကာဆက်ကာ
ဝင်းငင်းလျှံတောက်၊ မှုးမော်နောက်အောင်
ကျရောက်လှသော်၊ ငါ့မှာမချိ
ဘုရားကယ်ပါ၊ အော်မြည်ပါလည်း
ကွာသတိနှင့်၊ ငါမိရင်ခွင်၊
ဤမြေပြင်တွင်၊ ငါလျှင်လဲ၍၊
အောင်ပွဲခံသည်။ နိုင်ငံသာကြောင်း
ငါဆုတောင်းမည်၊ သောင်းသိန်းသန်းကျော်
တို့ရဲဘော်တို့။ ။
မင်းသုဝဏ်။

ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်အား ဂုဏ်ပြုရေးဖွဲ့ခဲ့သော ကဗျာ။





ဦးသန့်တင်မှ အောက်စဖို့ဒ်တက္ကသိုလ်ရောက် သူငယ်ချင်း မင်းသုဝဏ်ထံ ပေးခဲ့သော ပေးစာ။

*စာမျက်နှာ ၆ မှ*
ဝိုင်းဝန်းဆန္ဒပြ ပိတ်ဆို့ထားကြရာ နောက်ဆုံးတွင် အတွင်းဝန်ရုံးကြီးကို ပိတ်လိုက်ရသည်။

အတွင်းဝန်ရုံးကြီး ပိတ်လိုက်၍ ကျောင်းသားထု တပ်ခေါက်ကာ ပြန်ရန်စီစဉ်နေခိုက် ဗြိတိသျှအစိုးရလက်အောက်ခံ ပုလိပ်များက ကျောင်းသားထုအတွင်း အတင်းဝင်ရောက်ပြီး ၎င်းတို့၏ လက်ကိုင်တုတ်များဖြင့် အကြမ်းဖက် ရိုက်နှက်ကြတော့သည်။ ဆန္ဒပြကျောင်းသားထဲမှ အယောက် (၂၀၀) ခန့် ဒဏ်ရာရရှိခဲ့ကြသည့်အထဲ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုအောင်ကျော်လည်း ပါဝင်ခဲ့သည်။ ဒဏ်ရာရသူများကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြရာ ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သော ကိုအောင်ကျော်သည် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ဆုံးရှုံးခဲ့ရသည်။

ကျောင်းသားထု၏ တောင်းဆိုမှုအရ ကိုအောင်ကျော်၏ ရုပ်အလောင်းကို (၇) ရက်မျှထားပြီး ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း (၈) ရက်၊ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကြံတောသုသာန်၌ နိုင်ငံရေးခေါင်းဆောင် ဦးထွန်းရှိန်ဂူနှင့် ယှဉ်တွဲလျက် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

တိုင်းပြည်အတွက် အသက်ပေးသွားသူ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်ကို ဂုဏ်ပြုစပ်ဆိုသော ကဗျာခေါင်းစဉ်မှာ "ဗိုလ်အောင်ကျော် နတ်သံ" ဟူ၍ အဘက တလေးတစား ရည်ညွှန်းခဲ့သည်။ ဗြိတိသျှအစိုးရက ဒုတိယကမ္ဘာစစ်အတွင်း အမှုထမ်းခဲ့သည့် သူတို့၏ ဘုရင့်ရေတပ်မတော် ကွန်မန်ဒို William Sparks ကို အစွဲပြု ဂုဏ်ယူကာ အမည်ပေးခဲ့သော ရန်ကုန်မြို့ စပတ်(စ်) လမ်းကို မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်အား ဂုဏ်ပြုကာ ဗိုလ်အောင်ကျော်လမ်းဟူ၍ ပြောင်းလဲခေါ်တွင်စေခဲ့သည်။

## ၁၉၃၈ ခုနှစ်ကာလ နိုင်ငံရေးအခြေအနေ

နိဂုံးချုပ်အနေဖြင့် ဤနေရာတွင် ဦးလေးသန့်တင် ရေးခဲ့သောစာမှ မှတ်သားအတုယူဖွယ်၊ စိတ်ဝင်စားဖွယ် အရာတစ်ခုကို ထုတ်နုတ် ဖော်ပြလိုပါသည်။

၁၉၃၈ ခု နှစ်လယ်ပိုင်းလောက်တွင် မြန်မာ နိုင်ငံ၌ လူမျိုးရေး အဓိကရုဏ်းကြီး တစ်ခု ဖြစ်ပွားခဲ့သည်။ ပြည်တွင်းငြိမ်သက်ရေးအတွက် ဗြိတိသျှအစိုးရက ကြိုးပမ်းနေသည့်ကာလဖြစ်သည်။ ငြိမ်သက်မှု အတော်အသင့် ပြန်လည်ရရှိခါစ နှစ်လခန့်အကြာ ရေနံမြေမှ ချီတက်လာသည့် သပိတ်တပ်ကြီး ရန်ကုန်မရောက်အောင် ကြိုးစားကြသည်။

ထိုအချိန် ဦးလေးသန့်တင်က ရွှေဘိုမှာ ကျောင်းဆရာကြီးဖြစ်ပြီး ရွှေဘိုမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် ကာလဖြစ်သည်။ ရွှေဘို ကျောင်းသားများက သပိတ်ကြီးကို အားပေးကာ သပိတ်မှောက်တော့မည့် အခြေအနေရောက်၍ ကျောင်းများ ပိတ်လိုက်ရသည်။ ကျောင်းသားများ အာဏာဖီဆန်၊ စီတန်းဆန္ဒပြကြလျှင် ပုဒ်မ ၁၄၄ နှင့် ထိပ်တိုက်တိုးကာ ဒုက္ခရောက်ကြတော့မည်။ ပုဒ်မ ၁၄၄ ကို အခြေအနေအရ ထုတ်ပြန်ရသူက ဦးလေးသန့်တင်နှင့် အဘတို့၏ စာပေနောင်တော်ကြီး၊ မြို့ပိုင် ICS ဦးစိန်တင် (ကိုဝ/သိပ္ပံမောင်ဝ) ဖြစ်နေသည်။ ကျောင်းသားများကို ထိန်းထိန်းသိမ်းသိမ်းရှိရေး တာဝန်ရှိနေသူက ကျောင်းဆရာကြီး ဦးသန့်တင်။ တကယ်တော့ ဦးသန့်တင်က သူကိုယ်တိုင် အမျိုးသားရေးဆန္ဒပြပွဲများကို စိတ်ဝင်စားအားပေးခဲ့သူ၊ သပိတ်မှောက်လျှင် ပါဝင်ခဲ့သူ၊ ဗြိတိသျှလက်အောက်တွင် မနေလို၊ တိုင်းပြည်လွတ်လပ်ရေးကို လိုလားသူတစ်ဦးမို့ ကျောင်းသားများ၏ ခံစားမှုကို နားလည်သည်။ သို့သော်ငြားလည်း ကျောင်းဆရာတစ်ဦးအနေဖြင့် တပည့် ကျောင်းသားများ ရင်ဆိုင်ရမည့်အန္တရာယ်၊ ကျောင်းသားများ ဘေးကင်းရေးက အဓိက ဖြစ်သည်။ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသူ နိုင်ငံ့ဝန်ထမ်း၊ သူငယ်ချင်းမြို့ပိုင်ကတစ်ဖက်၊ ကျန်တစ်ဖက်က ချုပ်ချယ်မှု မလိုလား၊ အာဏာဖီဆန်ရန်တာစူနေကြသည့် သူချစ်သော၊ စာနာသော ကျောင်းသားများ။ **ချစ်သူနှစ်ဦးကြား၊ ဗျာများနေရသူကတော့ ကျောင်းဆရာကြီး ဦးသန့်တင်။**

နောက်ဆုံးတော့ တက္ကသိုလ်တစ်ကျောင်းတည်းက ထွက်လာခဲ့ကြသည့် ညီတော်၊ နောင်တော်နှစ်ဦး၊ အခြေအနေအရ ကျရာတာဝန်ကို ထမ်းနေရသော်လည်း ကျောင်းသားများကိုချစ်ပြီး တိုင်းပြည်လွတ်လပ်ရေးကို လိုကြသူနှစ်ဦးတို့ ခေါင်းချင်းဆိုင်၊ စိတ်စေတနာမှန်စွာ တိုင်ပင်ကာ ကျောင်းသားများ ဒုက္ခမရောက်ရေး အဖြေရှာနိုင်ခဲ့ပေသည်။ ။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၄ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ အင်ကြင်းမြိုင်ရပ်ကွက်နေ ခေးစိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၂-၂၀၂၀ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာအနီး ကုက္ကိုကုန်း-အောင်ချမ်းသာကျေးရွာသွား လမ်းမပေါ်၌ ၎င်းမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်နေ သူရအောင် (၂၈)နှစ်၊ (ဘ)ဦးကျော်အောင် မောင်းနှင်ပြီး အင်ကြင်းမြိုင်ရပ်ကွက်နေ ခေးစိုး(၂၈)နှစ်၊ (ဘ)ဦးညိုအေးတို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်နှင့် ပျဉ်းမမြိုင်ရပ်ကွက်နေ ကျော်ကြီး(ခ)အောင်ကျော်သူ(၂၆)နှစ်၊ (ဘ)ဦးခင်မောင်လေး မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ သန်းဇော်ဝင်း (၂၇)နှစ်၊ (ဘ)ဦးအောင်သန်းတို့(၂)ဦးစီးနင်းလာသည့် ဆိုင်ကယ် (၂)စီးတို့အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၄)ဦးအား မမစ(ကျွန်းလှ)မယ(ပ)၂၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ပင ကျေးရွာနေ မမိချို(ခ)အိချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၂-၂၀၂၀ ရက်နေ့တွင် သံဖြူဇရပ်မြို့နယ်၊ ပငကျေးရွာနေ မအေးမွန်(ခ)မိချို(ခ)အိချို(၃၈)နှစ်၊ (ဘ) ဦးထွန်းရှိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ သန်းဝင်းအောင် (ခ)အဖြူတ်(၂၉)နှစ်၊ (ဘ) ဦးဘရှိန် တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သံဖြူဇရပ်) မယ(ပ)၆၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်) ရပ်ကွက်နေ ဥက္ကာသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၂-၂၀၂၀ ရက်နေ့တွင် စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်နေ ဥက္ကာ(ခ) ကျော်ဇေယျ (ခ) ကျော်တုတ်(၃၃)နှစ်၊ (ဘ)ဦးမြင့်သိန်း(ခ)သံတုတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စမ်းချောင်း)မယ (ပ)၂၄/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၂)ဦးတို့အား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ICE များ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၁၄-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ ဝင်းကိုအောင်(ခ)အပွနား(၂၇)နှစ်၊ (ဘ)ဦးအောင်ကျော်မိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၆၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာတွင် ကျူးကျော်နေထိုင်သော ကျန်ချောင်းနှင့်၎င်း၏အဖွားဖြစ်သူ ဒေါ်သန်းလှ(ခ)ဒေါ်သန်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၁၂-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ (ကျူး)နေ ဒေါ်တင်တင်သန်း (ခ) ဒေါ်သန်း(ခ) ဒေါ်သန်းလှ (၇၂)နှစ်၊ (ဘ)ဦးတင်အေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မြေးဖြစ်သူ ကျော်သီဟထွန်း (ခ) ကျန်ချောင်း (၂၅)နှစ်၊ (ဘ)ဦးလှမိုးတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်)မယ(ပ) ၇၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်အတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၂-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံ ရပ်ကွက်၊ မိတ္တဗလလမ်းနှင့် မင်းနန္ဒာလမ်းထောင့်၌ သာကေတမြို့နယ်၊ (၇)ရပ်ကွက်နေ အောင်ကိုဦး(ခ) အောင်ရဲပိုင်(၂၅)နှစ်၊ (ဘ)ဦးအေးပိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ)မယ(ပ)၄၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၁၉-၁၂-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်၊ မင်းနန္ဒာလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ မင်းသူခန့်(ခ)ဖိုးသား(၂၄)နှစ်၊ (ဘ) ဦးစိုးဝေလတ်နှင့် ၎င်း၏ညီဖြစ်သူ အောင်ဟိန်းခန့်(ခ)ဖိုးထွေး (၂၀)နှစ်တို့ (၂)ဦးအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ(ပ)၄၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား သာကေတမြို့နယ်၊ (၆/အရှေ့) ရပ်ကွက်နေ မြင့်မောင် (၃၁)နှစ်၊ (ဘ)ဦးကျော်စိုးဝင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ၎င်းရပ်ကွက်၊ မင်းနန္ဒာ လမ်းမပေါ်၌ မြင့်မောင် မောင်းနှင်လာသည့် Probox ယာဉ်အား ရပ်တန့်စစ်ဆေးရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ)၄၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်နေ မြင့်ဆွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၂-၂၀၂၀ ရက်နေ့တွင် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်နေ မြင့်ဆွေ(၆၆)နှစ်၊ (ဘ)ဦးမြင့်သူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မြင့်ဆွေအားမတွေ့ရှိဘဲ ၎င်း၏သားဖြစ်သူ ဇော်အောင်ထက် (ခ)ဖိုးသား(၁၆)နှစ်၊(ဘ) ဦးမြင့်ဆွေအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တာမွေ) မယ (ပ)၅၆/ ၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်နေ နေထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၂-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်နေ နေထွန်း(၅၂)နှစ်၊ (ဘ)ဦးလှရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ ဒေါ်ကေသီမော်(၄၈)နှစ်၊ (ဘ) ဦးမောင်ဖုန်းတို့ (၂)ဦးအား WY/R စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ) မယ(ပ)၄၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်နေ အမေစန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၂-၂၀၂၀ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်နေ အမေစန်း(ခ)ဒေါ်တင်မြင့်(၄၉)နှစ်၊ (ဘ) ဦးဘဲဥ(ခ)မောင်စိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အမေစန်းအားမတွေ့ရှိဘဲ ၎င်း၏ သားဖြစ်သူ အမင်းခမ်း(ခ) အောင်အောင်(၂၉)နှစ်၊ (ဘ)ဦးသောင်းတန်၊ ၎င်းမြို့နယ်၊ (ဃ)ရပ်ကွက်နေ အေးလွင်(ခ)ဒါဝတ်(၂၄)နှစ်၊ (ဘ)ဦးသန်းထိုက်နှင့် ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်ရပ်ကွက်နေ သန်းဦး (ခ)အူမဲ(၂၇)နှစ်၊ (ဘ)ဦးစိုးနိုင်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သုဝဏ္ဏ)မယ(ပ)၇၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့ပေါ်ရပ်ကွက်များအတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၁-၂၀၂၀ ရက်နေ့တွင် နမ္မတူမြို့၊ ရပ်ကွက်(၁)ရှိ သဲကွင်း၌ ၎င်းရပ်ကွက်နေ ဆောင်းဦးလှိုင်(၂၃)နှစ်၊ (ဘ)ဦးမြင့်အောင်အား 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၁၀/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၂)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၂)ဦး၊ မ(၆)ဦး၊ ပေါင်း(၂၈)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၉-၁၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ ရပ်ကွက်(၅)နေ ထွန်းထွန်း(၄၈)နှစ်၊ (ဘ)ဦးဝင်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး) မယ(ပ) ၁၆၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၉-၁၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၄၆၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၈၆၅)ဦး၊ မ(၃၇၂)ဦး၊ ပေါင်း(၂၂၃၇)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၁၁၃၃.၁၅၁၄)ဂရမ်၊ ICE (၁၄၉၀.၉၂)ဂရမ်၊ ဘိန်း(၄၈၃၂.၇၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၈.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၃၄.၄၀) ဂရမ်၊ ဘိန်းစာရွက်(၅၅၈၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည် (၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၇၀၀၀၇၄)ပြား၊ ဆေးခြောက် (၁၅၅၅၉.၁၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ (၆၄၀.၂၈)ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၃၀)လက်၊ ကျည်မျိုးစုံ(၆၉၈)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်** -

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၃၃

**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနား ပထမအကြိမ်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၂)၌ ပထမအကြိမ်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လိုကြောင်း လိုအပ်ချက်များ ပြည့်စုံစွာဖြင့် လျှောက်ထားသူ အထက်တန်းရှေ့နေ (၁၆၄) ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များပေးအပ်သည်။ ထို့နောက် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး)၊ ရှေ့နေရှေ့ရပ်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

Coronavirus Disease 2019 (COVID–19 )ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ အသွားအလာကန့်သတ်ချက်များ ရုပ်သိမ်းပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဉာဏ်ကိစ္စအလို့ငှာ အမိန့်တစ်စုံတစ်ရာ ထပ်မံထုတ်ပြန်သည့် အချိန်အထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပေးအပ်သည့် အခမ်းအနားများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပထမအကြိမ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပစဉ်။

# သတိပေးနှိုးဆော်ချက်

၁။ (၇၃)နှစ်ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်–

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လည်းကောင်း၊ လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှ လည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်၊

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင် လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော ထပ်တိုးအိမ်ထောင်စုများအတွက် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် စတုတ္ထအကြိမ် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်နှင့် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်က လုပ်ငန်းဆိုင်ရာများ မှာကြားဆွေးနွေးပြီး ယခင်ထောက်ပံ့မှုတွင် လက်ခံရရှိခြင်းမရှိသည့် အခြေခံလူတန်းစား ထပ်တိုးအိမ်ထောင်စု ၂၂၃၆၆ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများအား သက်ဆိုင်ရာ တာဝန်ခံများထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဝန်းသိုမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း သုံးခု ဖွင့်လှစ်မည်

**ဝန်းသို ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မျှော်မှန်းချက်ဖြစ်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်နှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း သုံးခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ဖွင့်လှစ်သွားမည်**

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကို အောင်းပင်အုပ်စု လက်ပံကျင်းကျေးရွာတွင် "ဝ"ဠ စိုက်ပျိုးနည်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၁)အား ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ ကျောက်တောကျေးရွာတွင် "ဝ"ဠ စိုက်ပျိုးနည်းအမှတ်စဉ်(၂)အား ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ လည်းကောင်း စိုက်ပျိုးရေးဦးစီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ နည်းပညာအကူအညီဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု "အခြေခံစက်ချုပ်သင်တန်း" ကို ကင်းမြင်သာကျေးရွာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ တစ်လတာသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်သင်ကြားနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သုံးသပ်ဆွေးနွေးပွဲရလဒ်**

ဖော်ပြပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကို မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲရလဒ်အရ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို သက်ဆိုင်သူအားလုံးနှင့်ပူးပေါင်း၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

**မွေးကြူဇင်**

◆ *ရှေ့ဖုံးမှ*

“ရေနက်ကွင်းမှာရှိတဲ့ လယ်သမားတွေအားလုံး သဘောတူပြီးပါပြီ။ ကျွန်တော်တို့တစ်ဦးတည်းဖြစ်နေတဲ့အတွက် အများပြိုင်ဖြစ်အောင်ကျွန်တော်တို့ထက် ပိုပြီးလုပ်ပေးနိုင်မယ့်ကုမ္ပဏီကို သတင်းစာမှာ တင်ဒါပုံစံတစ်မျိုးခေါ်ပြီးဆောင်ရွက်မယ်လို့ သိရပါတယ်။ အဲဒီအတွက် Third party ဖြစ်တဲ့ ကျွမ်းကျင်အဖွဲ့ကစိစစ်ပြီး ကျေနပ်ရင် တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ဒါခေါ်ဖို့ရှိတယ်။ အဲဒီလိုအဖွဲ့က သိချင်တဲ့အချက်အလက်တွေ၊ မေးခွန်းတွေ၊ ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းဖြစ်ကြောင်းကို ကျွန်တော်တို့ ဖြေကြားပြီးပါပြီ။ ကျွန်တော်တို့ထက် လုပ်ဆောင်နိုင်တဲ့သူမရှိရင် ကျွန်တော်တို့ဆက်ပြီး လုပ်ဆောင်သွားမှာပါ။ စက်ရုံတည်ဆောက်ရေးမှာ အလုပ်အကိုင်ရရှိတဲ့အပြင် စက်ရုံလည်ပတ်ရင် လုပ်သားတစ်သိန်းကျော် အလုပ်အကိုင်ရရှိစေမှာပါ”ဟု ရန်ကုန်–ထန်းတပင် တက်ခနော်လော်ဂျီကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝေက ပြောသည်။

စီးပွားရေးလုပ်ငန်းများဖော်ဆောင်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၁၁ မြို့နယ်တွင် ထန်းတပင်စက်မှုဇုန်နှင့်ရေပေါ်ဈေးလည်း တစ်ခုအပါအဝင်ဖြစ်ပြီး အဆိုပါစီမံကိန်းတွင် လယ်ဧက ၄၀၀ ကျော်၌ ငါးကေလျှင် တောင်သူအား စက်မှုမြေတစ်ကေပြန်လည်ပိုင်ဆိုင်ခွင့်ပေးထားရာ လယ်သမားများသဘောတူညီမှုဖြင့် ကျန်မြေဧက ၁၆၀၀ ကျော်နှင့်အတူ ထန်းတပင်စက်မှုဇုန်ကို တည်ဆောက်ခြင်းဖြစ်သည်။ ထိုဇုန်များတွင် လမ်း၊ ရေ၊ လျှပ်စစ်မီး စသော အခြေခံအဆောက်အအုံများအပါအဝင် စက်ရုံပေါင်း၂၀၀ ၊ ရေဆိုးသန့်စင်စက်ရုံ၊ အလုပ်သမားနေထိုင်မည့်အဆောက်အအုံ၊ လုံးချင်းအိမ်ရာ၊ စာသင်ကျောင်း၊ ပန်းဥယျာဉ်၊ စက်မှုဇုန်ရုံးများ တည်ဆောက်မည်ဖြစ်ပြီး ထိုစက်မှုဇုန်ရှိ လမုတန်းကျေးရွာနှင့် လှိုင်မြစ်တစ်ဖက်ကမ်းရှိ မှော်ဘီမြို့သို့ ဆက်သွယ်နိုင်မည့် (ပြည်လမ်းနှင့် ချိတ်ဆက်နိုင်) မြစ်ကူးတံတားတစ်စင်းကို တည်ဆောက်မည်ဖြစ်ရာ တရုတ်(တိုင်ပေ)နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်တာပါ။ နိုင်ငံတော်အနေနဲ့လမ်းပန်းဆက်သွယ်ရေးနဲ့လျှပ်စစ်မီးရရှိရေးကိုဆောင်ရွက်နေတဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း ဆောင်ရွက်နေတာကြောင့် ဒီစက်မှုဇုန်ကြီးပြီးသွားရင် ဒီဒေသဟာ သိသိသာသာတိုးတက်သွားမှာပါ။ ရေနက်ကွင်းမှာတောင်သူတွေ စိုက်ပျိုးရေးအဆင်မပြေပေမယ့် စက်မှုဇုန်ကြီးပေါ်ထွန်းလာရင် တောင်သူတွေကအစ အလုပ်အကိုင်တွေရလာမှာပါ။ အောက်ဆုံးအဆင့်မှာရှိတဲ့ ထန်းတပင်ဟာ စက်မှုဇုန်ပေါ်လာရင် နိုင်ငံတော်အတွက် အခွန်ရတဲ့မြို့နယ်တစ်ခုအဖြစ် တွေ့မြင်ရမှာပါ”ဟု ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ပြောသည်။

စက်မှုဇုန်နှင့် မြစ်ကူးတံတားအပါအဝင် တည်ဆောက်ရေး အသေးစိတ်မြေပြင်ကွင်းဆင်းဆောင်ရွက်မှုကို ပြည်ပဆောက်လုပ်ရေးကုမ္ပဏီမှ ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်း မြန်ဆန်စွာအကောင်အထည်ပေါ်ပါက ရန်ကုန်တိုင်းဒေသကြီး၏ စက်မှုကဏ္ဍနှင့်ပြည်ပပို့ကုန် ပိုမိုတိုးမြင့်ရရှိပြီး တိုင်းဒေသကြီးအနေဖြင့် အခွန်ငွေပိုမိုရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။ ကုက္ကိုလ်ဝတံတားအဆင်း ဘယ်ဘက်ခြမ်းရေနက်ကွင်းသည် ထန်းတပင်စက်မှုဇုန်တည်ဆောက်မည်ဖြစ်ပြီး ညာဘက်ခြမ်း ပန်းလှိုင်မြစ်နှင့် ကုက္ကိုလ်ဝမြစ်ဆုံနေရာ၌ ရေပေါ်ဈေးတည်ဆောက်ရန်လျာထားရာ ကနဦးစက်မှုဇုန်ကိုတည်ဆောက်ရန် လျာထားခြင်းဖြစ်သည်။ ရေနက်ကွင်းဧရိယာဧက ၂၀၀၀ ကျော်တွင် သဲနှင့်မြေကြီး ငါးပေအမြင့် မြှင့်တင်မည်ဖြစ်ပြီး စက်မှုဇုန်တည်ဆောက်ရေးကို ရန်ကုန်ဝဲလ်ဒဲက်ပလော့မန့်ကုမ္ပဏီ၊ ဝီဝက်ဒ်(ဟောင်ကောင်)အင်တာနေရှင်နယ်ကုမ္ပဏီနှင့် ဂိုးဒင်းမြန်မာ(ဟောင်ကောင်)အင်ဗားစမန့်ကုမ္ပဏီ သုံးခုပေါင်း၍ ရန်ကုန်–ထန်းတပင် တက်ခနော်လော်ဂျီကုမ္ပဏီဖြစ်သော ပြည်တွင်းကုမ္ပဏီတစ်ခုအနေဖြင့် ထန်းတပင်စက်မှုဇုန်စီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစက်မှုဇုန်အသက်ဝင်လာပါက ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အလုပ်သမားတစ်သိန်းကျော် အလုပ်အကိုင်အခွင့်အလမ်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက် ၊ ဓာတ်ပုံ–သန်းစိုး**

❐ *ကျောဖုံးမှ*

| | | |
|---|---|---|
| (၁၈) | Methylamine/ Methylamine Hydrochloride | မီသိုင်လမင်း/ မီသိုင်လမင်း ဟိုက်ဒရိုကလိုရိုက် |
| (၁၉) | Ammonium Chloride | အမိုနီယမ်ကလိုရိုက် |
| (၂၀) | Sodium Acetate | ဆိုဒီယမ် အစီတိတ် |
| (၂၁) | Lead Acetate | လိဒ် အစီတိတ် |
| (၂၂) | Tartaric Acid | တာတာရစ်အက်ဆစ် |
| (၂၃) | Sodium Cyanide | ဆိုဒီယမ်ဆိုင်ယာနိုက် |
| (၂၄) | Ammonium Nitrate | အမိုနီယမ်နိုက်ထရိတ် |
| (၂၅) | “3,4–MDP–2–P methyl glycidate” (“PMK glycidate”) (all stereoisomers) | ၃,၄–အမ်ဒီပီ–၂–ပီ–မီသိုင်းဂလိုက်စီဒိတ် (ပီအမ်ကေ ဂလိုက်စီဒိတ် ) |
| (၂၆) | “3,4–MDP–2–P methyl glycidic acid” (“PMK glycidic acid”) (all stereoisomers) | ၃,၄–အမ်ဒီပီ–၂–ပီ–မီသိုင်း ဂလိုက်စီဒစ် အက်စစ်(ပီအမ်ကေ ဂလိုက်စီဒစ်အက်စစ်) |
| (၂၇) | alpha–phenylacetoacetamide (APAA) (including its optical isomers) | အယ်ဖာ–ဖီနိုင်း အက်စီတိုအက်စီတမိုက် (အေပီအေအေ) |
| (၂၈) | Acetone | အက်စီတုန်း |
| (၂၉) | Anthranilic acid | အင်သရာနီလစ်အက်စစ် |
| (၃၀) | Ethyl ether (or) Diethyl ether | အီသိုင်းလ်အီသာ သို့မဟုတ် ဒိုင်အီသိုင်းလ်အီသာ |
| (၃၁) | Hydrochloric acid | ဟိုက်ဒရိုကလိုရစ်အက်စစ် |
| (၃၂) | Methyl ethyl ketone | မီသိုင်းလ်အီသိုင်းလ်ကီတုံး |
| (၃၃) | Phenylacetic acid | ဖီနိုင်းလ်အက်စစ်တစ်အက်စစ် |
| (၃၄) | Piperidine | ပိုင်ပါရီဒင်း |
| (၃၅) | Sulphuric acid | ဆာလ်ဖြူရစ်အက်စစ် |
| (၃၆) | Toluene | တော်လူအင်း |
| (၃၇) | Caffeine | ကေဖင်း |
| (၃၈) | Thionyl Chloride | သိုင်အိုနိုင်းလ် ကလိုရိုက် |

**(မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့)**

# ဆရာကြီး ဦးဖေမောင်တင်၏ နောက်ဆုံးအမှာစာ

ဒေါက်တာ သန်းဦး

**၁၉၇၃ ခု မတ်လ ၂၂ ရက် ကြာသပတေးနေ့နံနက်ပိုင်းတွင် ကျင်းပသော ပညာလောကစာစောင် စာတည်းအဖွဲ့ အစည်းအဝေးအပြီး၌ ရုတ်ခြည်းသတင်းတစ်ခု ဝင်လာသည်။ ထိုဝင်လာသောသတင်းမှာ "ဆရာကြီး ဦးဖေမောင်တင် နံနက်ပိုင်းတွင် ကွယ်လွန်သွားသည့်သတင်း" ပင် ဖြစ်သည်။ ဤသတင်းကို ကျွန်တော်တို့ တအံ့တသြ လက်ခံလိုက်ရသည်။ စင်စစ်အားဖြင့် ဤသတင်းကို ကျွန်တော်တို့ ယုံနိုင်စရာ မရှိပါ။ သို့သော် ယုံလိုက်ကြရပါသည်။ တစ်ချိန်တည်းမှာပင် အနိစ္စတရားကိုလည်း လက်ခံလိုက်ကြရပါသည်။**

ဤသတင်းကို တအံ့တသြ လက်ခံလိုက်ကြရခြင်းမှာ အကြောင်းရှိနေပါသည်။ ရှိနေသည့် အကြောင်းမှာ လွန်ခဲ့သော မတ်လ ၁၁ ရက် တနင်္ဂနွေနေ့နံနက်ပိုင်းက ဆရာကြီး၏ နေအိမ်သို့ ဆရာမင်းသုဝဏ်နှင့် အတူ ကျွန်တော်၊ ပျဉ်းမနား မောင်နီသင်းတို့ ရောက်ခဲ့ကြသည်။ ဆရာကြီး စားဖို့ မှတ်မှတ်ရရ သင်္ဘောသီးအရှည်မျိုးတစ်လုံးနှင့် အပုအဝိုင်းမျိုးတစ်လုံးကိုပင် ဆောင်ယူသွားခဲ့ကြပါသေးသည်။

ဆရာကြီး၏ အိမ်ဝင်းသို့ အဝင်တွင် "ဆရာကြီး" အသံပြုကြပါသည်။ ဆရာကြီးက အိမ်ပေါက်ဝမှထွက်၍ ကျွန်တော်တို့ သုံးဦးစလုံးအား ဝမ်းပန်းတသာ ဆီးကြိုနှုတ်ဆက်ပါသည်။

**ဆရာကြီးနှင့် စကားစမြည်**

ကျွန်တော်တို့ သုံးဦးစလုံးသည် ဆရာကြီးကို မြင်တွေ့လျှင် ထိုမျှလောက် ကျန်းမာနေလိမ့်မည်ဟု မထင်မိကြောင်း၊ ဆရာကြီးမှာ အတော်ပင် ကျန်းမာလန်းဆန်းနေသည်ကို တွေ့ကြရသဖြင့် ဝမ်းမြောက်မိကြောင်း အားပါးတရ ပြောကြားလိုက်ကြပါသည်။ ဆရာကြီးနှင့် ကျွန်တော်တို့ အိမ်ရှေ့ပိုင်းတွင် ထိုင်ကြပါသည်။ ကျန်းမာရေး အထူးကောင်းလာပုံ၊ ဆေးတွေ့လာပုံနှင့် လမ်းမှန်မှန် လျှောက်နိုင်ပုံတို့ကို ဆရာကြီးက ပြောပြပါသည်။ ဤအသက် ဤအရွယ်တွင် ဤမျှလောက် ကျန်းမာနေခြင်းမှာ ဆရာကြီး ပြောသည့်အတိုင်းပင် ဆေးတွေ့သွားခြင်းကြောင့်ဖြစ်သည်မှာ ထင်ရှားနေပေသည်။ ဆရာကြီးမှာ ကျန်းမာရွှင်လန်းနေရုံသာမက သတိလည်း အလွန်ကောင်းမွန်လှပါသည်။

နိုင်ငံတကာ စာအုပ်နှစ်အထိမ်းအမှတ်နှင့် တိုက်ဆိုင် ကြုံကြိုက်နေသော ၁၉၇၂ ခုနှစ် မန္တလေးမြို့ စာဆိုတော်နေ့တွင် ဖတ်ကြားရန် စာတမ်းတစ်စောင်ကို ဆရာကြီးထံသို့ ကဗျာဆရာတစ်ဦး လာရောက်တောင်းခံစဉ်က ဆရာကြီးသည် ယင်းစာတမ်းအတွက် နှုတ်တိုက်ပြောကြားခဲ့ပုံနှင့် ထိုသို့ပြောကြားခဲ့သော စာတမ်းကို ပြန်ဖတ်ချင်နေပုံ အလုံးစုံကို ရှင်းပြပါသေးသည်။ သတိကောင်းလေစွ။

ဆရာကြီးက ဆက်၍ မြန်မာနိုင်ငံ၌ အသက် ၅၅ နှစ်အထိ အမှုထမ်းခဲ့သော မျက်နှာဖြူ ပညာမင်းကြီးတစ်ဦးသည် အလုပ်မှ အငြိမ်းစားယူပြီးနောက် ဘိလပ်တွင် အင်္ဂလိပ်စာ သန့်စင်ရေးအသင်း၌ ဖောက်ချ ဆောင်ရွက်နေပုံတို့ကို မိမိ၏ ကိုယ်တွေ့ မျက်မြင်အနေဖြင့် ပြောပြပြီးနောက် **မြန်မာစာ မြန်မာဘာသာစကားကိုလည်း သန့်စင်အောင်** ဤသို့ ကြိုးပမ်းအားထုတ်ကြရန်သင့်ပုံ၊ ဆရာကြီး ရှင်းပြတိုက်တွန်းသည်ကို ကျွန်တော်တို့ ကောင်းစွာ မှတ်သားလိုက်ရပါသည်။

ဆက်၍ ဆရာကြီးသည် ယခုခေတ်၌ **က နှင့် မှကို လွဲမှားစွာ သုံးနေကြပုံ၊** ယခုခေတ် မိန်းကလေးများ မိမိကိုယ်ကိုယ် ကျွန်မအစား ကျွန်တော် ကျွန်တော်ဟု သုံးနှုန်းနေကြပုံ၊ ၎င်းဟူသော အသုံးကိုလည်း လွဲမှားစွာ သုံးနေကြပုံ၊ အတော်စုံလင်အောင် စိတ်ရှည်လက်ရှည် ရှင်းပြပြန်ရာ ကျွန်တော်တို့ ထပ်၍ နာကြားမှတ်သားကြရသည်။

ထိုသို့ အတန်ကြာ ဆွေးနွေးပြီးသည့်နောက် ကျွန်တော်တို့အား လာရင်းကိစ္စကို မေးပါတော့သည်။ လာရင်းကိစ္စမှာ ပြည်မြို့၊ ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့် ပြတိုက် ကော်မတီက ကျွန်တော်၏ ဇာတိဖြစ်သော ပြည်မြို့သို့ "အသုံးလုံး" ကိစ္စနှင့် ရောက်သွားစဉ် တာဝန်တစ်ခု ပေးအပ်လိုက်ပုံ၊ ယင်းပေးအပ်လိုက်သော တာဝန်မှာ ဆရာကြီးထံမှ ဆရာကြီးကိုယ်တိုင်ရေးသည့် လက်ရေးစာနှင့် ဆရာကြီးကိုယ်တိုင် ယင်းစာအောက်တွင် လက်မှတ်ရေးထိုးထားသည့်စာကို အပြည့်အစုံရရှိအောင် ဆောင်ကြဉ်းပေးရန်နှင့် ယင်းသို့ရရှိသည့်စာကို ပြည်ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့် ပြတိုက်တွင် နောင်လာနောက်သားတို့ ကြည့်ရှုလေ့လာနိုင်အောင် မော်ကွန်းတင်ထားရန် ကိစ္စအတွက် ဆရာကြီးထံ လာရောက်ကြောင်း ဆရာကြီးအား ကျွန်တော် ရှင်းပြရပါတော့သည်။

ဆရာကြီးသည် အတန်ကြာ စဉ်းစားပြီးလျှင် မည်သည့်အကြောင်းအရာကို ရေးပေးစေလိုသည့် အာသီသ အထူးရှိ မရှိ ထပ်မေးပြန်ပါသည်။ ကျွန်တော်က အကြောင်းအရာအနေဖြင့် ကြိုတင်ရွေးချယ်သတ်မှတ်ထားမှု မရှိပါကြောင်း၊ ဆရာကြီး ရေးလိုသည်ကိုသာ ရေးသား မစနိုင်ပါကြောင်း ရှင်းပြပါသည်။

**ဆရာကြီးရေးပေးခဲ့သော နောက်ဆုံးအမှာစာ**

မည်သည့်အကြောင်းအရာကို ရေးပေးလျှင် သင့်မြတ်ကြောင်း အကြံပေးရန် ဆရာကြီးက ဆရာမင်းသုဝဏ်အား အကြံတောင်းခံရာ ဆရာမင်းသုဝဏ်က ဆရာကြီးအား ဆရာကြီး၏ သဘောဆန္ဒအလျောက်ပင် ရေးလိုသည်ကိုသာ ရေးပေးဖို့ အကြံပေးပါသည်။ နောက်ဆုံး ဆရာကြီးသည် ပြည်မြို့၊ ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့် ပြတိုက်အတွက် အကျိုးရှိစေမည့် အကြောင်းအရာတစ်ခုကို ရုတ်တရက် စဉ်းစားမိပုံရပါသည်။



ဆရာကြီးဦးဖေမောင်တင်၏ နောက်ဆုံးရေးသားသွားခဲ့သော အမှာစာလက်ရေး။

အဆိုပါအကြောင်းအရာမှာ ပုဂံခေတ်သမိုင်းနှင့် သရေခေတ္တရာခေတ်သမိုင်းနှစ်ခုကို ယှဉ်ပြီး သရေခေတ္တရာသမိုင်းအတွက် အထောက်အထားများ ပို၍ ပို၍ ပေါ်ထွက်ရရှိလာအောင် ကြိုးကုတ်အားထုတ်ကြဖို့ တိုတိုနှင့်ချုံချုံ မိန့်မှာလိုသည့်အကြောင်းအရာပင် ဖြစ်ချေသည်။

ဆရာကြီးကိုယ်တိုင် ဆရာကြီး၏ သဘောဆန္ဒဖြင့် ရွေးချယ်လိုက်သည့် အကြောင်းအရာသည် စင်စစ်ကျွန်တော်တို့ အဖို့ တကယ် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းကို လမ်းညွှန်လိုက်သည့် အကြောင်းအရာပင် ဖြစ်ပေသည်။

ထိုအကြောင်းအရာကို ဆရာကြီး တမင်ရွေး၍ရေးပေးခြင်း ဖြစ်သည်။ ၁၉၇၃ ခုနှစ်၊ မတ်လ ၁၈ ရက်၊ တနင်္ဂနွေနေ့ နံနက် ပိုင်းတွင် ဆရာကြီးထံသို့ သွား၍ ယူဖြစ်ခဲ့ပါသည်။

ဆရာကြီးရေးသားသောစာကို ဖတ်ကြည့်လိုက်သည့်အခါ **"အမှာစာ"** ဖြစ်နေသည်ကို သတိပြုမိသည်။ ယင်းအမှာစာအောက်တွင် နေ့စွဲနှင့်တကွ ဆရာကြီး လက်မှတ်အပြည့် ရေးထိုးပေးလိုက်သည်ကိုလည်း တွေ့ရပြန်သည်။ ။

နောက်ထပ် ပြောစရာ၊ မှာစရာတွေ ရှိသေးကြောင်း၊ နောက်ထပ် ဆုံစည်းလိုသေးကြောင်း ဆရာကြီးက ထပ်ပြောလိုက်ပါသည်။ သို့ရာတွင် ဆရာကြီးနှင့် နောက်ထပ် မတွေ့နိုင်တော့ပါ။ ဆရာကြီး (၁၈-၃-၇၃) ရက်နေ့တွင် အမှာစာ ရေးပြီးနောက် (၂၀) ရက်နေ့ နောက်ပိုင်းတွင် ဆရာကြီး ဖျားပါတော့သည်။ နမိုးနီးယားဝင်လာသည်။ အသက် (၈၃) နှစ်ကျော်ပြီဖြစ်သော ဆရာကြီးသည် ထိုဝင်လာသော ရောဂါဖြင့် (၂၂) ရက်နေ့၌ မလွန်ဆန်နိုင်သော ဘဝတစ်ပါးသို့ ပြောင်းသွားရပါတော့သည်။ ဆရာကြီး ထပ်ဆုံစည်းချင်သည့်အတိုင်း ဆရာကြီးနှင့် ထပ်မဆုံစည်းလိုက်ရတော့ပါ။ ဆရာကြီး ထပ်မှာချင်သေးသော စကားဩဝါဒများကို ထပ်မကြားနာလိုက်ရတော့ပါ။

*စာမျက်နှာ ၁၁ သို့*



မြန်မာအမျိုးသားထဲမှ ပထမဦးဆုံးအချိန်ပြည့် ရန်ကုန်ကောလိပ် ပါဠိပါမောက္ခဦးဖေမောင်တင် (ပန်းချီမှာ ပန်းချီမောင်ငွေထွန်း၏လက်ရာ မြန်မာရေးရာ အမှတ် (၁၄) မှ -)

**"ဆရာကြီးသည် အတန်ကြာ စဉ်းစားပြီးလျှင် မည်သည့်အကြောင်းအရာကို ရေးပေးစေလိုသည့် အာသီသအထူး ရှိ မရှိ ထပ်မေးပြန်ပါသည်။ ကျွန်တော်က အကြောင်းအရာအနေဖြင့် ကြိုတင်ရွေးချယ်သတ်မှတ်ထားမှု မရှိပါကြောင်း၊ ဆရာကြီး ရေးလိုသည်ကိုသာ ရေးသားမစနိုင်ပါကြောင်း ရှင်းပြပါသည်။ မည်သည့်အကြောင်းအရာကို ရေးပေးလျှင် သင့်မြတ်ကြောင်း အကြံပေးရန် ဆရာကြီးက ဆရာမင်းသုဝဏ်အား အကြံတောင်းခံရာ ဆရာမင်းသုဝဏ်က ဆရာကြီးအား ဆရာကြီး၏ သဘောဆန္ဒအလျောက်ပင် ရေးလိုသည်ကိုသာ ရေးပေးဖို့ အကြံပေးပါသည်"**

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး





ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးသော မြန်မာလူမျိုး ကျောင်းအုပ်ကြီးဖြစ်လာသူ ဆရာကြီး ဦးဖေမောင်တင်(အလယ်)။

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ် ဘီအေ (အီးဒီ) ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာ ဦးဘ၏ ပထမ ရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ် ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီခရိုင် အမ်အီးဒီဘွဲ့ (အမေရိကန် ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄–၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ် ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆–၁၉၇၇ | လက်ထောက် သုတေသနအရာရှိမှ ဥက္ကဋ္ဌ ရာထူးအထိ ထမ်းဆောင် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့/ ဦးစီးဌာန |
| ၁၉၇၇–၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉–၂၀၁၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန |
| ၂၀၁၅–ဇန်နဝါရီ | ရန်ကုန်တက္ကသိုလ် Doctor of Letters (Honoris Causa) ဘွဲ့ |
| ၂၀၁၅–မေ | အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ် Doctor of Humane Letters, (Honoris Causa) ဘွဲ့ |
| ၂၀၁၅–ဇွန် | နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူဦးအုန်းဖေ တစ်သက်တာ စာပေဆုရ |

*စာမျက်နှာ ၁၀ မှ*

ဆရာကြီးကိုယ်တိုင် ၁၉၇၃ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် စာဖြင့် ရေးသားပြောဆိုခဲ့သော အမှာစကားသည်ပင်လျှင် စင်စစ် ဆရာကြီး၏ **ပူပူနွေးနွေး နောက်ဆုံး အမှာစကား**အဖြစ် အခိုင်အမာ ရပ်တည် ကျန်ရစ်ပါတော့သည်။ ဆရာကြီး၏ နောက်ဆုံး အမှာစကားတွင် **တုတ်ထမ်းပြီး ငြင်းခုံ စကားများ မနေကြဖို့၊ တူရွင်းထမ်းပြီး တူးဖော်အလုပ်လုပ်ကြဖို့**ကို အလေးထား မှာကြားခြင်းမှာ အသားပါလှသည်။ အားပါလှသည်။

ဤသို့ အသားပါလှ၊ အားပါလှသော နောက်ဆုံးမှာခဲ့သည့် ဆရာကြီး၏ အမှာစကားသည် မြန်မာနိုင်ငံ၏ စာပေသမိုင်း၊ ယဉ်ကျေးမှုသမိုင်းတို့ကို ပြောင်မြောက်စွာ ဖော်ထုတ်ရာတွင် လမ်းညွှန်သဖွယ် ထာဝရ ရပ်တည်နေလိမ့်မည် ဖြစ်သတည်း။ ။

**"ဆရာကြီးကိုယ်တိုင် ၁၉၇၃ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် စာဖြင့် ရေးသားပြောဆိုခဲ့သော အမှာစကားသည်ပင်လျှင် စင်စစ် ဆရာကြီး၏ ပူပူနွေးနွေး နောက်ဆုံး အမှာစကားအဖြစ် အခိုင်အမာ ရပ်တည်ကျန်ရစ်ပါတော့သည်"**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၁** -မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

○ *ကျော်ဖုံးမှ*

ဘရန့်ဖို့ဒ်အသင်းသည် လိဂ်ဖလား စတုတ္ထအဆင့်တွင် ဖူလ်ဟမ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာသည့် အသင်းဖြစ်သည်။ နယူးကာဆယ်အသင်းက ပရီမီယာလိဂ် ၁၃ ပွဲတွင် ရမှတ် ၁၈ မှတ် စုဆောင်းထားနိုင်သည့် အသင်းဖြစ်ပြီး လိဂ်ဖလား စတုတ္ထအဆင့်တွင် နယူးပို့ကောင်တီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။ ဘရန့်ဖို့ဒ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးနှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံထားရာ နယူးကာဆယ်အသင်းက နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်။

အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဗုဒ္ဓဟူးနံနက် ၂ နာရီခွဲတွင် အာဆင်နယ်အိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ နည်းပြအာတီတာသည် အာဆင်နယ်အသင်းနှင့်အတူ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို ဆွတ်ခူးရရှိထားသည့်အတွက် လိဂ်ဖလားပြိုင်ပွဲတွင်လည်း လက်ရှိချန်ပီယံ မန်စီးတီးအသင်းကို အနိုင်ယူကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ အာတီတာ၏ အာဆင်နယ်အသင်းသည် လိဂ်ဖလားစတုတ္ထအဆင့်ပြိုင်ပွဲတွင် အသင်းကြီး လီဗာပူးအသင်းနှင့် ဆုံတွေ့ခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ လိဂ်ဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ မန်စီးတီးအသင်းက အဆိုပါအဆင့်တွင် ဘန်လေအသင်းနှင့် တွေ့ဆုံခဲ့ပြီး သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့်အသင်းဖြစ်၍ နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဒွန်းဒေါ့ခ်အသင်းကိုသာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ပရီမီယာလိဂ်တွင်လည်း ၁၄ ပွဲကစားရာ ၁၄ မှတ်သာ ရရှိထားသေးသည်အထိ ခြေစွမ်းကျဆင်းနေသည်ကို တွေ့ရသည်။ ထို့အပြင် အာဆင်နယ်အသင်းသည် အဆိုပါ ၁၄ ပွဲတွင် ရဂိုးက ၁၂ ဂိုးသာရှိပြီး ပေးဂိုးက ၁၈ ဂိုးအထိ ရှိနေသည်။ ထို့ကြောင့် အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် တိုက်စစ်ပိုင်း အားနည်းသလို ခံစစ်ပိုင်းလည်း အားနည်းသည့် အသင်းဟု မှတ်ချက်ပြုရပေမည်။ မန်စီးတီးအသင်းက နောက်ဆုံးငါးပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘဲ သုံးပွဲနိုင်ပြီး နှစ်ပွဲသရေ ကျထားသည်။ မန်စီးတီး အသင်းသည် ပရီမီယာလိဂ်တွင် ၁၃ ပွဲကစားပြီး ၂၃ မှတ်ရရှိထားသည့်အသင်းဖြစ်သည်။ မန်စီးတီးအသင်းက အဆိုပါ ၁၃ ပွဲတွင် ရဂိုး ၁၉ ဂိုးရှိကာ ပေးဂိုး ၁၂ ဂိုးသာရှိသည်။ အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ နောက်ဆုံး ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်တွင် မန်စီးတီးအသင်းက နှစ်ကြိမ်အနိုင်ရရှိထားပြီး အာဆင်နယ်အသင်းက တစ်ကြိမ်ပြန်လည်အနိုင်ရရှိထားသည်။

အာဆင်နယ်အသင်းသည် ယခုမန်စီးတီးအသင်းနှင့် လိဂ်ဖလားကွာတားဖိုင်နယ်ပွဲစဉ်၌ အသင်းမှအားထားရသည့် တိုက်စစ်မှူး အူဘာမီယန် ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ ထို့အပြင် သောမတ်စ်ပါတေးသည်လည်း ပါဝင်လာနိုင်ဖွယ် မရှိသေးပေ။ မန်စီးတီးအသင်းမှ ဂါဘရီရယ် ဂျီးဆပ်စ် ယခုပွဲစဉ်ကို ပါဝင်လာနိုင်ဖွယ်မရှိသလို လာပေါ်တေးနှင့် ဂါစီယာတို့သည်လည်း ပါဝင်ကစားရန် သံသယအနေအထားတွင် ရှိနေသည်။

ယခုပွဲစဉ်၌ နည်းပြအာတီတာ၏ အာဆင်နယ်အသင်းတိုက်စစ်ပိုင်းတွင် ဝဲလ်လော့ခ်၊ လာကာဇက်၊ ဆာကာတို့ ဦးဆောင်လာဖွယ်ရှိနေပြီး နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကို တော့ ဖိုဒင်၊ တောရက်စ်၊ အဂူရိုတို့ ဦးဆောင်ပွဲထွက်လာဖွယ်ရှိနေသည်။ အာဆင်နယ်အသင်းသည် ယခု မန်စီးတီးအသင်းနှင့်ပွဲစဉ်ပြီးလျှင် ဒီဇင်ဘာ ၂၇ ရက်၌ နာမည်ကြီး ချယ်ဆီးအသင်းနှင့်ထပ်မံရင်ဆိုင်သွားရဦးမည်ဖြစ်ပြီး မန်စီးတီးအသင်းက နယူးကာဆယ်အသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် အာရှအဆင့် ကလပ်ပြိုင်ပွဲများ အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၂၇ ရက် ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည့် အာရှအဆင့် ကလပ်ပြိုင်ပွဲများဖြစ်သည့် ၂၀၂၁ အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းမဲခွဲပွဲကို အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာကိုယ်စားပြုကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့မှ အုပ်ချုပ်သူ၊ မီဒီယာအရာရှိနှင့် ဈေးကွက်ရှာဖွေရေးမန်နေဂျာများ တက်ရောက်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းမဲခွဲပွဲတွင် ပြိုင်ပွဲနှစ်ခုစလုံး၏ ခြေစစ်ပွဲ၊ အုပ်စုအဆင့်နှင့် ရှုံးထွက်အဆင့်ပွဲစဉ်များ ကျင်းပမည့်ရက်များကို အတည်ပြုသွားမည်ဖြစ်သည်။ ၂၀၂၁ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် MNL အမှတ်ပေးပြိုင်ပွဲ ချန်ပီယံရှမ်းယူနိုက်တက်အသင်းက အကြိုခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲတွင်မူ MNL အမှတ်ပေးပြိုင်ပွဲ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်နှင့် ဒုတိယဆုရ ဟံသာဝတီအသင်းက ခြေစစ်ပွဲအဆင့်မှ ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ပါက MNL အမှတ်ပေးပြိုင်ပွဲ တတိယဆုရ ရှေ့ဝတီအသင်းက AFC Cup ပြိုင်ပွဲတွင် အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲအဆင့်တွင် ဩစတြေးလျကလပ်နှင့် တွေ့ဆုံဖွယ်ရှိပြီး ဟံသာဝတီအသင်းမှာမူ AFC Cup ပြိုင်ပွဲတွင် Play-off အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်မှုအရ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စု အဆင့်၌ ထိုင်းကလပ် နှစ်သင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားနှင့် စင်ကာပူ ကလပ် တစ်သင်းစီက တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကာ ခြေစစ်ပွဲအဆင့်တွင် ထိုင်းကလပ် နှစ်သင်း၊ ဖိလစ်ပိုင်နှင့် မြန်မာကလပ် တစ်သင်းစီ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲတွင်မူ ဗီယက်နမ်၊ မလေးရှားနှင့် စင်ကာပူကလပ် နှစ်သင်းစီတို့က အုပ်စုအဆင့် မြန်မာ၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားကလပ်တို့က အုပ်စုအဆင့်တွင် တစ်သင်းစီ၊ ခြေစစ်ပွဲအဆင့်တွင် တစ်သင်းစီ၊ လာအို၊ ဘရူနိုင်းနှင့် တီမောကလပ်တစ်သင်းစီတို့က ခြေစစ်ပွဲအဆင့်တို့မှ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းလေဖိအားနည်းရပ်ဝန်းကြောင့် ဖြစ်ပွားသည့် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ရှစ်ဦးသေဆုံး

မနီလာ ဒီဇင်ဘာ ၂၁

**ဖိလစ်ပိုင်နိုင်ငံ၌ ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်တွင် ဖြစ်ပွားခဲ့သည့် အပူပိုင်းလေဖိအားနည်းရပ်ဝန်းကြောင့် မြေပြိုမှုနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ တစ်ဦးပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။**

ဖိလစ်ပိုင်အရှေ့ပိုင်း ဗီဆာယက်စ်ဒေသ၊ ဒါဗာအိုဒေသနှင့် ကာရာဂါဒေသတို့တွင် ရုတ်တရက် သဘာဝဘေး အန္တရာယ်ကျရောက်မှုကြောင့် ထိခိုက်သေဆုံးမှုများရှိကြောင်း ဖိလစ်ပိုင်အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေး နှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားခဲ့သည်။

အပူပိုင်းလေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မှုကို ဖိလစ်ပိုင် အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ဒေသခံပြည်သူ ၃၆၀၀၀ ကျော်အထိ ခံစားခဲ့ရပြီး ဖိလစ်ပိုင်ငွေ ပီဆို ၁၁၀ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၂၃ သန်း) တန်ဖိုးခန့်ရှိသည့် အခြေခံအဆောက်အအုံ ပျက်စီးမှု ဖြစ်ပွားခဲ့ရသည်။

အပူပိုင်းလေဖိအားနည်းရပ်ဝန်းသည် ဒီဇင်ဘာ ၂၀ ရက်တွင် ဖိလစ်ပိုင်မှ ဆုတ်ခွာသွားခဲ့ကြောင်း ဖိလစ်ပိုင် မိုးလေဝသဗျူရိုက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းနှင့် အပူပိုင်း မုန်တိုင်းများသည် ဇွန်လမှ ဒီဇင်ဘာလတစ်လျှောက် ပုံမှန်ဖြစ်ပွားလေ့ရှိပြီး မုန်တိုင်းနောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးသူများရှိခဲ့ကာ ဒေါ်လာဘီလီယံချီ တန်ကြေးရှိသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ



ဖိလစ်ပိုင်နိုင်ငံ၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မှုကြောင့် ရေကြီးခဲ့သည့် လူနေရပ်ကွက်တစ်ခုကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ ပါတင်ဘန် ပင်လယ်ဆိပ်ကမ်းသစ် လုပ်ငန်းလည်ပတ်မှုစတင်

**ဂျကာတာ ဒီဇင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံတွင် အသစ်ဖွင့်လှစ်လိုက်သည့် ပါတင်ဘန်ပင်လယ်ဆိပ်ကမ်းကို လုပ်ငန်းလည်ပတ်မှု စတင်လျက်ရှိကြောင်း သိရသည်။

မြို့တော် ဂျကာတာအရှေ့ပိုင်း ၁၂၀ ကီလိုမီတာခန့်ရှိ ပါတင်ဘန်ဆိပ်ကမ်းသည် အင်ဒိုနီးရှားနိုင်ငံရှိ အကြီးဆုံး ဆိပ်ကမ်းတစ်ခုဖြစ်ပြီး ၂၀၁၇ ခုနှစ်က စတင်ခဲ့သည့် အဆိုပါ ပင်လယ်ဆိပ်ကမ်း စီမံကိန်းအတွက် ဂျပန်နိုင်ငံက ယန်းငွေ ၁၂၀ ဘီလီယံနီးပါး ချေးငွေပေးအပ်ခဲ့ကြောင်း သိရသည်။

ကွန်တိန်နာဂိတ်နှင့် ဆိပ်ခံတံတား အပါအဝင် အခြားအဆောက်အအုံတည်ဆောက်မှုများ ပြီးစီးသွားပြီးနောက်တွင် အင်ဒိုနီးရှားအစိုးရအဖွဲ့ အာဏာပိုင်များနှင့် ဂျပန်သံရုံးမှ အရာရှိများက ဒီဇင်ဘာ ၂၀ ရက်တွင် ဆိပ်ကမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုက ပါတင်ဘန်ဆိပ်ကမ်းသည် စက်မှုလုပ်ငန်းဇရိယာများနှင့် လေဆိပ်ကို ဆက်သွယ်ပေးခြင်းနှင့် ပြည်ပသို့ ကုန်စည်တင်ပို့မှုများကို အရှိန်မြင့်လာစေမည့် အချက်အချာဆိပ်ကမ်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း အွန်လိုင်းရုပ်သံဖိုင်လင့်ခ်မှတစ်ဆင့် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် မော်တော်ယာဉ်နှင့် အီလက်ထရွန်နစ် ကုမ္ပဏီများသည် ပါတင်ဘန်အနီးရှိ စက်မှုဝင်းအတွင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ဆိပ်ကမ်းသစ်က အဆိုပါ လုပ်ငန်းများ၏ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်များ သက်သာစေမည်ဟု ခန့်မှန်းရသည်။

အင်ဒိုနီးရှားအစိုးရသည် အဆိုပါဆိပ်ကမ်းရှိ အဆောက်အအုံများ တည်ဆောက်မှုကို လာမည့် ၂၀၂၇ ခုနှစ်တွင် ပြီးစီးရန် မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**




အင်ဒိုနီးရှားနိုင်ငံတွင် အသစ်ဖွင့်လှစ်လိုက်သည့် ပါတင်ဘန် ပင်လယ်ဆိပ်ကမ်း။

# ကိုဗစ်- ၁၉ မျိုးဗီဇအသစ် ကူးစက်ဖြစ်ပွားမှုကြောင့် ဗြိတိန်သို့သွားရောက်မည့် လေယာဉ်ခရီးစဉ်များကို အီရန် ရပ်ဆိုင်း

**တီဟီရန် ဒီဇင်ဘာ ၂၁**

ကိုဗစ်-၁၉ မျိုးဗီဇအသစ် ထပ်မံကူးစက်ဖြစ်ပွားမှုကို ကြုံတင်ကာကွယ်သည့်အနေဖြင့် အီရန်နှင့်ဗြိတိန်နှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှုများကို ရက်သတ္တနှစ်ပတ်ကြာအောင် ရပ်ဆိုင်းထားကြောင်း အီရန် မြို့ပြဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ကြေညာခဲ့သည်။

တီဟီရန်မှ ဗြိတိန်ရှိ လေဆိပ်များသို့သွားရောက်မည့် ခရီးစဉ်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တောင်းဆိုချက်အရ ယာယီရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ကျေးလက်ဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဒုတိယဝန်ကြီး ရှာရမ် အဒမ်နီဂျက်က သတင်းထောက်များသို့ ပြောကြားခဲ့မှုကို အဆိုပါဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဗြိတိန်၌ အသစ်ထပ်မံကူးစက်ဖြစ်ပွားနေသည့် ကိုဗစ်- ၁၉ မျိုးဗီဇအသစ် ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် လေယာဉ်ခရီးစဉ်များ ရပ်နားလိုက်ခြင်းဖြစ်ကြောင်း အီရန်အာဏာပိုင်များက ပြောသည်။

ကိုဗစ်-၁၉ မျိုးဗီဇအသစ်သည် ကူးစက်နိုင်ခြေ ၇၀ ရာခိုင်နှုန်းအထက်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။ ဗြိတိန်၌ ကိုဗစ်-၁၉ မျိုးဗီဇအသစ်ကူးစက်ဖြစ်ပွားနေကြောင်း သိရှိရပြီးနောက် နိုင်ငံအများအပြားက အဆိုပါနိုင်ငံသို့ သွားမည့်လေကြောင်းခရီးစဉ်များကို ပိတ်ပင်ခဲ့ကြသည်။

ဆင်ဟွာ

# ဗြိတိန်နှင့် အီးယူ ကုန်သွယ်ရေးဆွေးနွေးမှုများ သဘောထားကွဲလွဲနေဆဲဖြစ်

**လန်ဒန် ဒီဇင်ဘာ ၂၁**

ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ဗြိတိန်နုတ်ထွက်သည့် ဘရက်ဇစ်ကာလနှောင်းပိုင်း ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှု ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်သဘောထားကွဲလွဲနေဆဲ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလက ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာခဲ့ပြီးနောက် ဆွေးနွေးပွဲများတွင် အဓိကအဆီးအတားဖြစ်နေသည့် ကိစ္စရပ်များထဲတွင် ဗြိတိန်နိုင်ငံရှိ ငါးဖမ်းရေပိုင်နက်ထဲသို့ ဥရောပသမဂ္ဂဝင်ရောက်ခွင့်ကိစ္စလည်း ပါဝင်သည်။

ဥရောပ ပါလီမန်၏ နိုင်ငံရေးဆိုင်ရာအဖွဲ့က ပါလီမန်အနေဖြင့် ယခုနှစ်ကုန်အတွင်း ယင်းကိစ္စနှင့် ပတ်သက်၍ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် အလို့ငှာ ဒီဇင်ဘာ ၂၀ ရက်တွင် အပြီးသတ် သဘောတူညီမှုတစ်ရပ် ရရှိရေးလုပ်ဆောင်ရန် တိုက်တွန်းထားသည်။

သို့ရာတွင် ဒီဇင်ဘာ ၂၀ ရက်က အကြိတ်အနယ် ပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများတွင် မည်သည့်အတည်ပြုချက်မျှ မရရှိခဲ့ဘဲ သဘောထားကွဲလွဲမှု ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဘရက်ဇစ်အရေး ဥရောပသမဂ္ဂ ညှိနှိုင်းရေးအကြီးအကဲ မစ်ချယ်လ် ဘာနီယာက ယင်းဆွေးနွေးမှုကို အလွန်ခက်ခဲလှသည့် ညှိနှိုင်းဆွေးနွေးမှုတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

သဘောတူညီမှုတစ်ရပ် ရရှိနိုင်မည့် အခွင့်အရေးမှာ ၅၀ ရာခိုင်နှုန်းအောက် လျော့နည်းကြောင်း ဗြိတိန်အစိုးရအဖွဲ့ရုံးဆိုင်ရာဝန်ကြီး မိုက်ကယ်ဂုဖ်က ဗြိတိန်ပါလီမန်ကော်မတီသို့ ပြောကြားခဲ့သည်။

ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်ရေးဆိုင်ရာသဘောတူညီမှု ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာမည့် နှစ်သစ်ကူးရက်မှ စတင်ကာ ကုန်သွယ်ရေးဆောင်ရွက်ရန် အကောက်ခွန်စစ်ဆေးမှုများ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဘရက်ဇစ်ကာလနှောင်းပိုင်း ကုန်သွယ်ရေးသဘောတူညီမှုရရှိရေး ဆွေးနွေးခဲ့ကြသည့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယွန်။

# လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၈၃၀၅ ဦး ရှိပြီ

**ဗီယင်ကျန်း ဒီဇင်ဘာ ၂၁**

လာအိုနိုင်ငံတွင် ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်ကာ လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူ ၈၃၀၅ ဦးအထိရှိပြီဖြစ်ပြီး သေဆုံးသူ ၁၃ ဦးရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

မြို့တော် ဗီယင်ကျန်း၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်ပြီး ကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၈၉၅ ဦးဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနလက်အောက် သတင်းအချက်အလက်နှင့် အသိပညာပေးစင်တာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဘိုလီခမ်ဆေပြည်နယ်၌ ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၉၄၀ ရှိပြီး၊ ဘိုကီယိုပြည်နယ်တွင် ၇၄၂ ဦး ရှိကာ ဗီယင်ကျန်းပြည်နယ်တွင် ၇၂၀ အထိ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားခဲ့သည်။ သေဆုံးသူ ၁၃ ဦးတို့တွင် မြို့တော်ဗီယင်ကျန်းမှ လေးဦးနှင့် အခြားပြည်နယ်များ ပါဝင်သည်။ သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်သူလူထုအနေဖြင့် နေအိမ်နှင့် အလုပ်ခွင်အနီးတစ်ဝိုက်ရှိ ခြင်ပေါက်ပွားနိုင်သည့်နေရာများကို ရှင်းလင်းကြရန် ကျန်းမာရေးအာဏာပိုင်များက ပြည်သူလူထုအားတိုက်တွန်းထားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့်ကူးစက်သည့် ကူးစက်မြန်ရောဂါဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံများတွင်လည်း ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် တောင်ကိုရီးယားမြို့တော်ဆိုးလ်ဧရိယာတစ်ဝိုက် လူလေးဦးထက်ပို၍ စုဝေးခွင့်မပြု

**ဆိုးလ် ဒီဇင်ဘာ ၂၁**

တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်ဧရိယာတစ်ဝိုက်တွင် ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် လူလေးဦးထက်ပို၍ စုဝေးခွင့်မပြုရန် ဒီဇင်ဘာ ၂၁ ရက်က ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

**လူလေးဦးသာ စုဝေးခွင့်ရမည်**

အင်ချွန်းမြို့နှင့် ဂရောင်းဂျီပြည်နယ် အနီးပတ်ဝန်းကျင်တွင်လည်း အလားတူ အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။ အသစ်ထုတ်ပြန်ထားသည့် စည်းကမ်းချက်အရ ဆိုးလ်မြို့ဧရိယာတစ်ဝိုက်တွင် လူလေးဦးသာ စုဝေးခွင့်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၃ ရက်မှ စတင်ကာ စတင်ကျင့်သုံးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၃ ရက်အထိ ယင်းစည်းကမ်းချက်ကို ထားရှိမည်ဟု သိရသည်။

မင်္ဂလာဆောင်နှင့် အသုဘ အခမ်းအနားများအတွက်မူ ခြွင်းချက်ထားရှိပြီး လက်ရှိထုတ်ပြန်ထားသည့် အဆင့် ၂ ဒသမ ၅ သတ်မှတ်ချက်အောက်တွင် လူ ၅၀ အောက် စုဝေးခွင့်ရှိသည်ဟု သိရသည်။ နှစ်ကုန်ခါနီးအချိန်တွင် လူစုလူဝေးပွဲများ များပြားပြီး ယခုလို စည်းကမ်းချက်ထုတ်ပြန်ရခြင်းဖြစ်သည်။ အဆင့်သုံး လူမှုဝေးကွာအစီအစဉ်အောက်တွင် လူ ၁၀ ဦးအောက် စုဝေးခွင့်ပေးထားပြီး ယခုသတ်မှတ်ချက်မှာ အဆင့်သုံး သတ်မှတ်ချက်ထက်ပိုပြီး တင်းကျပ်မှုရှိသည်။

**ကန့်သတ်မှုများ ပြုလုပ်ထား**

တောင်ကိုရီးယားအစိုးရသည် အဆင့်ငါးဆင့်သတ်မှတ်ထားသည့်လူမှုဝေးကွာအစီအစဉ်ကို တဖြည်းဖြည်းချင်းတိုးမြှင့်လျက်ရှိပြီး ဆိုးလ်မြို့ဧရိယာတစ်ဝိုက်တွင် ကူးစက်မှုများ ပြန်လည်များပြားလာသည့်အတွက် ဒုတိယအမြင့်ဆုံးသတ်မှတ်ချက်ဖြင့် ကန့်သတ်မှုများပြုလုပ်ထားသည်။

တောင်ကိုရီးယားတွင် နေ့စဉ်ကူးစက်မှု ၁၀၀၀အောက်ရောက်ရှိနေသည်မှာ ခြောက်ရက်ဆက်တိုက် ရှိပြီဖြစ်သည်။

ကူးစက်မှုအသစ်များအနက် ၇၀ ရာခိုင်နှုန်းမှာ ဆိုးလ်မြို့ ဧရိယာတစ်ဝိုက်မှဖြစ်သည်ဟု သိရသည်။ **ဆင်ဟွာ**



ဆိုးလ်မြို့တွင် ကိုဗစ် – ၁၉ ဆေးစစ်ရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ပထမဆုံး ကိုဗစ် - ၁၉ ကာကွယ်ဆေး ဇန်နဝါရီလအတွင်း ရရှိနိုင်ဖွယ်ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂၁**

အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးမှာ လာမည့်နှစ် ဇန်နဝါရီလအတွင်း ရရှိနိုင်ဖွယ်ရှိသည်ဟု အိန္ဒိယကျန်းမာရေးဝန်ကြီး ဟာရက်ရှ် ဗာဒန်က ဒီဇင်ဘာ ၂၁ ရက်တွင်ပြောကြားခဲ့သည်။

ဇန်နဝါရီလအတွင်း ကာကွယ်ဆေး ရရှိနိုင်သည်ဟု ယုံကြည်ကြောင်း၊ ယင်းကာလသည် အိန္ဒိယပြည်သူများကို ကာကွယ်ဆေးထိုးပေးနိုင်မည့်အချိန် ဖြစ်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးက ဒေသတွင်းရုပ်သံနှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။


အိန္ဒိယနိုင်ငံတွင် ကိုဗစ် –၁၉ ဆေးစစ်မှုပြုလုပ်ပေးနေစဉ်။

အိန္ဒိယအစိုးရ၏ ဦးစားပေးလုပ်ငန်းမှာ ပြည်သူများလုံခြုံစိတ်ချရရေးနှင့် ကာကွယ်ဆေး အကျိုးဖြစ်ထွန်းမှုရှိရေးပင် ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ဆေးနှင့် ပတ်သက်ပြီး မည်သည့်ညှိနှိုင်းမှုမျိုးမှ မလုပ်လိုကြောင်းနှင့် ဆေးဝါးစစ်ဆေးရေးအဖွဲ့အရာရှိများက တင်းကျပ်စွာ စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အိန္ဒိယ၌ စမ်းသပ်နေဆဲ ကိုဗစ် –၁၉ ကာကွယ်ဆေး ခြောက်မျိုးရှိသည်ဟု သိရသည်။ အစိုးရသည် နိုင်ငံတစ်ဝန်း အစုလိုက် ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက်လည်း ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အိန္ဒိယ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ အရေအတွက် ၁၀၀၅၅၆၀ အထိရှိပြီး သေဆုံးသူ ၁၄၅၈၁၀ အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံသား အများစုမှာ ကိုဗစ် –၁၉ ကာကွယ်ဆေးအတွက် ငွေကြေးကျခံကာ ထိုးနှံလို

**ကင်ဘာရာ ဒီဇင်ဘာ ၂၁**

ဩစတြေးလျနိုင်ငံသားအများစုမှာ ကိုဗစ် –၁၉ ကာကွယ်ဆေးကို စောစီးစွာထိုးနိုင်ရေးအတွက် ငွေအကုန်အကျခံလိုသည်ဟု စစ်တမ်းကောက်ယူမှုများအရ သိရ သည်။

ဩစတြေးလျ အကြံပေးကုမ္ပဏီဖြစ်သည့် စီတီအုပ်စုမှ ကောက်ယူသော အပြည်ပြည်ဆိုင်ရာ စစ်တမ်းကောက်ယူမှုအရ ၇၂ ရာခိုင်နှုန်းသော ဩစတြေးလျနိုင်ငံသားများမှာ ကိုဗစ် –၁၉ ကာကွယ်ဆေး စောစီးစွာထိုးနိုင်ရေးအတွက် ငွေကြေးကျခံလိုကြောင်း ဖော်ပြခဲ့ပြီး အမေရိကန်တွင်မူ ၅၇ ရာခိုင်နှုန်း ကသာ ငွေအကုန်အကျခံလိုသည်။ ဩစတြေးလျတွင် စောစီးစွာ ကာကွယ်ဆေး ထိုးနိုင်ရေးအတွက် မည်သည့်ဈေးနှုန်းမဆို ပေးဆောင်လိုသော လူ ၁၂ ရာခိုင်နှုန်းရှိပြီး ဩစတြေးလျဒေါ်လာ ၁၇၀ ပေးကာ ကာကွယ်ဆေးထိုးလိုသူမှာ ၄၃ ရာခိုင်နှုန်းရှိသည်။

ဩစတြေးလျအစိုးရကမူ ကာကွယ်ဆေးကို အခမဲ့ထိုးပေးမည်ဟု အကြိမ်ကြိမ် ပြောထားပြီး ၂၀၂၁ ခုနှစ် မတ်လအတွင်းမှ စတင်ကာ အဆင့်လိုက်ထိုးပေးမည်ဖြစ်သည်ဟု ကြေညာခဲ့သည်။ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးလုပ်သားများနှင့် ထိခိုက်မှုရှိနိုင်သည့် လုပ်သားများအတွက် ဦးစားပေးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။ မိမိသဘောဆန္ဒအရသာ ကာကွယ်ဆေးထိုးလိုသူမှာ ထက်ဝက်နီးပါးရှိပြီး မဖြစ်မနေ ကာကွယ်ဆေးထိုးပေးမှုကို လိုလားသူ ၄၀ ရာခိုင်နှုန်း ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် – ၁၉ မျိုးဗီဇသစ် ကူးစက်မှုကို ကြောက်ရွံ့သဖြင့် ဥရောပနိုင်ငံများမှ လေကြောင်းခရီးစဉ်အချို့ ရပ်နားထား

**လန်ဒန် ဒီဇင်ဘာ ၂၁**

ဗြိတိန်နိုင်ငံတွင် ကိုဗစ် –၁၉ မျိုးဗီဇသစ် ကူးစက်မှုများကြောင့် စည်းကမ်းတင်းကျပ်မှုများ ပြုလုပ်ထားရာ ဥရောပနိုင်ငံအချို့မှ ဗြိတိန်သို့ပျံသန်းမည့် လေကြောင်းခရီးစဉ် ရပ်နားထားကြောင်း ဒီဇင်ဘာ ၂၀ ရက်က ကြေညာခဲ့သည်။

**အဟန့်အတားဖြစ်ခဲ့ရ**

ဗြိတိန်နှင့် ဥရောပနိုင်ငံများမှ ရာနှင့်ထောင်နှင့်ချီသည့် ခရီးသွားများသည် အားလပ်ရက်ကာလအတွင်း မိသားစုများနှင့်တွေ့ဆုံရန် ပြင်ဆင်ထားကြရာ လေကြောင်းခရီးစဉ်များ ရပ်နားထားသည့်အတွက် အဟန့်အတား ဖြစ်ခဲ့ရသည်။ နယ်သာလန်သည် လေကြောင်းခရီးစဉ်ပြေးဆွဲမှုကို ပိတ်ပင်သည့် ပထမဆုံး ဥရောပနိုင်ငံဖြစ်လာခဲ့သည်။

**လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းခဲ့**

ဘယ်ဂျီယံ နိုင်ငံသည်လည်း ဗြိတိန်နိုင်ငံသို့ ပြေးဆွဲမည့် လေကြောင်းခရီးစဉ်များကို ရပ်နားခဲ့သည်။ ဩစတြီးယားနှင့် အီတလီနိုင်ငံတို့သည်လည်း အလားတူ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းခဲ့သည်။

ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့သည်လည်း ဗြိတိန်နှင့်ပြေးဆွဲမှုများ ရပ်နားထားရန် စဉ်းစားနေရာ လေယာဉ်ပြေးဆွဲမှု ရပ်တန့်သည့် နိုင်ငံများ တိုးလာဖွယ်ရှိသည်။

ဗြိတိန်နှင့် အိမ်နီးချင်းဖြစ်သည့် အိုင်ယာလန်တွင်လည်း လေကြောင်းခရီးစဉ်များနှင့် မော်တော်ကားပြေးဆွဲမှုများကို ကန့်သတ်သွားဖွယ်ရှိသည်။

အင်္ဂလန် အရှေ့တောင်ပိုင်းနှင့် လန်ဒန်မြို့ ဧရိယာတစ်ဝိုက်တွင် တွေ့ရှိရသည့် အဆိုပါမျိုးဗီဇသစ် ဗိုင်းရပ်စ်လျင်မြန်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ် ဂျွန်ဆင်က ဒီဇင်ဘာ ၁၉ ရက်တွင် ပြုလုပ်သည့် အစည်းအဝေး၌ သတိပေးပြောကြားခဲ့သည်။ **ဆင်ဟွာ**



ဟီသရိုးလေဆိပ်တွင် စောင့်ဆိုင်းနေကြသည့် ခရီးစဉ်မတ်ခရီးသွားများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၂၀၃ ဦးရှိ

**အော့တဝါ ဒီဇင်ဘာ ၂၁**

ကနေဒါနိုင်ငံ၌ ဒီဇင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် အတည်ပြုလူနာ ၆၂၀၃ ဦး စစ်ဆေးတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၅၀၇၇၉၅ ဦးအထိ ဖြစ်လာကြောင်း ကနေဒါနိုင်ငံ ပြည်သူ့ကျန်းမာရေး အေဂျင်စီက ဖော်ပြသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၇၄ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၄၂၂၈ ဦးအထိ ရောက်ရှိခဲ့ကြောင်း ကျန်းမာရေးအေဂျင်စီက ဖော်ပြသည့် အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ရောဂါစတင်ကူးစက်ပျံ့နှံ့ခဲ့ချိန်မှ စတင်ကာ လက်ရှိအချိန်အထိ ပြန်လည်ပျောက်ကင်းသွားသူ အရေအတွက်မှာ ၄၁၆၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

### တရုတ်နိုင်ငံက ကလေးများအား ပြုစုစောင့်ရှောက်မှု မြှင့်တင်မည်

**ပေကျင်း ဒီဇင်ဘာ ၂၁**

တရုတ်နိုင်ငံ၌ အသက် သုံးနှစ်အောက် ကလေးငယ် ၄၇ သန်းကျော်ရှိပြီး အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်က နောက်လာမည့်ငါးနှစ်အတွင်း ကလေးငယ်များအား ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုကို မြှင့်တင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကလေးငယ်များ အရေအတွက် တိုးပွားလာမှုက ငွေကြေးဆိုင်ရာ အခက်အခဲရှိသည့် အိမ်ထောင်စုများကို ဖိအားများ ကျရောက်စေပြီး မိဘများ၏ အသက်မွေးလုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေရာ လူမှုအဖွဲ့အစည်းအတွက် အလေးထားရမည့် ကိစ္စဖြစ်လျက်ရှိကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် အရာရှိ ကူကျာအိုလီက ပြောကြားခဲ့သည်။

ယင်းပြဿနာကို ဖြေရှင်းရန်အတွက် အမျိုးသားကျန်းမာရေးကော်မရှင်က ကလေးငယ်များ ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ၊ မူဝါဒဆိုင်ရာများ၊ စည်းမျဉ်းဥပဒေများနှင့် စံသတ်မှတ်ချက်များကို အဆင့်မြှင့်တင်ရန် အခြားဌာနများနှင့်အတူ လက်တွဲကြိုးပမ်းလျက်ရှိကြောင်း အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယအကြီးအကဲ ယုကျီကျွန်းက ပြောသည်။

တရုတ်နိုင်ငံသည် နောက်လာမည့်ငါးနှစ်အတွင်း ကလေးမွေးဖွားမှု၊ ပြုစုစောင့်ရှောက်မှုနှင့် ပညာသင်ကြားမှုဆိုင်ရာ ကုန်ကျစရိတ်များကို လျှော့ချမည်ဖြစ်ကာ တရုတ်နိုင်ငံပြည်သူများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု သာတူညီမျှဖြစ်စေရန် မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကာကွယ်ဆေးဖြင့်သာ ရပ်တန့်နိုင်မယ့် ကိုဗစ်-၁၉ သံသရာ

**ကလျာမိုးမြင့်**

ပြီးခဲ့တဲ့ နွေရာသီကာလကတည်းက ကိုဗစ်-၁၉ ကူးစက်ခံရတဲ့လူနာတွေ ရောဂါသက်သာပျောက်ကင်းသွားပြီးတဲ့နောက် အဲဒီလူနာတွေ ရောဂါထပ်မံကူးစက်ခံရတယ်ဆိုတဲ့သတင်းတွေ ကမ္ဘာတစ်ဝန်းမှာ မြင်တွေ့ကြားသိနေရပါတယ်။ ကမ္ဘာ့ပြည်သူအများစုက စိုးရိမ်နေတဲ့အချက်ကလည်း ဒါပါပဲ။ ကာကွယ်ဆေးမရမချင်း ကိုဗစ်-၁၉ လူနာတွေ ရောဂါဖြစ်လိုက်၊ ပြန်ကောင်းလိုက် နောက်တစ်ကြိမ်ထပ်ပြီး ရောဂါကူးစက်ခံရလိုက်နဲ့ သံသရာလည်နေမှာကို အားလုံးက တွေးကြောက်နေကြပါတယ်။

## နောက်တစ်ကြိမ် ထပ်မံကူးစက်ခံရ

ဩဂုတ်လအတွင်းမှာ ကိုဗစ်-၁၉ နောက်တစ်ကြိမ် ထပ်မံကူးစက်ဖြစ်ပွားနေမှုကို ဟောင်ကောင်တက္ကသိုလ်က သုတေသနပညာရှင်တွေက အစီရင်ခံခဲ့ပါတယ်။ အသက် ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦးဟာ မတ်လနှောင်းပိုင်းမှာ ပထမတစ်ကြိမ် ရောဂါကူးစက်ခံခဲ့ရပြီး ပြန်လည်ပျောက်ကင်းသွားခဲ့ပါတယ်။ သို့သော်လည်း ရောဂါပျောက်ကင်းပြီး လေးလကျော်အကြာမှာ ဒုတိယအကြိမ် ရောဂါထပ်မံကူးစက်ခံခဲ့ရတယ်လို့ သိရပါတယ်။

## မျိုးဗီဇဖြစ်စဉ် ကွဲပြားခြားနား

ရောဂါနှစ်ကြိမ် ကူးစက်ခံရမှုအတွင်းမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇဖြစ်စဉ်ဟာ တစ်စိတ်တစ်ပိုင်းကွဲပြားခြားနားမှုရှိတယ်လို့ သုတေသနပညာရှင်တွေက ဖော်ပြခဲ့ပြီး အဲဒီတွေ့ရှိမှုက ကမ္ဘာမှာ ကိုဗစ်-၁၉ နောက်တစ်ကြိမ် ထပ်မံကူးစက်ခံရမှုကို ပထမဆုံး သိပ္ပံနည်းကျဖော်ထုတ်တွေ့ရှိခြင်း ဖြစ်ခဲ့ပါတယ်။

ကိုဗစ်-၁၉ နောက်တစ်ကြိမ် ကူးစက်ခံရကြောင်း ဟောင်ကောင်သုတေသနပညာရှင်တွေထံက အစီရင်ခံချက်ထွက်ပေါ်လာပြီးတဲ့နောက် အမေရိကန်နဲ့ အိန္ဒိယမှာရှိကြတဲ့ တခြားသော သုတေသနအဖွဲ့တွေဆီကလည်း အလားတူ ရောဂါထပ်မံကူးစက်ဖြစ်ပွားနေပြီဆိုတဲ့အကြောင်း ကြေညာချက်တွေ ထွက်ပေါ်လာခဲ့ပါတယ်။

## လူထုအာရုံစိုက်မှု ကြီးထွားလာ

သိပ္ပံဂျာနယ်တစ်စောင်ဖြစ်တဲ့ Nature က ကိုဗစ်-၁၉ တစ်ကျော့ပြန်ထပ်မံကူးစက်ဖြစ်ပွားမှုတွေနဲ့ ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်ကို ပုံနှိပ်ထုတ်ဝေဖော်ပြခဲ့မှုနဲ့အတူ ဒီကိစ္စအပေါ်မှာ လူထုရဲ့အာရုံစိုက်မှုကလည်း ပိုပြီးကြီးထွားလာခဲ့ပါတယ်။

ရောဂါပျောက်ကင်းတဲ့အထိ ကုသမှုခံယူပြီးတဲ့သူ တစ်ယောက်က ကိုဗစ်-၁၉ ဗိုင်းရပ်စ် နောက်တစ်ကြိမ်ထပ်ပြီး ကူးစက်ခံရတဲ့ကိစ္စ အမှန်တကယ် ဖြစ်နိုင်ခြင်း ရှိ မရှိ ဆိုတာနဲ့ ပတ်သက်လို့ ကီတာဆာတိုတက္ကသိုလ်က ပါမောက္ခ နာကာယာမာ တက်ဆူယိုကို မေးမြန်းခဲ့တဲ့အခါ ၎င်းက ကူးစက်ရောဂါဖြစ်ပွားစေတဲ့ တခြားသော ဗိုင်းရပ်စ်အမျိုးအစားတွေဟာလည်း နောက်တစ်ကြိမ်ထပ်မံကူးစက်ဖြစ်ပွားစေတတ်တာကြောင့် အသစ်ထွက်ပေါ်လာတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဟာလည်း အလားတူ ထပ်မံကူးစက်ဖြစ်ပွားစေတတ်တယ်ဆိုတာ လက်ခံနိုင်ဖွယ်ရှိတယ်လို့ ဖြေကြားခဲ့ပါတယ်။

## အပျော့စား လက္ခဏာများ

တခြားသော ကူးစက်ရောဂါဆိုင်ရာ လက္ခဏာများစွာတွေလို ကိုဗစ်-၁၉ နောက်တစ်ကြိမ် ထပ်မံကူးစက်ခံရတယ်ဆိုတဲ့ လူနာတွေမှာလည်း ရောဂါလက္ခဏာတွေ ပြင်းထန်မှု မရှိပါဘူး။



တစ်ခါတလေမှာဆိုရင် ရောဂါလက္ခဏာ လုံးဝမပြတာတောင် ရှိတတ်တယ်လို့ ပါမောက္ခ နာကာယာမာ တက်ဆူယိုက ပြောပါတယ်။

သာဓကအားဖြင့် RSV လို့ခေါ်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်တစ်မျိုးဟာ အအေးမိခြင်းကဲ့သို့ လက္ခဏာများ ဖြစ်ပေါ်စေပြီး ငယ်ရွယ်တဲ့သူတွေ ဒီဗိုင်းရပ်စ်ကူးစက်ခံရတဲ့အခါ ပိုပြီး ထိခိုက်စေနိုင်ပြီး နမိုးနီးယား သို့မဟုတ် အပြင်းဖျားတဲ့ ဝေဒနာကို ခံစားရစေတယ်လို့ သိရပါတယ်။

## ပြင်ပအရာဝတ္ထုကိုတွန်းလှန်

အာရ်အက်စ်ဗွီ ဗိုင်းရပ်စ်ကူးစက်ခံရတဲ့ ကလေးငယ် ၉၁ ဦးရဲ့ကိုယ်ထဲက ပဋိဇီဝပစ္စည်းပမာဏကို ပါမောက္ခ နာကာယာမာ ဦးဆောင်တဲ့ သုတေသနအဖွဲ့က လေ့လာခဲ့ပါတယ်။ အဲဒီလို လေ့လာလိုက်တဲ့အခါမှာ ဘာကိုတွေ့ရသလဲဆိုတော့ ကျွန်ုပ်တို့ဗိုင်းရပ်စ်ကူးစက်ခံရတဲ့အခါ ကျွန်ုပ်တို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပဋိဇီဝပစ္စည်းတွေဟာ ပြင်ပအရာဝတ္ထုကို တွန်းလှန်ဖို့ ဖွဲ့စည်းဖြစ်တည်လာပြီး ပဋိဇီဝပစ္စည်းပမာဏ လုံလုံလောက်လောက်ရှိရင် ရောဂါကူးစက် မခံရအောင် တားဆီးကာကွယ်နိုင်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

## ပဋိဇီဝပစ္စည်းတိုးပွားလာတဲ့အခါ ရောဂါလက္ခဏာ ပျော့လာ

ဒီလေ့လာမှုအရ တစ်နှစ်အရွယ် ကလေးတစ်ဦး ရောဂါကူးစက်ခံရတဲ့အခါ ကလေးရဲ့ခန္ဓာကိုယ်ထဲက ပဋိဇီဝပစ္စည်း အနည်းငယ်ကိုသာ ထုတ်လုပ်နိုင်တယ်ဆိုတာကို သိရှိရပါတယ်။ နောက်တစ်ခုထပ်မံတွေ့ရှိရတာကတော့ အကြိမ်ကြိမ် ရောဂါကူးစက်ခံရပြီးနောက်မှာ ခန္ဓာကိုယ်ထဲက ပဋိဇီဝပစ္စည်းပမာဏဟာ တိုးပွားလာတယ်ဆိုတဲ့အချက်ပါပဲ။ ခန္ဓာကိုယ်ထဲက ပဋိဇီဝပစ္စည်းတွေ တိုးပွားလာတာနဲ့အမျှ ရောဂါလက္ခဏာတွေကလည်း ပျော့လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ရောဂါကူးစက်ခံရတဲ့ ဖြစ်စဉ်အများစုမှာ ကူးစက်ခံရသူဟာ နှာရည်ယိုခြင်းကို ခံစားရပါတယ်။

နောက်ထပ် သာဓကတစ်ခုကို ကြည့်မယ်ဆိုရင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူအများစုမှာ ဒုတိယတစ်ကြိမ် ထပ်မံကူးစက်ခံရတဲ့အခါ ရောဂါလက္ခဏာဟာ ပိုပြီးပြင်းထန်တာကို တွေ့ရပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဟာ ခြင်ကတစ်ဆင့် ကူးစက်ဖြစ်ပွားတဲ့ရောဂါဖြစ်ပြီး များသောအားဖြင့် အပြင်းဖျားခြင်းနဲ့ ခေါင်းအလွန်အမင်းကိုက်ခြင်းကို ခံစားရစေပါတယ်။

## ဂရုတစိုက်စောင့်ကြည့်ဖို့ လိုအပ်

ဒီတော့ ဗိုင်းရပ်စ်အမျိုးအစားသစ်တစ်ခုဖြစ်တဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကရော ဘယ်လိုထူးခြားသလဲဆိုတာ လေ့လာသူတွေက စိတ်ဝင်စားခဲ့ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ခံရတဲ့ တချို့လူနာတွေမှာ ဘာလက္ခဏာမှ မပြကြသလို တချို့ဆို နောက်တစ်ကြိမ် ရောဂါကူးစက်ခံနေရမှန်းတောင် သတိမထားမိကြဘူးလို့ ပါမောက္ခ နာကာယာမာက ပြောပါတယ်။ နောက်တစ်ကြိမ် ရောဂါထပ်မံကူးစက်ခံရတဲ့အခါ လက္ခဏာတွေ ထင်ထင်ရှားရှား မပြတော့တာကြောင့် အခြေအနေကို ဂရုတစိုက် စောင့်ကြည့်ဖို့ မဖြစ်မနေလိုအပ်တယ်လို့ ၎င်းက အကြံပြုထားပါတယ်။

ကိုဗစ်-၁၉ တစ်ကြိမ်ကူးစက်ခံရပြီးနောက်မှာ နောက်တစ်ကြိမ်ထပ်မကူးအောင် ကာကွယ်နိုင်ခြင်း ရှိ မရှိ မေးမြန်းရာမှာ ကီတာဆာတိုတက္ကသိုလ်က နောက်ထပ် ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်တဲ့ ပါမောက္ခ ကာတာယာမာ ကာဇူဟီကိုက နောက်တစ်ကြိမ်ထပ်မကူးအောင် ကာကွယ်ဖို့ဆိုတာ ခက်ခဲတယ်လို့ ဖြေကြားခဲ့ပါတယ်။ ကမ္ဘာ့ပြည်သူတစ်ရပ်လုံးက အခုအချိန်မှာ ကာကွယ်ဆေးကို အသည်းအသန် အာရုံစိုက်နေကြရတဲ့ တစ်ခုတည်းသော အကြောင်းရင်းကလည်း ပျောက်ကင်းလိုက်၊ ပြန်ကူးစက်လိုက်နဲ့ ကိုဗစ်-၁၉ သံသရာ လည်နေတာကို အဆုံးသတ်သွားစေချင်လို့ပဲ ဖြစ်ပါတယ်။ ။

> “ကူးစက်ရောဂါဖြစ်ပွားစေတဲ့ တခြားသော ဗိုင်းရပ်စ်အမျိုးအစားတွေဟာလည်း နောက်တစ်ကြိမ် ထပ်မံကူးစက်ဖြစ်ပွားစေတတ်တာကြောင့် အသစ်ထွက်ပေါ်လာတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဟာလည်း အလားတူ ထပ်မံကူးစက်ဖြစ်ပွားစေတတ်တယ်ဆိုတာ လက်ခံနိုင်ဖွယ်ရှိ”

**ကိုးကား - အင်န်အိတ်ချ်ကေ**

# ကာကွယ်ဆေးထိုးဖို့ ဘယ်သူ့ကိုမှ မချန်ဘူး



တချို့က ကာကွယ်ဆေး ထိုးပြီးလို့ရှိရင် ပြီးသွားတာပဲဆိုပြီးတော့ ပေါ့ပေါ့တွက်ပါလိမ့်မယ်။ ဒါပေမယ့် ကာကွယ်ဆေးကို တစ်တိုင်းပြည်လုံးကို ကျွန်မတို့ထိုးပေးရမှာပါ။ ကျွန်မတို့နိုင်ငံမှာ ဘယ်သူမှမကျန်ဖို့ပေါ့။ ဒါတော့ ကျွန်မတို့ရဲ့မူပါပဲ။ ဘယ်သူ့ကိုမှ မချန်ခဲ့ဘူး။ အားလုံးကို ကျွန်မတို့ကနေပြီးတော့ ကျန်းမာရေးအရ ကာကွယ်မှုပေးဖို့ ကျွန်မတို့ စီစဉ်ပါတယ်။ ဒါပေမယ့် အားလုံးကို တစ်ချိန်တည်း ထိုးပေးနိုင်တာတော့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီကာကွယ်ဆေးထိုးတဲ့အစီအစဉ် တစ်နိုင်ငံလုံးအတွက် ပြီးမြောက်အောင်လို့ ဆိုရင် လနဲ့ ချီပြီးတော့ ကြာမှာပါ။ ဒါကြောင့် အခု၊ ဒီနေ့၊ မနက်ဖြန်၊ သန်ဘက်ခါလောက် ပြီးသွားမယ်လို့ အဲဒီလိုမယူဆပါနဲ့။ ကျွန်မတို့ကာကွယ်ဆေးတွေဟာလည်း ဒီလတော့ စပြီး ထိုးနိုင်မယ့် အခြေအနေတော့ ကျွန်မ မမြင်ပါဘူး။ အဲဒီတော့ မှာထားတာတွေရှိတယ်။ အစီအစဉ်တွေတော့ လုပ်ပြီးသားပါ။ ဒါပေမယ့် ဟိုဘက်ကလည်း ရောက်လာဖို့လည်း လိုပါသေးတယ်။ အစောဆုံးတော့ ကျွန်မတို့ လုပ်ပါမယ်။ နောက်ပြီးတော့ စလုပ်ပြီးတဲ့အချိန်ကနေပြီးတော့လည်း နောက်တွက်လိုက်မယ်ဆိုရင် လနဲ့ချီပြီးတော့ကြာမှ တစ်တိုင်းပြည်လုံးကို ပြီးသွားမှာပါ။ ဒီကြားထဲမှာ ကျွန်မတို့ အထူးဂရုစိုက်ဖို့လိုပါတယ်။ ဒီကြားထဲမှာ ဒီရောဂါထပ်ပြီးတော့ ဖြစ်နေမယ်ဆိုရင် ကျွန်မသတိပေးတဲ့ အတိုင်းပဲ၊ အရင်စောစောက သတိပေးတဲ့အတိုင်းပဲ ကျွန်မတို့ရဲ့ နိုင်ငံရဲ့စီးပွားရေးပေါ့။ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ ပြန်လည်လည်ပတ်ဖို့အတွက် နှောင့်နှေးသွားပါလိမ့်မယ်။ အဲဒီဟာအတွက် အထစ်အငေါ့ ဖြစ်ပါလိမ့်မယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄၈ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၀–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၀၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၄၈) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၁–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၇၈၀) ခု | (၇၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၈၅၀) ခု | (၅၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၀၆) ခု | (၅၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၁၈) ခု | – |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၉၂) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၅) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၉၁) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၀၇) ခု | (၂၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၁၆၅) ခု | (၄၁၇) ဦး |
| စုစုပေါင်း | (၂၁,၀၁၈) ခု | (၈၄၈) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများ နှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၁၂–၁၂–၂၀ | ၁၃–၁၂–၂၀ | ၁၄–၁၂–၂၀ | ၁၅–၁၂–၂၀ | ၁၆–၁၂–၂၀ | ၁၇–၁၂–၂၀ | ၁၈–၁၂–၂၀ | ၁၉–၁၂–၂၀ | ၂၀–၁၂–၂၀ | ၂၁–၁၂–၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၅.၆ | ၆.၁ | ၆.၁ | ၄.၈ | ၅.၃ | ၅.၁ | ၄.၆ | ၄.၄ | ၄.၆ | ၄.၀ |

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၂–၁၂–၂၀၂၀) ရက်နေ့မှ (၂၁–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၈,၅၆၄) ခုမှ အများဆုံး(၂၄,၅၀၁) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၂,၀၅၈)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက်ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၁–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ်(လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၁,၀၁၈) ဦး | (၁,၆၁၅,၆၇၂) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၈၄၈) ဦး | (၁၁ ၆,၉၈၂) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၂၉၈) ဦး | (၉၆,၆၈၅) ဦး |
| သေဆုံးလူနာ | (၂၂) ဦး | (၂,၄၆၅) ဦး |

- ယနေ့ သေဆုံးသူ (၂၂) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၉) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေး ဌာနများ၊ တပ်မတော်

စာမျက်နှာ ၁၈ သို့

# ဆက်ပြီး ထိန်းသိမ်းကြဖို့လိုသလို တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လိုက်နာကြပ်မတ်ကြဖို့လည်း လိုပါတယ်

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် ဒီဇင်ဘာ ၂၀ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် –**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**[ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ရန်ကုန်ရဲ့ လက်ရှိအခြေအနေကို သုံးသပ်တင်ပြရရင် ကိန်းဂဏန်းတွေအရ တိုးတက်ကောင်းမွန်လာတာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရည်မှန်းထားတဲ့ ရည်မှန်းချက်ကို မရောက်သေးပါဘူး။



ပါမောက္ခ ဒေါက်တာဇော်ဝေစိုး
[ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]

ကျွန်တော်တို့အနေနဲ့ ပြည်တွင်းကူးစက်မှု၊ မြို့တွင်းကူးစက်မှု၊ ကူးစက်ဖြစ်ပွားမှုတွေကို လုံးဝမရှိတော့ဘဲ **“သုည”** Zero ဖြစ်သွားတဲ့အထိ ရည်မှန်းပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ သန့်ရှင်းသွားတဲ့၊ ဖြူစင်သွားတဲ့၊ ပိုးကင်းစင်တဲ့ တိုင်းပြည်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာ၊ လမ်း၊ အိမ်တွေ ဖြစ်သွားဖို့ လိုပါတယ်။ ပိုးကင်းစင်တဲ့ အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းတွေ ဖြစ်သွားဖို့လိုပါတယ်။ ဒါမှသာ ပုံမှန်လည်ပတ်ပြီး လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒီနေ့ ရန်ကုန်အနေနဲ့ လူနာအသစ် ၂၄ နာရီအတွင်းမှာ ကိုဗစ် – ၁၉ Positive ၃၄၇ ဦး ရှိပါတယ်။ ၅၀၀ အောက်ကို ရောက်လာတာ ဖြစ်ပါတယ်။ ၅၀၀ အောက်ကို ရောက်လာတာက ရန်ကုန်အနေနဲ့ လေး / ငါးရက် ရှိသွားပါပြီ။ ကုသရေးဌာနတွေအနေနဲ့ ကိုဗစ် – ၁၉ ကုသရေးဌာနပေါင်း ၁၄ ခုမှာ ခုတင်ပေါင်း ၁၀၃၃၀ ရှိပါတယ်။ ဒီနေ့ဆိုရင် ၄၈၈၂ ခုတင်ပဲ လူနာတင်ကုသနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ ခုတင်အလွတ်တွေ ရှိနေပါတယ်။

ဒါပေမယ့် အရင်အောက်တိုဘာလ ၁၀ ရက်တုန်းကလို တစ်နေ့ ၂၀၀၀ ထွက်ရင် နှစ်ရက်စာ၊ သုံးရက်စာပဲ ရှိပါတယ်။ ဒါကြောင့် ဒါဟာ ကျွန်တော်တို့ အခြေအနေကို သုံးသပ်ပြခြင်းသာ ဖြစ်ပါတယ်။ ဆေးရုံကြီးတွေမှာလည်း အထူးကြပ်မတ်ကုသမှုခံယူနေတဲ့ လူနာတွေနဲ့ ကိုဗစ်ပြင်းထန်လူနာတွေ ကုသဖို့ ခုတင်ပေါင်း ၁၀၇၄ ခုတင် ရှိပါတယ်။ အခု ၇၂၇ ခုတင်သာ လူနာတွေ ကုသနေတာဖြစ်တဲ့အတွက် ပြင်းထန်အထူးကြပ်မတ်လူနာတွေအတွက် ကုသဖို့နေရာတွေ ရှိနေပါတယ်။

တစ်နေ့တစ်နေ့ Positive လူနာသစ်က အားလုံးသိတဲ့အတိုင်း ၂၀၀၀ ထွက်ခဲ့ပါတယ်။ ၂၀၀၀ ကနေ ၁၅၀၀၊ ၁၅၀၀ ကနေ ၁၀၀၀၊ ၁၀၀၀ ကနေအခု ၅၀၀ အောက်ကို စပြီး ရောက်လာတာ ဖြစ်ပါတယ်။ ဒါရဲ့ အဓိကအကြောင်းရင်းက ပြည်သူလူထုပါ။ ပြည်သူလူထုအနေနဲ့ နိုဝင်ဘာလကတည်းက Mask Campaign တွေ လုပ်ခဲ့ပါတယ်။ ပြည်သူလူထုတွေက လူထုလှုပ်ရှားမှုအသွင်နဲ့ Mask တွေ တပ်ခဲ့ကြတယ်၊ Face Shield တွေ တပ်ခဲ့ကြတယ်၊ တစ်ဦးကိုတစ်ဦး သတိပေးခဲ့ကြတယ်၊ ထိန်းသိမ်းခဲ့ကြတယ်၊ ကြပ်မတ်ခဲ့ကြတယ်၊ Social Distancing နဲ့ နေခဲ့ကြပါတယ်။ ကျွန်တော် ထင်ပါတယ်၊ အဲဒီအကျိုးကို ခံစားရတာ ဖြစ်မှာပါ။

ဒါပေမယ့် ဒါကိုဆက်ပြီး ထိန်းသိမ်းကြဖို့လိုသလို တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လိုက်နာကြပ်မတ်ကြဖို့လည်း လိုပါတယ်။ တကယ်လို့ ကိုဗစ်စင်တာတွေမှာ ရှေ့လျှောက်ဆက်လက်ပြီး ယခုလို လူနာတွေနည်းလာမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ စီစဉ်ထားတာက ကိုဗစ်စင်တာ တချို့ကို စတင်ပြီးလျှော့မှာဖြစ်ပါတယ်။ Stand By အနေနဲ့ ပိတ်ထားမှာ ဖြစ်ပါတယ်။

ကျွန်တော်ဆိုလိုတာက Stand By အဆင်သင့်အနေအထားနဲ့ ပိတ်ထားမှာ ဖြစ်ပါတယ်။ ဥပမာ – ရန်ကင်းပညာရေးကောလိပ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ လှိုင်နဲ့ လှိုင်မြတ်လေးတို့မှာရှိတဲ့ ကိုဗစ်စင်တာတွေကို တဖြည်းဖြည်း စတင်ပြီး Stand By အဆင်သင့်အနေအထားနဲ့ ပိတ်ထားမှာ ဖြစ်ပါတယ်။

လိုအပ်ရင် ပြန်ပြီးဖွင့်နိုင်အောင်၊ တကယ်လို့ မလိုအပ်ဘူးဆိုရင် လူအင်အားတွေကို လျှော့ချပြီး အသုံးပြုရအောင်၊ လိုအပ်တဲ့နေရာမှာ ရွှေ့ပြောင်းပြီး လူအင်အားတွေကို အသုံးပြုရအောင်၊ ကျွန်တော်တို့ရဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဗော်လံတီယာတွေ၊ သူနာပြုတွေ၊ အထောက်အကူပြုအဖွဲ့တွေ ပင်ပန်းနေကြပြီ။ သူတို့တစ်တွေ နားခွင့်ရအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သူတို့တွေရဲ့အင်အား ဆက်လက်ပြီး ရှင်သန်ကြီးထွားနေအောင် ကျွန်တော်တို့ ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆက်ပြီး ကျလာမယ်ဆိုရင် ကိုဗစ်စင်တာတွေကို တစ်ခုပြီး တစ်ခု လျှော့ချပိတ်သိမ်းသွားပြီး နောက်ဆုံးအနေနဲ့ အရင်တုန်းကစခဲ့သလို ဖောင်ကြီးကို ထားရှိမှာ ဖြစ်ပါတယ်။ အောင်မြင့်မိုရ်တို့၊ ရိုးမတို့ ပြီးရင် ဖောင်ကြီးကိုထားရှိမှာ ဖြစ်ပါတယ်။

ယခုလည်း ရန်ကုန်မှာ ပြည်သူ့ပရဟိတဆေးရုံကို ကိုဗစ် – ၁၉ ဆေးရုံအဖြစ် အသုံးပြုဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော် ထင်ပါတယ်၊ ဒီလိုတဖြည်းဖြည်း လျှော့ချပိတ်သိမ်းသွားပြီး လုပ်ငန်းတွေက အနည်းဆုံး နှစ်နှစ်/ သုံးနှစ် ကြာမှာ ဖြစ်ပါတယ်။ **“ကိုဗစ်”** ကို ကျွန်တော်တို့ လုံးဝထိန်းချုပ်လို့ရပြီး ပိုင်ပိုင်နိုင်နိုင်ဖြစ်တဲ့အထိ ကာကွယ်ဆေးထိုးတဲ့လုပ်ငန်းတွေ၊ ကုသရေးတွေ၊ အခုလိုထိန်းချုပ်ကာကွယ်မှုတွေက အနည်းဆုံး နှစ်နှစ်/ သုံးနှစ် ကြာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ နှစ်နှစ်/ သုံးနှစ်ရဲ့ Plan ကို ကျွန်တော် ပြောနေခြင်းဖြစ်ပါတယ်။ ဒီနေ့ တစ်ရက်၊ နှစ်ရက်အတွင်း ပြောင်းလဲသွားမှာကို ကျွန်တော်ပြောနေခြင်း မဟုတ်ပါဘူး။

ပြည်သူလူထုက အဓိက ဖြစ်ပါတယ်။ ခုနကပြောသလို Mask တပ်ရပါမယ်၊ လက်ဆေးရပါမယ်၊ Face Shield တပ်ရပါမယ်၊ Social Distancing နဲ့ နေရပါမယ်၊ ထမင်းစားရင် မျက်နှာချင်းဆိုင် မစားဘဲ ဘေးတိုက်စားရပါမယ်၊ ဖြစ်နိုင်ရင် တစ်ဦးတစ်ယောက်ချင်းစီ သီးခြားစားရပါမယ်၊ စကားပြောရင် Mask တပ်ပြီး ပြောရပါမယ်၊ မျက်နှာချင်းဆိုင် တည့်တည့်ကပ်ပြီး ပြောလို့ မရပါဘူး၊ ဒါတွေက နိစ္စဓူဝ ပြုမြဲကဲ့သို့ ကျင့်သုံးပြုမူရမှာ ဖြစ်ပါတယ်။

ကျွန်တော် အရင်ပြောဖူးပါတယ်။ ခါးဝတ်ပုဆိုးလို မြဲမြံစွာပြုမူရမှာ ဖြစ်ပါတယ်။ အများပြောနေတဲ့ New Normal လို့ပြောရမယ့်အချိန် မဟုတ်တော့ပါဘူး။ Normal လိုနေရမယ့်အချိန် ခုနက ပြောတာတွေအားလုံးက Normal လိုနေရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ဒါဟာ New Normal မဟုတ်ဘူး၊ Normal ဖြစ်ပါတယ်။

အိမ်မှာရှိတဲ့ ကျွန်တော်တို့ ဝတ်ဖို့အတွက် အဝတ်အစားအရေအတွက် ဥပမာ – အင်္ကျီ ၁၀ ထည်ရှိရင် Mask ၁၀ ခုရှိရပါမယ်။ ပုဆိုး ၁၀ ထည်ရှိရင် Mask ၁၀ ခုရှိရပါမယ်။ အဲဒီလိုမျိုး စုဆောင်းထားဖို့၊ ထားရှိထားဖို့နဲ့ တစ်နေ့၊ တစ်ရက်၊ တစ်ပတ်၊ တစ်လအတွက် မဟုတ်ဘဲ နှစ်ပေါင်းများစွာ၊ ဆယ်စုပေါင်းများစွာအတွက် ကျင့်သုံးရမယ့် Normal ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အားလုံး လိုက်နာရမှာ ဖြစ်ပါတယ်။

ယခုလောလောဆယ် အပြောင်းအလဲတွေ ရှိလာတာက ပုဂ္ဂလိကဆေးရုံတွေကို Covid – 19 Guide Line တွေနဲ့အညီ ဖွင့်လှစ်ခွင့်စတင်ပေးနေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကဆေးရုံတွေကို ဆေးကုသခွင့်အပြင် စစ်ဆေးခွင့်ကိုပါ ပေးတော့မှာဖြစ်ပါတယ်။ လူနာတွေကို Positive လား၊ Negative လား သိအောင်စစ်ဆေးပြီး ကုသမှုတွေဆက်ပြီးပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခင်ကထက်ပိုပြီး စစ်ဆေးမှုတွေကို ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကိုလည်း နိုင်ငံတော်က သတ်မှတ်ထားတဲ့၊ စစ်ဆေးနိုင်တဲ့ နည်းပညာတွေ၊ စစ်ပေးနိုင်မယ့် ပစ္စည်းတွေ၊ စစ်ဆေးနိုင်တဲ့ Test Kit အမျိုးအစားတွေနဲ့ ပုဂ္ဂလိကဆေးရုံတွေ၊ ပြည်သူ့ဆေးရုံတွေ မခွဲခြားဘဲ အတူစစ်ဆေးနိုင်မှာဖြစ်ပါတယ်။ ဒီလိုစစ်ဆေးမှုတွေ များများစစ်နိုင်ဖို့နဲ့ ပိုးရှိတဲ့သူတွေကတစ်ဆင့် ကူးစက်မှုတွေ ဖြတ်တောက်နိုင်ဖို့ အရေးကြီးပါတယ်။ များများစစ်ဆေးနိုင်လေ၊ ပိုးရှိတဲ့သူများများတွေ့လေ၊ များများတွေ့တဲ့သူတွေကို ကျွန်တော်တို့ ထိန်းသိမ်းနိုင်လေ၊ ပြန့်ပွားမှု နည်းလေ၊ ကူးစက်မှုကို ဖြတ်တောက်နိုင်လေ ဖြစ်ပါတယ်။

လူထုထဲမှာ ပိုးရှိတဲ့သူတွေ ကျန်မနေဖို့၊ မသိဘဲနဲ့ ပြန့်မနေဖို့ အရေးကြီးပါတယ်။ ကိုဗစ် – ၁၉ ရဲ့ ၆၀ ရာခိုင်နှုန်းသောသူတွေက လက္ခဏာမပြဘဲရှိနေနိုင်ပါတယ်။ သူလို၊ ကိုယ်လိုလူတွေထဲမှာ လက္ခဏာမပြဘဲနဲ့ ပိုးရှိနေနိုင်ပါတယ်။ ဒီလိုပိုးရှိနေနိုင်တဲ့လူတွေကနေ တစ်ဦးကို တစ်ဦး၊ ကူးစက်နိုင်တာ ဖြစ်ပါတယ်။ ဒီလိုလူတွေကို ဖော်ထုတ်နိုင်လေ ကူးစက်မှုကို ထိန်းသိမ်းနိုင်လေ ဖြစ်ပါတယ်။

ဒါပေမယ့် ပိုးတွေ့ပြီး၊ စစ်ဆေးပြီးလည်း ယခုအခါမှာ ပိုးဟာ သုံးလ/ လေးလနေရင် ပြန်လည်ပြီး ဝင်ရောက်နိုင်တယ် ဆိုတာသိတဲ့အတွက် Mask တပ်ပါ၊ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော် ထပ်ပြီးပြောပါမယ်။ Mask တပ်ပါ၊ Face Shield တပ်ပါ၊ ဖြစ်နိုင်ရင် Face Shield တပ်ပါ။ အမြဲတမ်း မတပ်နိုင်ဘူးလို့ သိရှိရပါတယ်။ ဥပမာ–ဈေးထဲ မှာ သားငါးရောင်းတဲ့သူတွေ၊ ခုတ်ထစ်နေတဲ့သူတွေ Face Shield တပ်ထားဖို့ ခက်ပါလိမ့်မယ်၊ မှန်ပါတယ်။ ဒါပေမယ့် အတတ်နိုင်ဆုံး ကိုယ့်ရဲ့အချိန်တော်တော်များများကို Face Shield တပ်ထားပါ၊ လက်ဆေးပါ၊ Social Distancing, Physical Distancing တွေနဲ့ နေပါ၊ ခွာခွာဝေးဝေးနေပါ၊

မျက်နှာချင်းဆိုင် နီးနီးကပ်ကပ် စကားမပြောပါနဲ့၊ ဝိုင်းဖွဲ့ပြီးမနေပါနဲ့၊ ဝိုင်းဖွဲ့ပြီး စကားမပြောပါနဲ့။ အထူးသဖြင့် ဝိုင်းဖွဲ့ပြီး မစားကြ၊ မသောက်ကြပါနဲ့။ တချို့ပန်းခြံတွေထဲမှာ တွေ့ပါတယ်။ တချို့သူတွေက ဈေးဆိုင်တွေပိတ်ထားတော့ စားစရာ၊ သောက်စရာတွေ ယူလာပြီး ဝိုင်းဖွဲ့ပြီး စားသောက်နေတာ တွေ့ရပါတယ်။ အထူးဆင်ခြင်ဖို့ လိုပါလိမ့်မယ်။

ကျွန်တော် ယခင်တုန်းက ပြောခဲ့သလို ကိုဗစ်–၁၉ ကာကွယ်ပြုစုနေထိုင်မှု စောင့်ကြည့်ရေးအဖွဲ့တွေကို ဖွဲ့ဖို့လိုပါတယ်။ ဥပမာ – အိမ်မှာဆိုရင် သားတစ်ယောက်၊ သမီးတစ်ယောက်ဖြစ်ဖြစ်။ သူကနေ ကိုဗစ်–၁၉ နဲ့ ပတ်သက်တဲ့ နေထိုင်မှုတွေကို သူ့အိမ်က အိမ်သားတွေ လိုက်နာသလား၊ မလိုက်နာဘူးလားဆိုတာကို စောင့်ကြည့်ပြီး သတိပေးနေဖို့ လိုပါတယ်။

တစ်ခါတလေ သတိလက်လွတ် ဖြစ်သွားတတ်ပါတယ်။ ဒီလို သတိလက်လွတ်ဖြစ်သွားတာကို မဖြစ်အောင် တစ်ယောက်က သတ်သတ်မှတ်မှတ်လေး သတိပေးနေဖို့ လိုပါတယ်။ ဥပမာ – ထမင်းစားနေရင် မျက်နှာချင်းဆိုင် ထမင်းစားမိလိုက်တာ၊ ဒါကို ကျွန်တော်တို့တားရမှာ ဖြစ်ပါတယ်။ အိမ်မှာ ထမင်းစားရင်တောင် ဘေးတိုက်စားဖို့ကို သတိပေးရမှာ ဖြစ်ပါတယ်။

အလားတူ စက်ရုံတိုင်း၊ အလုပ်ရုံတိုင်း၊ ကျောင်းတိုင်း၊ နေရာတိုင်း၊ ဈေးတိုင်းမှာ စောင့်ကြည့်သတိပေးတဲ့အဖွဲ့ လိုအပ်ပါတယ်။ ၂၄ နာရီမပြတ်၊ စဉ်ဆက်မပြတ် စောင့်ကြည့်သတိပေးတဲ့သူတွေ လိုအပ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့က ကိုဗစ်–၁၉ နဲ့ အညီ အမျှနေနိုင်တဲ့သူတွေ၊ ၂၄ နာရီမပြတ် တစ်သက်လုံးနေနိုင်တဲ့သူတွေ၊ Normal နေနိုင်တဲ့သူတွေဖြစ်လာမှာ ဖြစ်ပါတယ်။ လမ်းတိုင်း၊ ရပ်ကွက်တိုင်းမှာ စောင့်ကြည့်သတိပေးတဲ့သူတွေ လိုပါတယ်။ မြို့ရွာတိုင်း၊ မြို့တိုင်း၊ ရွာတိုင်းမှာ စောင့်ကြည့်သတိပေးတဲ့အဖွဲ့တွေ လိုပါတယ်။ အသေအချာဖွဲ့စည်းထားဖို့ လိုမယ်လို့ထင်ပါ တယ်။ အလွန်အရေးကြီးတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ ဆောင်ရွက်ချက်က ထိရောက်ရင် ထိရောက်သလောက် မြန်မာပြည်ဟာ ဖြူစင်သန့်ရှင်းပြီး ကိုဗစ်ရောဂါကင်းမှာ ဖြစ်ပါတယ်။

ယခုအခါမှာ ကိုဗစ် Test စစ်ဆေးခွင့်ကို သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့အညီ ပုဂ္ဂလိကနဲ့ လုပ်ငန်းတွေကို စစ်ဆေးခွင့်ပေးမှာ ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးလိုက်ရင် ပိုးရှိတဲ့သူတွေကို ပိုမိုပြီး တွေ့ရှိလာမယ်လို့ မျှော်လင့်ရပါတယ်။ ထိုသူတွေက စည်းကမ်းစနစ်တကျ မနေထိုင်ရင် ကူးစက်နိုင်တာဖြစ်ပါတယ်။ ၎င်းပိုးရှိသူတွေနဲ့ နီးနီးကပ်ကပ်နေသူတွေကလည်း စည်းကမ်းစနစ်တကျ မနေရင် ကူးစက်ပြန့်ပွားသွားမှာ ဖြစ်ပါတယ်။ ယခုအနေအထားအရ လူဦးရေရဲ့ သုံးရာခိုင်နှုန်း၊ လေးရာခိုင်နှုန်းက ပိုးရှိသူတွေ ဖြစ်နေနိုင်ပါတယ်။

တကယ်လို့သာ ဒီ Data ၊ ဒီတွက်ချက်မှုသာ မှန်ကန်မယ်ဆိုရင် ရန်ကုန်ရဲ့ လူဦးရေ ခုနစ်သန်းမှာ သုံးရာခိုင်နှုန်းဆိုရင် ၂၁၀၀၀၀ ပိုးရှိသူဖြစ်နေနိုင်ပါတယ်။ လေးရာခိုင်နှုန်းဆိုရင် ၂၈၀၀၀၀ ပိုးရှိနေနိုင်ပါတယ်။ ဒါကို ယခုအချိန်မှာ ကျွန်တော်တို့ တစ်သိန်းလောက် ရှာထားပြီးပြီဆိုရင် တကယ်တော့ တစ်သိန်း/ နှစ်သိန်း လူထုထဲမှာရှိနေနိုင်တာ ဖြစ်ပါတယ်။

ဒါကိုရပ်ကွက်အလိုက်၊ လုပ်ငန်းအလိုက်၊ စက်ရုံအလိုက်၊ အလုပ်ရုံအလိုက် အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ အစီအစဉ်နဲ့ စနစ်တကျတွက်ချက်ပြီး၊ စီမံကိန်း၊ စီမံချက်အသေအချာရေးဆွဲပြီး အားလုံးစုပေါင်းပါဝင် အကောင်အထည်ဖော်ကာ ပိုးရှိသူကို ရှာမယ်၊ စစ်မယ်၊ ပြုစုစောင့်ရှောက်ကုသမှုကို လုပ်မယ်ဆိုရင် ရန်ကုန်မြို့နဲ့ တိုင်းပြည်ကို သန့်ရှင်းသွားအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**“ပြည်သူလူထုက အဓိကဖြစ်ပါတယ်။ ခုနကပြောသလို Mask တပ်ရပါမယ်၊ လက်ဆေးရပါမယ်၊ Face Shield တပ်ရပါမယ်၊ Social Distancing နဲ့ နေရပါမယ်၊ ထမင်းစားရင် မျက်နှာချင်းဆိုင် မစားဘဲ ဘေးတိုက်စားရပါမယ်၊ ဖြစ်နိုင်ရင် တစ်ဦးတစ်ယောက်ချင်းစီ သီးခြားစားရပါမယ်၊ စကားပြောရင် Mask တပ်ပြီး ပြောရပါမယ်၊ မျက်နှာချင်းဆိုင် တည့်တည့်ကပ်ပြီး ပြောလို့မရပါဘူး၊ ဒါတွေက နိစ္စဓူဝပြုမြဲကဲ့သို့ ကျင့်သုံးပြုမူရမှာ ဖြစ်ပါတယ်”**

*စာမျက်နှာ ၁၇ သို့*

## ၂၁-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၈၂၆၇၅၇၉ | ၁၀၆၂၂၀၈၂ | ၃၂၄၈၆၉ |
| ၂။ | အိန္ဒိယ | ၁၀၀၅၆၂၄၈ | ၉၆၀၆၁၁၁ | ၁၄၅၈၄၃ |
| ၃။ | ဘရာဇီး | ၇၂၁၈၆၀၀ | ၆၂၄၅၈၀၁ | ၁၈၆၇၇၃ |
| ၄။ | ရုရှား | ၂၈၇၇၇၂၇ | ၂၂၉၅၁၆၂ | ၅၁၃၅၁ |
| ၅။ | ပြင်သစ် | ၂၄၇၃၃၅၄ | ၁၈၃၈၀၆ | ၆၀၅၄၉ |
| ၆။ | ဗြိတိန် | ၂၀၄၀၁၄၇ | စိစစ်ဆဲ | ၆၇၄၀၁ |
| ၇။ | တူရကီ | ၂၀၂၄၆၀၁ | ၁၈၀၀၂၈၆ | ၁၈၀၉၇ |
| ၈။ | အီတလီ | ၁၉၅၃၁၈၅ | ၁၂၆၁၆၂၆ | ၆၈၇၉၉ |
| ၉။ | စပိန် | ၁၈၁၇၄၄၈ | စိစစ်ဆဲ | ၄၈၉၂၆ |
| ၁၀။ | အာဂျင်တီးနား | ၁၅၄၁၂၈၅ | ၁၃၆၈၃၄၆ | ၄၁၈၁၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁- ၁၂ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၇၁၇၇၈ | ၅၄၆၈၈၄ | ၂၀၀၈၅ |
| ဖိလစ်ပိုင် | ၄၆၁၅၀၅ | ၄၂၉၂၀၇ | ၈၉၅၇ |
| မြန်မာ | ၁၁၆၉၈၂ | ၉၆၆၈၅ | ၂၄၆၅ |
| မလေးရှား | ၉၅၃၂၇ | ၇၈၃၉၃ | ၄၃၈ |
| စင်ကာပူ | ၅၈၄၃၂ | ၅၈၂၇၉ | ၂၉ |
| ထိုင်း | ၅၂၈၉ | ၄၀၅၃ | ၆၀ |
| ဗီယက်နမ် | ၁၄၁၄ | ၁၂၆၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၃ | ၃၄၅ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၃၇ | ၀ |

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ဒီဇင်ဘာ ၂၂ ရက် အင်္ဂါနေ့ ညနေပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရှင်များဖြစ်ကြသည့် ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) မှ ပါမောက္ခ ဒေါက်တာအောင်သိန်းဌေး၊ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာအေးသိန်းနှင့် ရှမ်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင် တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

Positive တွေ့ရှိလာသူတွေကို လူထုအား၊ သက်ဆိုင်ရာ အဖွဲ့အစည်းအားနဲ့ မိမိရပ်ကွက်၊ ကျေးရွာရဲ့အင်အားနဲ့ ဝိုင်းဝန်းကူညီစောင့်ရှောက်ဖေးမကူညီပြုစုကြရမှာ ဖြစ်ပါတယ်။ အခုနိုင်ငံတော်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်နေတဲ့ ကိုဗစ်စင်တာတွေကို လိုအပ်ရင် ဆက်လက်ထိန်းသိမ်းပြီး ကုသစောင့်ရှောက်မှုပေးရာမှာ အသုံးပြုရမှာဖြစ်ပါတယ်။ နည်းပညာအိုင်တီရဲ့ အကူအညီနဲ့ Positive ဖြစ်တဲ့သူတွေ၊ Contact ဖြစ်သွားတဲ့သူတွေကို တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ ဆက်သွယ်ပြုစုကုသစောင့်ရှောက်နိုင်အောင် စီစဉ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရန်ကုန်မှာ ဒီအတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ယခုအခါမှာ ရှေ့ပြေးစမ်းသပ်မှုအနေနဲ့ ကိုဗစ်ရှိတဲ့ လူနာတွေကို QR Code အသုံးပြုပြီး ကိုဗစ်စင်တာထဲမှာ အိုင်တီနည်းသုံးကာ စောင့်ကြည့်ကြပ်မတ်ကုသပေးလျက် ရှိပါတယ်။ တစ်ယောက်မကျန်၊ တစ်အိမ်မကျန်တွေ့ပြီး တစ်အိမ်မကျန်၊ ရပ်ကွက်တစ်ခုမကျန်၊ တစ်မြို့မကျန် ကျွန်တော်တို့ ထိန်းသိမ်းပြုစုစောင့်ရှောက်နိုင်ခဲ့မယ်ဆိုရင်၊ လပိုင်းအတွင်း အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တင်ပြခဲ့သလို သန့်ရှင်းပြီး ကိုဗစ်ကင်းတဲ့ ရန်ကုန်နဲ့ မြန်မာနိုင်ငံဖြစ်သွားမှာ ဖြစ်ပါတယ်။

လူထုအားနဲ့ ပိုးရှိတဲ့သူကို ရှာပါမယ်၊ လူထုအားနဲ့ ပိုးရှိတဲ့သူကို ဖေးမကူညီစောင့်ရှောက်ပါမယ်၊ လူထုအားနဲ့ ဆက်လက်ပြီး ကာကွယ်ထိန်းသိမ်းကြမယ်၊ လူအားလုံး ပါဝင်ကြတဲ့၊ အားလုံးညီညွတ်တဲ့၊ အားလုံးအတွက် အားလုံးက အနစ်နာခံစွန့်လွှတ်ကြတဲ့ ကိုဗစ်ကာကွယ် ထိန်းသိမ်းမှုကို ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ ကျန်းမာ၊ ချမ်းသာ သာယာဝပြောတဲ့ မြန်မာနိုင်ငံ၊ ကိုဗစ် ကင်းစင်တဲ့ မြန်မာနိုင်ငံဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ထက်လျှံ**

## ကမ္ဘောဇဘဏ်က ကိုဗစ်-၁၉ ရောဂါကို ရှေ့တန်းမှရင်ဆိုင်နေသော ကျန်းမာရေးဝန်ထမ်းများအား ဟိုတယ်တွင် အခမဲ့နေထိုင်စားသောက်နိုင်ရေးပံ့ပိုးကူညီ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသ ထိန်းချုပ်ရေးတွင် ရှေ့တန်းမှ ဆောင်ရွက်နေကြသော ဆရာဝန်များ၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း အခမဲ့အနားယူ နေထိုင်စားသောက်နိုင်ရန်အတွက် ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ Jasmine Palace Hotel ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရထံသို့ ယနေ့ လွှဲပြောင်းလိုက်သည်။




အဆိုပါ လွှဲပြောင်းအပ်နှံသည့် အခမ်းအနားတွင် ကမ္ဘောဇဘဏ်၏ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်လင်းအောင်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ အခန်းပေါင်း ၂၀၀ ကျော် ပါဝင်သည့် ကြယ်လေးပွင့် အဆင့်ရှိ Jasmine Palace Hotel ကို ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ကာလအတွင်း အသုံးပြုနိုင်ရန်အတွက် တရားဝင်လွှဲပြောင်းပေးအပ်လိုက်ခြင်းဖြစ်သည်။ **(ယာအပေါ်ပုံ)** ကမ္ဘောဇဘဏ်သည် အောက်တိုဘာ ၂၀ ရက်မှ စတင်၍ ဟိုတယ်တွင် ကျန်းမာရေးဝန်ထမ်းများ အနားယူနေထိုင်နိုင်ရန် နေ့စဉ်အခမဲ့ ကူညီပံ့ပိုးလှူဒါန်းထားသည်။

ကမ္ဘောဇဘဏ်၏ နေ့စဉ်အခမဲ့ ကူညီလှူဒါန်းမှုတွင် Jasmine Palace Hotel ၌ ကျန်းမာရေးဝန်ထမ်းများ အနားယူနေထိုင်ခွင့်နှင့်အတူ နံနက်စာ၊ နေ့လယ်စာ၊ ညစာများကိုလည်း နိုင်ငံတကာမှ ကျွမ်းကျင်စားဖိုမှူးကြီးများက တည်ခင်းဧည့်ခံကျွေးမွေးလျက်ရှိသည့်အပြင် အားလပ်ချိန်တွင် အနားယူနိုင်ရန်အတွက် ရေကူးကန်၊ အားကစားခန်းမ၊ ဘားကောင်တာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးထားပြီး တစ်ရက်နှစ်ကြိမ် အခမဲ့ Laundary ဝန်ဆောင်မှုကိုပါ ထည့်သွင်းပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုလို တန်ဖိုးကြီးမားသည့် ဟိုတယ်ကြီးတွင် ကျန်းမာရေးဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နားနေနိုင်သည့် နေရာတစ်ခုစီစဉ်ပေးသည့်အတွက် လွန်စွာဝမ်းသာပီတိဖြစ်မိပါကြောင်း၊ ဆေးရုံများတွင် တစ်နေကုန် အလုပ်လုပ်နေကြရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယခုနေရာသို့ ရောက်ရှိလာသည့်အခါ ကောင်းမွန်သည့် ရုပ်ဝန်းတွင် အားဖြည့်ပြီး အလုပ်များ ပြန်လည်လုပ်ကြရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကူညီဆောင်ရွက်ပေးသည့်အတွက် ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

"ဒီနေရာကို စီစဉ်ဆောင်ရွက်ပေးတဲ့ ကမ္ဘောဇဘဏ်ကို အများကြီးကျေးဇူးတင်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ဒီလိုနေရာမှာ နေထိုင်ပြီး ဆေးရုံတွေသွားရတာ လုပ်ငန်းခွင်အတွက်ရော မိသားစုဝင်များအတွက်ပါ အကျိုးရှိပါတယ်။ အိမ်ကနေ တာဝန်ထမ်းဆောင်ရတဲ့အခါ မိသားစုတွေအတွက် စိတ်ပူနေရတဲ့သူတွေအတွက်လည်း ဒီမှာ သီးခြားနေခွင့်ရတော့ အလွန်အဆင်ပြေပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာ ကောင်းမြတ်တိုး က ပြောသည်။

ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇညီနောင်ကုမ္ပဏီများသည် ဖေဖော်ဝါရီ ၂၆ ရက်မှ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၁၁ ဒသမ ၂ ဘီလီယံကျော် လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**

## ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၁၄ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ယနေ့ နံနက် ၁၁ နာရီခွဲက လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးသည်။

အဆိုပါ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၁၄ ဦးမှာ အမျိုးသား ၁၀ ဦး၊အမျိုးသမီး လေးဦးတို့ဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မှ တစ်ဦး၊ ရမည်းသင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်မှ ငါးဦးနှင့် နောင်ချိုမြို့နယ်မှ သုံးဦး တို့ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများကို ချင်းရွှေဟော်မြို့ အမှတ် (၁) ရပ်ကွက်တွင် အသွားအလာကန့်သတ်စောင့်ကြပ်ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ပထမအကြိမ် Rapid Test Kit စနစ်ဖြင့် စစ်ဆေးခြင်းနှင့် ဒုတိယအကြိမ်အဖြစ် ၎င်းတို့၏ ဓာတ်ခွဲနမူနာ တို့ဖတ်များကို ထပ်မံရယူ၍ မူဆယ်မြို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိရကြောင်းသိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီက သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ် လွှဲပြောင်းပို့ဆောင်ပေးကြောင်း သိရသည်။

**ဇင်ဇင် (ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၁-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၀-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၉၄၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန် | ၃၃ |
| | | တာမွေ | ၂၉ |
| | | မင်္ဂလာဒုံ | ၂၄ |
| | | ရွှေပြည်သာ | ၁၉ |
| | | မြောက်ဥက္ကလာပ | ၁၇ |
| | | မှော်ဘီ | ၁၃ |
| | | သာကေတ | ၁၃ |
| | | ကော့မှူး | ၁၃ |
| | | တောင်ဥက္ကလာပ | ၁၁ |
| | | လှိုင်သာယာ | ၁၀ |
| | | မရမ်းကုန်း | ၁၀ |
| | | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၁၀ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၀ |
| | | ကမာရွတ် | ၈ |
| | | တိုက်ကြီး | ၈ |
| | | သဃ်န်းကျွန်း | ၈ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၇ |
| | | လမ်းမတော် | ၇ |
| | | သုံးခွ | ၆ |
| | | အလုံ | ၆ |
| | | ရန်ကင်း | ၆ |
| | | ဒဂုံ * | ၆ |
| | | ခရမ်း | ၆ |
| | | လှည်းကူး | ၅ |
| | | မင်္ဂလာတောင်ညွန့် | ၅ |
| | | တွံတေး | ၅ |
| | | သန်လျင် | ၄ |
| | | လှိုင် | ၄ |
| | | ဗိုလ်တထောင် | ၃ |
| | | ပုဇွန်တောင် | ၃ |
| | | ထန်းတပင် | ၃ |
| | | လသာ | ၃ |
| | | ဒလ | ၃ |
| | | စမ်းချောင်း | ၁ |
| | | ကျောက်တန်း | ၁ |
| | | ကြည့်မြင်တိုင် | ၁ |
| | | ဒေါပုံ | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၃၂၄ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၇၃ |
| | | အောင်မြေသာစံ | ၅၈ |
| | | မဟာအောင်မြေ | ၅၃ |
| | | ချမ်းမြသာစည် | ၃၇ |
| | | ပြည်ကြီးတံခွန် | ၁၆ |
| | | အမရပူရ | ၁၅ |
| | | ပြင်ဦးလွင် | ၉ |
| | | ကျောက်ဆည် | ၃ |
| | | ပုသိမ်ကြီး | ၃ |
| | | မြင်းခြံ | ၂ |
| | | နွားထိုးကြီး | ၂ |
| | | စဥ့်ကိုင် | ၁ |
| | | တောင်သာ | ၁ |
| | | မလှိုင် | ၁ |
| | | ရမည်းသင်း | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | သာစည် | ၁ |
| | | ငါန်းဇွန် | ၁ |
| | | စုစုပေါင်း | ၂၇၈ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၇၁ |
| | | ဝေါ | ၁၀ |
| | | နတ်တလင်း | ၅ |
| | | ထန်းတပင် * | ၄ |
| | | ပေါင်းတည် | ၄ |
| | | ပေါက်ခေါင်း | ၃ |
| | | ကြို့ပင်ကောက် | ၂ |
| | | လက်ပံတန်း | ၂ |
| | | ဖြူး | ၂ |
| | | သနပ်ပင် | ၂ |
| | | ကျောက်တံခါး | ၁ |
| | | ညောင်လေးပင် | ၁ |
| | | အုတ်တွင်း | ၁ |
| | | စုစုပေါင်း | ၁၀၈ |
| ၄။ | မကွေးတိုင်းဒေသကြီး | မြို့သစ် * | ၁၅ |
| | | စလင်း | ၁၀ |
| | | မကွေး | ၆ |
| | | မင်းဘူး | ၄ |
| | | ဆင်ပေါင်ဝဲ | ၄ |
| | | တောင်တွင်းကြီး | ၄ |
| | | အောင်လံ | ၃ |
| | | ဂန့်ဂေါ | ၃ |
| | | ပခုက္ကူ | ၃ |
| | | ရေနံချောင်း | ၃ |
| | | ချောက် | ၂ |
| | | မြိုင် | ၁ |
| | | နတ်မောက် | ၁ |
| | | ငဖဲ | ၁ |
| | | ဆိတ်ဖြူ | ၁ |
| | | စေတုတ္တရာ | ၁ |
| | | စုစုပေါင်း | ၆၂ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၁၉ |
| | | မြောင်းမြ | ၁၂ |
| | | ပုသိမ် | ၁၀ |
| | | မော်လမြိုင်ကျွန်း | ၆ |
| | | ဒေးဒရဲ | ၄ |
| | | ညောင်တုန်း | ၄ |
| | | လပွတ္တာ | ၁ |
| | | ရေကြည် | ၁ |
| | | စုစုပေါင်း | ၅၇ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၂၉ |
| | | ပေါင် | ၅ |
| | | ကျိုက်ထို | ၂ |
| | | စုစုပေါင်း | ၃၆ |
| ၇။ | ကချင်ပြည်နယ် | ဖားကန့် | ၁၃ |
| | | မြစ်ကြီးနား | ၄ |
| | | မိုးညှင်း | ၄ |
| | | မိုးကောင်း | ၂ |
| | | ဝိုင်းမော် | ၂ |
| | | စုစုပေါင်း | ၂၅ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၁၃ |
| | | မုံရွာ | ၅ |
| | | ဟုမ္မလင်း | ၁ |
| | | ရွှေဘို | ၁ |
| | | ထီးချိုင့် | ၁ |
| | | စုစုပေါင်း | ၂၁ |
| ၉။ | ရှမ်းပြည်နယ် | သီပေါ | ၄ |
| | | မူဆယ် | ၄ |
| | | နောင်ချို | ၃ |
| | | လားရှိုး | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၁၀။ | နေပြည်တော် | ဇေယျာသီရိ | ၂ |
| | | ပုဗ္ဗသီရိ | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | ဥတ္တရသီရိ | ၁ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၁။ | ရခိုင်ပြည်နယ် | စစ်တွေ | ၂ |
| | | အမ်း | ၂ |
| | | ကျောက်ဖြူ | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ကရင်ပြည်နယ် | မြဝတီ | ၄ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ကော့သောင်း | ၂ |
| | | ရေဖြူ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၄။ | ချင်းပြည်နယ် | မတူပီ | ၃ |
| | | စုစုပေါင်း | ၃ |
| | (၂၀-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၉၄၇) ဦး |

* ဒဂုံမြို့နယ်မှ (၂) ဦး၊ ထန်းတပင်မြို့နယ်မှ (၁) ဦးနှင့် မြို့သစ်မြို့နယ်မှ (၁) ဦးတို့သည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၂၀-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၉၄၇) ဦးတွင် အနံ့မရရှိသူ (၈၁) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၅ မှ*

ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၉၈) ဦးတွင်-

- ပြည်သူ့ဆေးရုံများ-(၇၀၇) ဦး
- COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့)- (၅၉၁) ဦး ပါဝင်ပါသည်။

- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၀၄၆) ဦးတွင်-
  - o Hotel Quarantine – (၁၈၈) ဦး
  - o Facility Quarantine – (၄၅) ဦး
  - o Community Based Facility Quarantine – (၇၈၀) ဦး
  - o Anosmia Center – (၃၃) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ရွှေဘို၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**ရွှေဘို ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ယနေ့မွန်းလွဲပိုင်းကအလှူရှင်မိသားစုက ရွှေဘိုမြို့ မြို့တော်ခန်းမရှိ We Love Shwebo ရုံးခန်းမ၌ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းရာတွင် အလှူရှင်မိသားစုဖြစ်သည့် ရွှေဘိုမြို့အမှတ်(၆)ရပ်ကွက် သခွတ္တောရပ်နေ ကိုဇော်မင်းထွေး+မဖြိုးစန္ဒာထွန်း(ဆန်းသီတာ) စတိုးမိသားစုက ကိုဗစ်-၁၉ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် RDT Test Kit အတွက် ငွေကျပ်သိန်း ၁၈၀ ကျပ်၊ We Love Shwebo အတွက် ငွေကျပ်သိန်း၅၀ ၊ ရွှေဘိုမြို့ပြည်သူ့ဆေးရုံကြီး(ကုသ) အတွက် ငွေကျပ်သိန်း ၅၀၊ မျှဝေခြင်း(သက်ကြီးရွယ်အိုများ အာဟာရထောက်ပံ့ရေး) အတွက်ငွေကျပ်သိန်း ၂၀၊ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုများကို ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်၊ ဆရာတော်ဦးနိမလ၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျှာအောင်၊ ဆရာဦးတင်ဝင်း (TWS)၊ ဆရာဦးအောင်ကိုကို (We Love Shwebo) တို့က လက်ခံယူကြောင်း သိရသည်။**မိုးသောက်(ရွှေဘို)**



# ပုဂ္ဂလိကစီးပွားရေးကဏ္ဍအတွက် ငါးနှစ်စီမံကိန်းရေးဆွဲ၍ ကုန်သည်/စက်မှုအသင်းချုပ်က အကောင်အထည်ဖော်မည်

**ရန်ကုန်  ဒီဇင်ဘာ ၂၁**

ပုဂ္ဂလိက စီးပွားရေးကဏ္ဍများအတွက် မဟာဗျူဟာငါးနှစ်စီမံကိန်းရေးဆွဲ၍ ၂၀၂၀-၂၀၂၁ သက်တမ်းကာလတွင် ကုန်သည်/စက်မှုအသင်းချုပ်က ဦးဆောင်ပြီး ညီနောင်အသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စဉ်ဆက်မပြတ်ထိတွေ့ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည့် ကုန်သည်/စက်မှုအသင်းချုပ်၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး (Virtual Meeting) ၌ အသင်းချုပ်ဥက္ကဋ္ဌက ပြောကြားသည်။

အစည်းအဝေးတွင် အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက "ကုန်သည်/စက်မှုအသင်းချုပ်ဟာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ကိုယ်စားပြုတဲ့ ဦးဆောင်အဖွဲ့အစည်းဖြစ်တာကြောင့် စီးပွားရေးကဏ္ဍပေါင်းစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေဖို့ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်းတွေနဲ့ လုပ်ငန်းရှင်တွေရဲ့ အကြံဉာဏ်ကောင်းတွေကို ရယူပြီး ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အသင်းချုပ်အနေနဲ့ ချမှတ်ထားတဲ့ အစီအစဉ်နဲ့ ရှေ့လုပ်ငန်းစဉ် (၁၂) ချက်ကို အခြေခံပြီးမဟာဗျူဟာ ငါးနှစ်စီမံကိန်းရေးဆွဲမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကို အသင်းချုပ်က ဦးဆောင်ပြီး ညီနောင် အသင်းအဖွဲ့တွေ၊ ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ စဉ်ဆက်မပြတ်ထိတွေ့ပေါင်းစပ်ညှိနှိုင်းပြီး လာမယ့် ၂၀၂၀-၂၀၂၁ သက်တမ်းကာလမှာ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ထို့အပြင် မြန်မာ့စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်စီးပွားရေးစနစ်သို့ ကူးပြောင်းရေး၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ နည်းပညာကို အသုံးပြု၍ ဝန်ဆောင်မှုများ (E- commerce, Mobile Payment) စသည့်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် အသင်းချုပ်က ဦးဆောင်ကြိုးပမ်းလျက်ရှိပြီး Myanmar 4.0 နှင့် စပ်လျဉ်း၍ Myanmar Computer Federation နှင့် ပူးပေါင်း အကောင်အထည်ဖော်နေကြောင်း သိရသည်။

၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်တားဆီးနိုင်မည့် ဆေးဝါးများပေါ်ထွက်လာပြီး ရောဂါဖြစ်ပွားမှုနှုန်း လျော့နည်းကာ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အခက်အခဲများ၊ စိန်ခေါ်မှုများ လျော့နည်းလာပြီး ပြန်လည်ရှင်သန်လုပ်ကိုင်လာနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်သွယ်သည့်လမ်းဖောက်လုပ်

**နေပြည်တော်  ဒီဇင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်လျက်ရှိကြောင်း ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)မှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ရန်ပုံငွေကျပ် ၁၈၀ ဒသမ ၄၄ သန်းဖြင့် ဖလမ်းခရိုင် ဖလမ်းမြို့နယ် အိုင်ကွန်- အိုင်ရဲဘွာလ်-ကြောင်ပေွ့- ကော့ဆဲကြား ၃၉ မိုင်အနက် ၆ မိုင်လမ်း တာချဲ့ဖောက်လုပ်ပြီး ကျန် ၃၃ မိုင် အနက် ၂ မိုင်လမ်း တာချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း၊ (၈၀၀'x၁၂'x၂') ကျောက်စီ မြေထိန်းနံရံနှင့် (၁၆၀'x၂'၆"x၂') ကျောက်စီ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ (၈၀၀'x၂'x၂') ကွန်ကရစ် ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို စတင် ဆောင်ရွက်လျက်ရှိပြီး ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမြေသားလမ်း ၃၉ မိုင် ဖောက်လုပ်ပြီးစီးပါက ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာဒေသခံများမှာ မြို့ပြနှင့် ကျေးလက် ရာသီမရွေး ပိုမိုလွယ်ကူစွာ ကူးလူးသွားလာနိုင်ပြီး ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းကြောင့် ကျေးရွာ အုပ်စု ၅ အုပ်စု၊ ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၁၀၃၄ အိမ်၊ လူဦးရေ ၂၇၅၈ ဦး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၄၄၄ ဒသမ ၉၂ သန်းဖြင့် ဖလမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ရှိန်း**
**(ခတု)**




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၆၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၆၅၅ | ကျပ် | ၆၅၅/၆၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၆၇၀ | ကျပ် | ၆၇၀/၆၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၈၅/၆၁၅ | ကျပ် | ၆၅၀/၆၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၇၃၀ | ကျပ် | ၇၇၅/၇၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၈ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၃ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၉ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၄ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၀ . ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၅၆၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၇၀၀ | ၇၃၂၂ | ၇၁၃၃၆၇၀၀ |
| MTSH | ၃၈၀၀ | ၃၇၅၀ | ၉၂၃၆ | ၃၄၅၃၁၅၀၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၃၆၃၄ | ၈၁၇၆၅၀၀၀ |
| TMH | ၂၈၀၀ | ၀ | ၀ | ၀ |
| EFR | ၃၇၅၀ | ၅၇၀၀ | ၂၈ | ၁၀၄၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြို့ရွာမှတ်တမ်း ဂေဇက်တီးယားများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

အင်္ဂလိပ်ဝေါဟာရ ဂေဇက်တီးယား(Gazetteer)သည် နေရာဒေသအညွှန်းဟု အဓိပ္ပာယ်ရှိသည်။ ဂေဇက်တီးယားတွင် မြေပုံများ၊ ဆွဲပုံများ၊ ဒေသ ပထဝီဝင်ဆိုင်ရာ ဖွဲ့စည်းပုံများနှင့် လူနေမှုဆိုင်ရာစာရင်းဇယားများ၊ အချက်အလက်များ ပါဝင်သည်။

ဒေသတစ်ခု၏အချက်အလက်မှတ်တမ်းများကို စနစ်တကျပြုစုထားသည့် ဂေဇက်တီးယားများတွင် နယ်မြေဒေသ၏ ပထဝီဝင်နှင့် သတင်းအချက်အလက်အားလုံးကို ဖော်ပြထားသဖြင့် ယင်းဒေသကို အုပ်ချုပ်မည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို များစွာအထောက်အကူဖြစ်စေသည်။ ထို့ကြောင့် ဗြိတိသျှတို့သည် အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးချိန်မှစ၍ မြန်မာနိုင်ငံရှိ ဒေသအသီးသီးကို နိုင်နင်းစွာအုပ်ချုပ်နိုင်ရန် ဂေဇက်တီးယားများကို ပြုစုခဲ့ကြသည်။

**ဗြိတိသျှခေတ် အုပ်ချုပ်ရေး**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးမဆုံးရှုံးမီအထိ မှူးကြီးမတ်ရာ၊ သေနာပတိ၊ မြို့စား၊ နယ်စား၊ ရွာစားများကို မဏ္ဍိုင်ပြုလျက် ဘုရင်အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ပထမအကြိမ် ကျူးကျော်စစ်ဆင်နွှဲပြီး ရခိုင်ဒေသနှင့် တနင်္သာရီဒေသကို သိမ်းပိုက်၍ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က ရခိုင်ဒေသကို ဘင်္ဂလားအစိုးရ၏လက်အောက်တွင် ထားရှိ၍ တနင်္သာရီဒေသကို အိန္ဒိယဘုရင်ခံချုပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။

၁၈၅၂ ခုနှစ်တွင် ဗြိတိသျှတို့သည် မြန်မာနိုင်ငံအပေါ် ဒုတိယအကြိမ် ကျူးကျော်စစ်ဆင်နွှဲပြီး ပဲခူးဒေသကို သိမ်းပိုက်၍ ရခိုင်၊ တနင်္သာရီနှင့် ပဲခူးတို့ကို ပေါင်းကာ ဝန်ရှင်တော်မင်းကြီး(Commissioner)က အုပ်ချုပ်ခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့သည် တတိယအကြိမ် ကျူးကျော်စစ်ဆင်နွှဲ၍ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ကာ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က အထက်မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းကြောင်း ကြေညာခဲ့ပြီးနောက် ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် အထက်မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၈၈၆ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် မြန်မာနိုင်ငံဥပဒေများ အက်ဥပဒေ(Burma Laws Act)ကို ပြဋ္ဌာန်း၍ ဆာချားလ်စ်ဘားနဒ်(Sir Charles Bernard)သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော မဟာဝန်ရှင်တော်မင်းကြီး(Chief Commissioner)ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံ အုပ်ချုပ်ရေးလုပ်ငန်းအဝဝကို ဆောင်ရွက်ရန် ၁၈၉၀ ပြည့်နှစ်တွင် အတွင်းဝန်များရုံးနှင့် ၁၈၉၂ ခုနှစ်တွင် အစိုးရအိမ်တော်ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်း၌ တည်ဆောက်ခဲ့သည်။

၁၈၉၇ ခုနှစ် မေ ၁ ရက်တွင် မြန်မာနိုင်ငံကို ဒုတိယဘုရင်ခံချုပ် အုပ်ချုပ်သည့် အဆင့်သို့ တိုးမြှင့်ခဲ့ပြီး ဆာဖရက်ဒရစ်ဖရိုင်ယာ(Sir Frederic William Richard Fryer)ကို ဒုတိယဘုရင်ခံချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းယူခဲ့ချိန်မှစ၍ လွတ်လပ်ရေးပေးခဲ့သည့် အချိန်အထိ အုပ်ချုပ်ခဲ့ရာတွင် ကိုလိုနီခေတ်အုပ်ချုပ်ရေးယန္တရားကို ဒိုင်အာခီမတိုင်မီအုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေးနှင့် ၉၁ ဌာနအုပ်ချုပ်ရေးဟု ပိုင်းခြားနိုင်ခဲ့သည်။

**ဗြိတိသျှ ဗမာ ဂေဇက်တီးယား**

၁၈၇၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဗြိတိသျှ ဗမာ ဂေဇက်တီးယား(British Burma Gazetteer)သည် မြန်မာနိုင်ငံ၏ ပထမဆုံး ဂေဇက်တီးယားဖြစ်သည်။ ယင်းဂေဇက်တီးယားကို Major Ralph Separman က ပြုစုခဲ့ပြီး ၁၈၇၉ ခုနှစ်တွင် ဒုတိယတွဲကို ဦးစွာထုတ်ဝေခဲ့ပြီးမှ ပထမတွဲကို ၁၈၈၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ ဒုတိယတွဲတွင် မြန်မာနိုင်ငံရှိ မြို့ရွာမြစ်ချောင်းများကို အက္ခရာစဉ်ဖြင့် ဖော်ပြခဲ့ပြီး တည်နေရာ၊ နောက်ခံသမိုင်း၊ လူဦးရေ၊ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရရှိမှုတို့ ပါဝင်ခဲ့သည်။ ပထမတွဲတွင် တည်နေရာနှင့် ပထဝီဝင်အနေအထားနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ဖော်ပြခဲ့သည်။

အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားသော ဗြိတိသျှတို့သည် ၁၈၈၀ ပြည့်နှစ်မှစ၍ အထက်မြန်မာနိုင်ငံ ဘုရင့်အစိုးရနှင့် ဆက်ဆံရေး ယိုယွင်းလာခဲ့သည်။ ယင်းအချိန်ကပင် ဗြိတိသျှအစိုးရသည် အင်္ဂလိပ်-မြန်မာ တတိယစစ်ကို ပြင်ဆင်ခဲ့ဟန် ရှိခဲ့ပေသည်။ ၁၈၈၃ ခုနှစ်တွင် Major Douglas MacNeill ကို Report and Gazetteer of Burma, Native and British စာအုပ် ပြုစုရန် တာဝန်ပေးခဲ့ပြီး ဆင်းမလားရှိ GNO ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ရာ အခန်းသုံးခန်း ပါရှိခဲ့သည်။ ပထမအခန်းတွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲသမိုင်းကြောင်းများကို ရေးသား၍ ဒုတိယအခန်းတွင် ဗြိတိသျှတို့ သိမ်းယူထားသည့် မြန်မာနိုင်ငံအကြောင်းကို မြေပုံများဖြင့် ဖော်ပြကာ တတိယအခန်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဂေဇက်တီးယားကို ပြုစုခဲ့သည်။ ထို့ကြောင့် ယင်းစာအုပ်များသည် အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းယူရေးတွင် များစွာ အထောက်အပံ့ဖြစ်ခဲ့သည်။

**မြန်မာဂေဇက်တီးယားများ**

မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ပြီးနောက် ဗြိတိသျှတို့သည် မြန်မာဂေဇက်တီးယားများကို ဆက်လက် ပြုစုထုတ်ဝေခဲ့ကြရာ ၁၉၀၀ ပြည့်နှစ်တွင် J.G. Scotte ပြုစုသည့် အထက်မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ် ဂေဇက်တီးယား (Gazetteer of Upper Burma and the Shan States) စာအုပ်အတွဲ ငါးတွဲ ထွက်ရှိခဲ့သည်။ ယင်းဂေဇက်တီးယား အပိုင်း(၁)တွင် အတွဲ နှစ်တွဲနှင့် အပိုင်း(၂)တွင် အတွဲသုံးတွဲ ပါရှိသဖြင့် အတွဲငါးတွဲဟု ဖော်ပြခဲ့ကြသည်။

ယင်းစာအုပ် အပိုင်း(၁) အတွဲ(၁)တွင် အထက်မြန်မာနိုင်ငံ၏ ပထဝီဝင်


THE
BRITISH BURMA GAZETTEER
IN TWO VOLUMES.
VOL. II.
Compiled by Authority.
30157
910.309591G
R.B.G./Bur
OFFICE OF THE DIRECTOR GENERAL OF ARCHAEOLOGY
Library Reg No
INDIA
Rangoon:
PRINTED AT THE GOVERNMENT PRESS.
1879.

၁၈၇၉ ခုနှစ်က ထုတ်ဝေခဲ့သည့် ဂေဇက်တီးယား။

အနေအထားများ၊ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ အုပ်ချုပ်ခဲ့သည့် အထက်မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲနှင့် အထက်မြန်မာနိုင်ငံကို သိမ်းယူရေးသို့ ဦးတည်စေသည့်အကြောင်းများ၊ မြန်မာနိုင်ငံကို သိမ်းယူပြီး ပထမတစ်နှစ်အတွင်း အခြေအနေများ၊ နောက်ဆုံး အေးဆေးငြိမ်သက်မှု၊ ရှမ်းဒေသများနှင့် တိုင်ဘာသာစကား၊ ကချင်တောင်တန်းများနှင့် ဂျိန်းဖော၊ ချင်းတောင်တန်းနှင့် ချင်းမျိုးနွယ်စုများ၊ လူမျိုးစုဗေဒ ဟူသည့် အခန်း ကိုးခန်းပါရှိပြီး ပုံနှိပ်စာမျက်နှာ ၇၃၇ မျက်နှာရှိသည်။

အပိုင်း(၁) အတွဲ(၂)တွင် ယုံကြည်ကိုးကွယ်မှု ဘာသာတရားနှင့် ရုပ်သွင်ပုံဟန်များ၊ နေရာဒေသ ဓလေ့ထုံးတမ်းများ၊ ရှေးဟောင်းသုတေသန၊ ဘူမိဗေဒ၊ စီးပွားရေးသတ္တုဗေဒ၊ သစ်တောနှင့် သဘာဝပေါက်ပင်များ၊ စိုက်ပျိုးရေး၊ စက်မှုအနုပညာ၊ ဝင်ငွေခွန်ဆိုင်ရာ အုပ်ချုပ်ရေး၊ လူဦးရေ၊ ကုန်သွယ်ရေး၊ မြန်မာဘုရင်များလက်ထက်က အစိုးရများနှင့် အုပ်ချုပ်ပုံများ ပါဝင်ခဲ့သည်။

ဂေဇက်တီးယား အပိုင်း(၂)ကို ၁၉၀၁ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်တွင်ပါရှိသည့် အတွဲသုံးတွဲတွင် အထက်မြန်မာနိုင်ငံတစ်ခုလုံးရှိ ကျေးရွာအုပ်စုများ၊ မြစ်ချောင်းများကို အက္ခရာစဉ်၍ ဖော်ပြခဲ့သည်။

အထက်မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ် ဂေဇက်တီးယားကို ထုတ်ဝေပြီးနောက် ခရိုင်ဂေဇက်တီးယားများကို ဆက်လက် ပြုစုထုတ်ဝေခဲ့ရာ ၁၉၁၂ ခုနှစ်တွင် အများဆုံး ထွက်ရှိခဲ့သည်။ ခရိုင်တစ်ခုစီ၏ ဂေဇက်တီးယားများသည် အများအားဖြင့် အတွဲနှစ်တွဲရှိ၍ ဒုတိယတွဲများကို ပထမတွဲများ၏ နောက်ဆက်တွဲအဖြစ် ၁၉၂၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ သို့သော် အချို့သော ခရိုင်ဂေဇက်တီးယား ဒုတိယတွဲများသည် ပုံနှိပ်ထုတ်ဝေခြင်း မရှိခဲ့သကဲ့သို့ အချို့ခရိုင်များသည် ပထမတွဲပင် ထွက်ရှိခြင်းမရှိခဲ့ချေ။ ဗြိတိသျှတို့ ပြုစုထုတ်ဝေခဲ့သည့် ခရိုင်ဂေဇက်တီးယား ဒုတိယတွဲများအနက် ရန်ကုန်မြို့၊ ရှမ်းပြည်တောင်ပိုင်း၊ ရှမ်းပြည်မြောက်ပိုင်းနှင့် ကရင်နီ ဂေဇက်တီးယားတို့တွင် လူဦးရေစာရင်း တစ်ခုတည်းကိုသာ ဖော်ပြထားသည်။ ဗြိတိသျှအစိုးရလက်ထက်တွင် ရိုက်နှိပ်ခဲ့သည့် ဂေဇက်တီးယား ဒုတိယတွဲ ၄၃ အုပ်ရှိကြောင်း ဗန်းမော်ခရိုင် ဂေဇက်တီးယားတွင် ဖော်ပြထားသည်။

**ဂေဇက်တီးယားတွင်ပါဝင်သည့် အခန်းများ**

ဗြိတိသျှတို့သည် ဂေဇက်တီးယားများအားလုံးကို တူညီသော ရေးသားပြုစုပုံ တစ်မျိုးတည်းဖြင့် ထုတ်ဝေခဲ့ပြီး ပထမတွဲတွင် အခန်း ၁၃ ခန်း ပါဝင်သည်။ ယင်းအခန်းများသည် ဒေသဆိုင်ရာရုပ်သွင် ဖော်ပြချက်၊ သမိုင်းနှင့် ရှေးဟောင်းသုတေသန၊ ဒေသနေ ပြည်သူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ သစ်တောနှင့် သတ္တု၊ အသက်မွေးဝမ်းကျောင်းနှင့် ကုန်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဘေးအန္တရာယ် ဒုက္ခနှင့် ရင်ဆိုင်ရမှုများ၊ အထွေထွေအုပ်ချုပ်ရေး၊ အခွန်တော်အုပ်ချုပ်ရေး၊ နယ်မြေအုပ်ချုပ်မှု၊ ပညာရေး၊ ပြည်သူလူထုကျန်းမာရေး၊ အထွေထွေကိစ္စရပ်များ ဖြစ်ကြသည်။

ဂေဇက်တီးယား ဒုတိယတွဲများတွင် အပိုင်းသုံးပိုင်းပါရှိ၍ အပိုင်း(၁)တွင် တည်နေရာမြေပုံအညွှန်း(လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်)၊ အုပ်ချုပ်မှုနယ်မြေများ၊ လူဦးရေ၊ ကိုးကွယ်မှုအလိုက် လူဦးရေစာရင်း၊ စာတိုက်၊ ဆေးရုံ၊ ဈေး၊ လမ်း၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကူးတို့ဆိပ်၊ လုပ်အားခနှုန်းထား၊ ရဲတပ်ဖွဲ့အင်အားနှင့် တာဝန်ချထားမှုတို့ ပါရှိ၍ အပိုင်း(၂)တွင် အပူချိန်၊ မိုးရေချိန်၊ စိုက်ပျိုးဆိုင်ရာစာရင်းဇယား၊ သီးနှံအထွက်စာရင်း၊ စိုက်ပျိုးစရိတ်ချေးငွေ၊ အခွန်တော်အရပ်ရပ်ရရှိမှု၊ မှုခင်းဖြစ်ပွားမှု၊ တရားစီရင်မှု၊ အကျဉ်းထောင်၊ ကာကွယ်ဆေးထိုးနှံမှုနှင့် စာသင်ကျောင်းများ ပါရှိကာ အပိုင်း(၃)တွင် ကျေးရွာတစ်ခုချင်းအလိုက် လူဦးရေစာရင်းကို ဇယားများဖြင့် ဖော်ပြသည်။

ဗြိတိသျှတို့သည် မိမိတို့ အကျိုးစီးပွားအတွက် ဒေသတစ်ခုချင်းစီ၏ အချက်အလက်များကို အသေးစိတ် မှတ်တမ်းပြုစုခဲ့၍ ယင်းတို့သည် ဗြိတိသျှအစိုးရလက်ထက် မြန်မာနိုင်ငံ မြို့ပြမှတ်တမ်းများ ဖြစ်လာခဲ့ကြပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်း ဗြိတိသျှဂေဇက်တီးယား ပထမတွဲများကို အစိုးရက ပြန်လည်ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

**လွတ်လပ်ရေးနောက်ပိုင်း အုပ်ချုပ်ရေး**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် အုပ်ချုပ်ရေးယန္တရားကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်၍ တရားဥပဒေစိုးမိုးရေး၊ အခွန်ကောက်ခံရေး၊ စည်ပင်သာယာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် တာဝန်များကို ခေတ်အဆက်ဆက် တာဝန်ယူခဲ့သည်။ ဖဆပလခေတ်ပါလီမန်အုပ်ချုပ်ရေးကာလ(၁၉၄၈-၁၉၆၂)တွင် ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်မဒေသများ အုပ်ချုပ်မှုကိစ္စအရပ်ရပ်ကို အထွေထွေအုပ်ချုပ်ရေးဌာနနှင့် ရဲတပ်ဖွဲ့ကို အမာခံထား၍ စီမံခန့်ခွဲခဲ့သည်။ ထိုစဉ်က အုပ်ချုပ်ရေးဝန်ထမ်းများသည် ဝန်ကြီးဌာနများနှင့် အတွင်းဝန်ရုံးများတွင် အတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ အတွင်းဝန်လေးများအဖြစ်လည်းကောင်း၊ နယ်များ၌ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်များအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာနကို အထွေထွေ အုပ်ချုပ်ရေးဌာနခွဲ အပါအဝင် ဌာနခွဲ ၁၃ ခုဖြင့် ဖွဲ့စည်းခဲ့သည်။

၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ခံ၍ ကျေးရွာမြို့ပြအုပ်ချုပ်ရေးနှင့် အထွေထွေ အုပ်ချုပ်ရေးလုပ်ငန်းများ၊ တရားရေးဝန်ကြီးဌာနကို တာဝန်ခံ၍ ရာဇဝတ်မှုနှင့် ပြစ်မှု ကြိုတင်ကာကွယ်ရေး၊ မှုခင်းဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကို တာဝန်ခံ၍ မြေယာအုပ်ချုပ်ရေး၊ ယစ်မျိုးအုပ်ချုပ်ရေး၊ ငွေတိုက်အုပ်ချုပ်ရေး လုပ်ငန်းများ၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာနကို တာဝန်ခံ၍ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းများ၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရဝန်ကြီးဌာနကို တာဝန်ခံ၍ မြူနီစပယ်၊ မြို့ကော်မတီ၊ ဒိစတိတ်ကောင်စီနှင့် ခရိုင်အုပ်ချုပ်သော ဒေသန္တရအဖွဲ့များဆိုင်ရာ လုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကို တာဝန်ခံ၍ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းနှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အုပ်ချုပ်ရေးအာဏာကို ပြည်မတွင် ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ ပြည်နယ်များတွင် ပြည်နယ်ဦးစီးအဖွဲ့များကလည်းကောင်း၊ နယ်ခြားဒေသ တိုင်းသုံးတိုင်း၊ ခရိုင် ခုနစ်ခုနှင့် မြို့နယ် ၁၈ မြို့နယ်ကို နယ်ခြားဒေသအုပ်ချုပ်ရေးဌာနကလည်းကောင်း ကျင့်သုံးစီမံသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးနောက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ပြီး ပြည်နယ်ဦးစီးအဖွဲ့များကို ပြင်ဆင်ခဲ့သည်။ တော်လှန်ရေးကောင်စီသည် ၁၉၇၂ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအောက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ထည့်သွင်းခဲ့ပြီး ၁၉၇၇ ဧပြီ ၁ ရက်တွင် အထွေထွေဦးစီးဌာနဟု ပြင်ဆင်ခေါ်ဝေါ်ခဲ့ကာ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် မူလအမည်သို့ ပြန်လည်ပြောင်းလဲခဲ့သည်။

**မြန်မာတို့ပြုစုသော ဂေဇက်တီးယားများ**

ဗြိတိသျှတို့သည် ယင်းတို့၏ အုပ်ချုပ်မှုယန္တရားကို ကောင်းစွာလည်ပတ်နိုင်စေရန် ဂေဇက်တီးယားများကို ပြုစုခဲ့ကြသကဲ့သို့ မြန်မာဘုရင်များလက်ထက်ကလည်း စစ်တမ်းခေါ် နယ်အုပ်ချုပ်ရေး အစီရင်ခံစာများကို ပြုစုခဲ့သည်။

နေပြည်တော်တွင်နန်းစိုက်သည့် ဘုရင်က နယ်အုပ်ချုပ်ရေးအခြေအနေများကို သိရှိရန် ဝန်အဆင့်ရှိသူကို စေလွှတ်၍ စုံစမ်းမေးမြန်းစေကာ နယ်မြေကို အုပ်ချုပ်သူက ဝန်စစ်မေးသမျှကို ဖြေကြားရသည်။ ယင်း အမေးအဖြေ မှတ်တမ်းကို စစ်တမ်းဟု ခေါ်ဆိုပြီး သာသနာ့မြေနှင့် မင်းမြေ အပိုင်းအခြားကို အဓိက စစ်မေးလေ့ရှိခဲ့သည်။ ယင်းစစ်မေးချက်များကို ဘုရင်က အမိန့်ပြန်တမ်း ထုတ်ပြန်သည်။

ကိုလိုနီခေတ် အုပ်ချုပ်ရေးအရ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်၊ သူကြီး စသည့် အုပ်ချုပ်ရေးဝန်ထမ်း အခေါ်အဝေါ်များသည် ယခုအခါတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟု ပြောင်းလဲခဲ့သည်။

အဆင့်ဆင့်သော အုပ်ချုပ်ရေးဝန်ထမ်းများသည် နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားကို ချောမွေ့စွာ လည်ပတ်နိုင်ရန် တာဝန်ထမ်းဆောင်ကြရာတွင် လုပ်ငန်းများကို လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာ အချက်အလက်များကို အသေးစိတ်သိရှိထားရန် လိုအပ်လာခဲ့သည်။ ထို့ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသည် မိမိတို့မြို့နယ်ဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာနအသီးသီးက ပေးပို့သည့် ကိန်းဂဏန်းများနှင့် အညီ ပြုစုခဲ့သည်။ မြို့နယ် ဒေသဆိုင်ရာအချက်အလက် မှတ်တမ်းများသည် ဗြိတိသျှခေတ်က ထုတ်ဝေခဲ့သည့် ဂေဇက်တီးယားများ၏ သဘောသဘာဝနှင့် အတူတူဖြစ်သည်။

မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များတွင် အခန်း ၁၀ ခန်း၊ ခေါင်းစဉ်ခွဲ ၅၀ ပါဝင်ကာ မြို့နယ်နှင့် မြို့ဆိုင်ရာ အချက်အလက်များကို ဖော်ပြသည့် မြေပုံများကိုပါ ထည့်သွင်းထားသည်။ နိဒါန်းနှင့် ဒေသသမိုင်းမှ အစချီ၍ ပထဝီဝင် အနေအထား၊ ရာသီဥတုနှင့် သဘာဝဝန်းကျင်၊ လူဦးရေဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များနှင့် အထွေထွေဟူသည့် အခန်း ၁၀ ခန်းတွင် မြို့နယ်နှင့်ပတ်သက်သမျှ သတင်းအချက်အလက်များကို ဖော်ပြထားသဖြင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများအတွက် များစွာ အထောက်အကူဖြစ်သကဲ့သို့ သုတေသီများကလည်း ခိုင်မာစွာ အကိုးအကားပြုနိုင်ကြသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် ထုတ်ပြန်သည့် စာရင်းချုပ်အရ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်တို့တွင် မြို့နယ် ၃၃၀ ပါဝင်သည်။ မြို့နယ် ဒေသဆိုင်ရာအချက်အလက် မှတ်တမ်းများကို နှစ်စဉ်ပြုစုလျက်ရှိသဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များ၏ နောက်ဆုံးသတင်းအချက်အလက်များကို လေ့လာနိုင်ကြပေသည်။ ။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သုံးခွမြို့နယ် ညောင်လန်းကုန်း ဓာတ်အားခွဲရုံကို တက်ရောက်ဖွင့်လှစ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ၂၀၁၉ -၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် သုံးခွမြို့နယ် ညောင်လန်းကုန်းဓာတ်အားခွဲရုံ ဖွင့်ပွဲကို ယမန်နေ့က အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရမ်းမြို့နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ရန်ပုံငွေအသုံးပြု၍ တိုင်းဒေသကြီး အတွင်း တည်ဆောက်ပြီးစီးသော ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသစ် ၁၃ ရုံရှိရာ မြောက်ပိုင်းခရိုင်အတွင်း ခြောက်ရုံနှင့် တောင်ပိုင်းခရိုင်အတွင်း ငါးရုံ ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ယခု ညောင်လန်းကုန်း ဓာတ်အားခွဲရုံကို ဖွင့်လှစ်ပေးမည်ဖြစ်၍ ဓာတ်အားခွဲရုံသစ် ၁၂ ရုံ ဖွင့်လှစ်ပေးနိုင်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးတို့ကို အဓိက ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

သုံးခွမြို့နယ်တွင်ယခင် ဖွင့်လှစ်ပေးသည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဒေါင့်ကြီးဓာတ်အားခွဲရုံအပြင် ယခုညောင်လန်းကုန်းဓာတ်အားခွဲရုံကိုပါ ထပ်မံတည်ဆောက်ဖွင့်လှစ်ပေးနိုင်သဖြင့် သုံးခွမြို့နယ်အတွင်း ကျေးရွာပေါင်း ၃၄ ရွာ၊ အိမ်ထောင်စုပေါင်း ၄၄၉၀ ထပ်မံဓာတ်အားရရှိမည်ဖြစ်သည်။

ဆန်းကျော်ဦး(ပြန် /ဆက် )



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ ရှေးဟောင်းရှေးထည်ပစ္စည်းများ တတိယအကြိမ် လာရောက်အပ်နှံ

**မုံရွာ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ မြောင်မြို့နယ် ကျောင်းဖြူကျေးရွာ၏ အနောက်ဘက် ပေ ၁၀၀၀ ခန့်အကွာ ဧရာဝတီမြစ်လက်တက်တွင် ချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျထားသည့် နေရာများတွင် ဒေသခံနှစ်ဦးတို့က တွေ့ရှိသည့် ရှေးဟောင်းရှေးထည်ပစ္စည်းသုံးမျိုးကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့်အတူ ယနေ့နံနက်ပိုင်းက တတိယအကြိမ် လာရောက်အပ်နှံသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုကဲ့သို့ ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို မြတ်နိုးတန်ဖိုးထားရမည်ဖြစ်ကြောင်း၊ အဆိုပါ ပစ္စည်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ပေးပို့မည်ဖြစ်ပြီး ပညာရှင်အဖွဲ့က စစ်ဆေး၍ မူလရှေးထည်တန်ဖိုးအပြင် ခေတ်ကာလတန်ဖိုးနှင့် အနုစိတ်လက်ရာကြေးတို့ကို ဖြည့်စွက်ပေါင်းထည့်၍ ထိုက်တန်စွာ ထပ်မံဆုချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပစ္စည်းတွေ့ရှိသူ ဒေသခံနှစ်ဦးအတွက် ကြိုတင်ဆုကြေးငွေကျပ် ၄၁ သိန်းကို ပြန်လည်ပေးအပ်ချီးမြှင့်သည်။

အလားတူ ဒေသခံ ၁၁ ဦးတို့က တွေ့ရှိသည့် ရှေးဟောင်းရှေးထည် ပစ္စည်း ၁၁ မျိုးနှင့် ဟင်္သာရုပ်နှစ်ခုတို့ကို ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၈ ရက်တို့တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ လာရောက်အပ်နှံပေးရာ အဆိုပါ ဒေသခံ ၁၁ ဦး အတွက် ကြိုတင်ဆုကြေးငွေကျပ် ၈၅၈၀၀၀၀ တို့ကို ပြန်လည်ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ထွန်းကိုကို



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံ ရှေးဟောင်းရှေးထည်ပစ္စည်းများ လာရောက်အပ်နှံစဉ်။

# ဘားအံမြို့ သီရိဈေးဟောင်းအား အဆင့်မြင့်ရေး ဈေးရုံသစ်လေးရုံတည်ဆောက်ရန် ပန္နက်တင်

**ဘားအံ ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘားအံမြို့အမှတ်(၆) ရပ်ကွက်ရှိ သီရိဈေးကို အဆင့်မြင့် ဈေးရုံသစ်များတည်ဆောက်ရန် Steel Structure တစ်ထပ် အကျယ် ၄၈ ပေ၊ ပေ ၈၀ ဈေးရုံလေးရုံ ပန္နက်တင်ခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ဈေးရုံသစ်ပန္နက်တင်ခြင်းကို ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရဦးမြင့်သူ၊ အင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်လွင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးဇော်လင်းထွန်းတို့က ပန္နက်ရိုက်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် တာဝန်ယူတည်ဆောက်မည့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာက ဆောက်လုပ်မည့် ဈေးသစ်အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဈေးရုံသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဘဏ္ဍာငွေကျပ် ၄၀၅ သန်းဖြင့် Steel Structure တစ်ထပ်အကျယ် ၄၈ပေ၊ ပေ ၈၀ ဈေးရုံလေးရုံ ဈေးဆိုင်ခန်း ၁၄၀ ကို ယခင်စာရင်းဝင် ပိုင်ဆိုင်သူများအား ဦးစားပေးကာ ပုံကျဈေးရောင်းချသူများအတွက်လည်း ရောင်းချပေးနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး အများသုံးအိမ်သာ၊ သန့်စင်ခန်းများ၊ ကား၊ ဆိုင်ကယ်ထားနိုင်ရေးနေရာများပါ တည်ဆောက်မည်ဖြစ်ကြောင်း ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးထံမှ သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်လေးပင်နှင့် မဒေါက်ဆေးရုံများကိုကြည့်ရှုပြီး အလှူငွေနှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ ပေးအပ်

ပဲခူး ဒီဇင်ဘာ ၂၁

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် မဒေါက်မြို့တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး အလှူငွေနှင့် ကျန်းမာရေး အထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းဒန်တို့က ဆေးကုသပေးမှုများ၊ ဆေးရုံတက်နေသည့်လူနာများအား ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်ကုသနေသော လူနာများအားကြည့်ရှုအားပေးကာ ညောင်လေးပင်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သည့်နေရာ၌ အသုံးပြုရန်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ပြီး မဒေါက်မြို့တိုက်နယ်ဆေးရုံသို့လည်းသွားရောက်ကာ ဆေးရုံအုပ်ကြီးထံ ကျန်းမာရေးအထောက်အကူပစ္စည်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး၊ အစိုးရအဖွဲ့ရုံး ဒုတိယ ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ညောင်လေးပင် မြို့နယ်အတွင်းမှ မြေယာတိုင်ကြားစာများကို ကွင်းဆင်းစစ်ဆေးညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံ အလှူငွေကျပ်ငါးသိန်းနှင့် ကျန်းမာရေးအထောက်အကူ ပြုပစ္စည်းများ၊ ပဲခူးခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ပါတီရုံးများအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းခဲ့သော ပြည်ထောင်စုခရီးလမ်းစာအုပ်များအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ပြည်သူ့ဆေးရုံများသို့ သွားရောက်ကာ အလှူငွေနှင့် ကျန်းမာရေး အထောက်အကူပစ္စည်းများ ပေးအပ်စဉ်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ သန့်ရှင်းရေးဆောင်ရွက်

ညောင်ဦး ဒီဇင်ဘာ ၂၁

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ယဉ်ကျေးမှု နယ်မြေလုံခြုံရေးဌာနစိတ်မှ ကြီးကြပ်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုး၊ အုတ်ကျောင်းတို့ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်မှ စတင်ကာ Area-C အတွင်းရှိ ရှေးဟောင်းအဆောက်အအုံများကို သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဦးမြင့်သန်း (ဒုတိယညွှန်ကြားရေးမှူး) ထံက သိရသည်။



Area-C အတွင်းရှိ ဘုရားများ၏ ဘုရားအပေါ်ပိုင်းတွင် ပေါက်ရောက်နေသော ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ဘုရားဆင်းတုတော်ရှိ ဖုန်နှင့် ချေးများချွတ်၍ ရောင်တော်ဖွင့်ခြင်း၊ အတွင်း လိုဏ်ပတ်လမ်းများရှိ ခိုချေးများနှင့်အမှိုက်များကို သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခြင်း၊ ဘုရားရင်ပြင်တော်မှ ပေ ၁၂၀ အကွာ အောက်ခြေပတ်ပတ်လည် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ ကန္တာရငုတ်၊ ဇွေ့စာပင်ငုတ်နှင့် မဏီသံလျက်ပင်ငုတ် စသည့်အပင်များ၏ ငုတ်များ တူးထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် Area-A၊ Area-B နှင့် Area-D အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုး၊ အုတ်ကျောင်းများကိုလည်း သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း ဦးမြင့်သန်း(ဒုတိယညွှန်ကြားရေးမှူး) က ပြောသည်။

မောင်မောင်ထိန်
(ကျောက်ပန်းတောင်း)

## မုံရွာမြို့ သုသာန်အသစ်ကို မြို့ပတ်လမ်းတွင် တည်ဆောက်အကောင်အထည်ဖော်

မုံရွာ ဒီဇင်ဘာ ၂၁

အလှူရှင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာထောက်ပံ့ငွေများဖြင့် သုသာန်အသစ်ကို မုံရွာမြို့ မြို့ပတ်လမ်းတွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြောင်း မုံရွာမြို့နယ် စည်ပင်သာယာအမှုဆောင်အရာရှိ ဦးထွန်းထွန်းထံက သိရသည်။

"အလှူရှင်တွေ လှူတာတွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာထောက်ပံ့ငွေနဲ့ ဆောင်ရွက်နေတာပါ။ ငွေကျပ်သိန်း ၂၉၀၀ လောက်ကုန်မယ်။ အခု ငွေကျပ်သိန်း ၁၈၀၀ လောက်သုံးပြီး တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ထားပါတယ်။ မီးသင်္ဂြိုဟ်စက်နှစ်ခုက တစ်ခုပြီးသွားပြီ။ ဘုန်းကြီးလောင်တိုက်လည်း ပြီးသွားပြီ။ ဟိန္ဒူအတွက်လည်း တစ်ခါတည်း လုပ်ပေးမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မုံရွာမြို့ အိုးဘိုတောင်ရပ်နှင့် မြို့သစ်ရပ်တို့တွင် ယခင်က သုသာန်များရှိခဲ့ရာမှ မြို့ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ရပ်ကွက်နှင့်နီးသည့် သုသာန်များကို ရွှေ့ပြောင်းကာ မြို့ပတ်လမ်းရှိမြေလေးကေခွဲတွင် သုသာန်အသစ်တည်လိုက်ခြင်းဖြစ်သည်။

"ရေရှည်မှာ မြေနေရာအခက်အခဲတွေရှိလာတဲ့အတွက် မြေမြှုပ်တာ၊ ဂူတည်တာတွေကို ခွင့်မပြုတော့ဘဲ မီးသင်္ဂြိုဟ်ပြီး အရိုးအိုးတွေကိုသာ အမှတ်တရထားဖို့ စီစဉ်ထားပါတယ်"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

အသစ်တည်ဆောက်နေသော သုသာန်တွင် ကွန်ကရစ်ပတ်လမ်းများ ခင်းထားပြီး ပတ်လည်တွင် အုတ်တံတိုင်းတည်ဆောက်ကာ တစ်ပေပတ်လည် အံ့ခွက်များနှင့် ကမ္ဘည်းကျောက်စာကပ်၍ရအောင် လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

## ဖန်းမော်ခရိုင်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

ဖန်းမော် ဒီဇင်ဘာ ၂၁

ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်လင်းအောင်နှင့် တာဝန်ရှိသူများသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဖန်းမော်ခရိုင် နတ်ခုတ်-ဖူးတောင်း-ကျောက်အိုက်-နောင်မို ကျေးရွာ ချင်းဆက်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်နေမှုကို ယမန်နေ့က စစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် နတ်ခုတ်ကျေးရွာ၊ ဆင်စွယ်ချောင်းနှင့် ဖူးတောင်းကျေးရွာအနီး ကံကော်ချောင်းတွင် တည်ဆောက်နေသည့် သံကူကွန်ကရစ်တံတား အရှည်ပေ ၄၀ အကျယ် ၁၄ ပေရှိ တံတားနှစ်စင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တံတားတာဝန်ခံများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။



သံကူကွန်ကရစ်တံတား တည်ဆောက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ တံတားနှစ်စင်း ဆောက်လုပ်ပြီးစီးပါက ကျေးရွာပေါင်း ၁၈ ရွာ၊ အိမ်ထောင်စုပေါင်း ၁၆၉၄ စုတို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အမြန်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါစစ်ဆေးမှုကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သင်း (ခ) ဦးဇော်သင်း၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ယော်ဆောင်(ပြန်/ဆက်)



သန်လျင်မြို့ အမှုထမ်းရပ်ကွက် ရွှေဝါလမ်းသွယ် (၂) ၌ မီးလောင်မှုကြောင့် နေအိမ်ဆုံးရှုံးသည့် အိမ်ရှင် ဒေါ်ခင်နှင်းပုလဲအား ဒီဇင်ဘာ ၂၀ ရက်က သန်လျင်မြို့နေ ဦးဇော်ဝင်း(ဥက္ကဋ္ဌ ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုက ထောက်ပံ့ကူညီငွေကျပ် သုံးသိန်းနှင့် ဆန်တစ်အိတ် ပေးအပ်စဉ်။

သန်းဝင်း(သန်လျင်)

## ဘော်လခဲမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

ဘော်လခဲ ဒီဇင်ဘာ ၂၁

ကယားပြည်နယ် ဘော်လခဲမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၇၀၀၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဘော်လခဲမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် ဟော်ခမ်း၊ ချိုကွဲ့၊ စောင်းလော့၊ လွယ်ဝိုင်း၊ နန့်နောက်၊ ဝမ်ချယ်၊ မိုင်းထမ်းကျေးရွာ ခုနစ်ရွာတွင် စီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၇၀၀ ၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျေးရွာအတွင်း လမ်း၊ တံတား၊ မီးလင်းရေး၊ ရေရရှိရေး၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွာသူ ရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ ပကတိလိုအပ်ချက်များ ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကို မိမိတို့ကိုယ်တိုင် ရေးဆွဲပြီး အဆိုပါစီမံချက်များကို မြို့နယ်စီမံကိန်း ရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အဆိုပါကျေးရွာ ခုနစ်ရွာ၌ရှိသည့် ပြည်သူများကို စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုလတ်က ပြောသည်။

ငြိမ်းသူ

## တံတားဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စားဝန်ထမ်းများအား ပင်စင်လစာများ စနစ်တကျထုတ်ပေး

တံတားဦး ဒီဇင်ဘာ ၂၁

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ပင်စင်စားဝန်ထမ်းများကို ယနေ့ နံနက်ပိုင်းက စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

တံတားဦးမြို့နယ် အနေဖြင့် ကာကွယ်ရေး၊ နိုင်ငံရေး၊ မြို့ပြပင်စင်စားဝန်ထမ်းဦးရေ ၁၃၇၇ ဦး ရှိကြောင်း၊ အဆိုပါပင်စင်စား ဝန်ထမ်းများ ပင်စင်လစာ ထုတ်ယူရာတွင် အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရန်အတွက်မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် အများသူငါ ရုံးပိတ်ရက်မှအပ ရုံးဖွင့်ချိန်များတွင် နေ့စဉ်ထုတ်ပေးလျက်ရှိပြီး လစဉ်လတိုင်း ၂၁ ရက်မှ လစာထုတ်ရက်မတိုင်မီ တစ်ရက်နေ့အထိ ထုတ်ပေးလျက်ရှိကြောင်း မြို့နယ် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးမောင်မောင်ဆွေထံက သိရသည်။



ပင်စင်လစာများ ထုတ်ပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း စနစ်တကျထုတ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်သို့ လာရောက်သည့် ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်စေရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

## စေတုတ္တရာမြို့နယ်အဝင်၌ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် ဖွင့်လှစ်

**စေတုတ္တရာ ဒီဇင်ဘာ ၂၁**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အဝင်စစ်ဆေးရေးဂိတ်ကို အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မြို့နယ် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဒီဇင်ဘာ ၂၀ ရက်မှ စတင်ဖွင့်လှစ်ပြီး စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဂိတ်တွင် စေတုတ္တရာမြို့နယ် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ မြို့အဝင်/အထွက် လူစာရင်းနှင့် မော်တော်ယာဉ်စာရင်းများ ကောက်ယူခြင်း၊ မြို့အဝင်တွင် လူအားလုံး နှာခေါင်းစည်းတပ်ဆင်စေပြီးမှသာ ဝင်ထွက်သွားလာခွင့်ပြုခြင်း၊ လူဦးရေစာရင်းကောက်ယူရာတွင် Stay at Home သတ်မှတ်ထားသော မြို့နယ်များမှ လာသူများအား အသွားအလာကန့်သတ် စောင့်ကြည့်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပို့စေခြင်းနှင့် အခြား မြို့နယ်/တိုင်းဒေသကြီးများမှ ဝင်ရောက်လာသူများ ဖြစ်ပါက သက်ဆိုင်ရာဒေသမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် မြို့အဝင် စစ်ဆေးရေးဂိတ်ဖွင့်လှစ်၍ အဝင်အထွက် စနစ်တကျ စစ်ဆေးခြင်းအပြင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ပြည်သူများ နှာခေါင်းစည်း တပ်ဆင်ထားမှုရှိ/မရှိ စစ်ဆေးခြင်းနှင့် တပ်ဆင်သူ/မတပ်ဆင်သူ ဦးရေ စာရင်းကောက်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**



စေတုတ္တရာမြို့နယ်အဝင်ဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်စဉ်။

## ကလေးမြို့ရှိ ကိုဗစ်-၁၉ လူနာများထားရှိရာ တိုင်းရင်းဆေးရုံသို့ အောက်ဆီဂျင်ဘူးများ လှူဒါန်း

**ကလေး ဒီဇင်ဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း အသက်ရှူရန်ခက်ခဲသည့် ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ကလေးမြို့နယ်အတွင်းရှိ အလှူရှင်များက အောက်ဆီဂျင်ဘူး ၂၀၀ ကို လာရောက်လှူဒါန်းထားရာ အဆိုပါ အောက်ဆီဂျင်ဘူးများကို ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေး နှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကလေးမြို့ တိုင်းရင်းဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှုခံယူနေသူများ အသုံးပြုရန် ဆက်လက်လှူဒါန်းထားပြီဖြစ်ကြောင်း သိရသည်။

တိုင်းရင်းဆေးရုံတွင် အသက်ရှူရန်ခက်ခဲသည့် ကိုဗစ်-၁၉ အတည်ပြုလူနာ ငါးဦးရှိကာ အဆိုပါ အတည်ပြုလူနာများအတွက် တစ်ရက်လျှင် အောက်ဆီဂျင်ဘူး ၆၀ ခန့် အသုံးပြုနေရကြောင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အတည်ပြုလူနာ စုစုပေါင်း ၃၃၂ ဦးရှိကာ ၂၆၄ ဦးမှာ ဆေးရုံဆင်းခွင့်ရရှိကြပြီး ငါးဦး သေဆုံးခဲ့ကြောင်းနှင့် ကျန်ရှိနေသည့် အတည်ပြုလူနာ ၆၃ ဦးတို့အား တိုင်းရင်းဆေးရုံနှင့် ပြည်သူ့အင်္ဂါးအိမ်ရာတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**




## ရန်ကုန်မြို့ရှိ ပန်းခြံအားလုံး၌ ယာယီပိတ်ထားကြောင်း အသိပေးဗီနိုင်းများ ချိတ်ဆွဲထား

**ရန်ကုန် ဒီဇင်ဘာ ၂၁**
ရန်ကုန်မြို့ရှိ ပန်းခြံများအားလုံးကို ဒီဇင်ဘာ ၂၀ ရက်မှ ၃၁ ရက်အထိ ယာယီ ပိတ်ထားမည်ဖြစ်ကြောင်း အသိပေးသည့် ဗီနိုင်းဆိုင်းဘုတ်များကို ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ ပန်းခြံအားလုံး၏ အဝင်ဝများတွင် ချိတ်ဆွဲကြေညာထားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနမှ ဌာနမှူး ဦးကိုကိုလင်းက "ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေးအတွက်ပါ။ ရန်ကုန်မှာရှိတဲ့ ပန်းခြံ ၆၁ ခုလုံးမှာ ယာယီပိတ်ထားမယ်ဆိုတဲ့ အသိပေးကြေညာချက် ဗီနိုင်းတွေ လိုက်ကပ်ထားပြီးပါပြီ"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီကလည်း ဒီဇင်ဘာ ၁၈ ရက် ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အများပြည်သူ စုဝေးတတ်သော နေရာများကို ဒီဇင်ဘာ ၂၁ ရက်မှ ၃၁ ရက်အထိ ခေတ္တပိတ်ထားရန် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

၄င်းရက်များမတိုင်မီ ဒီဇင်ဘာလဆန်းပိုင်းတွင် လူမှုကွန်ရက်ပေါ်၌ ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံ၌ လာရောက်လည်ပတ်ကြသူများ၊ ဈေးရောင်းချနေကြသူများဖြင့် အလွန်စည်ကားနေခဲ့သည့် ပုံများကို တွေ့ရပြီး ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မည်ကို စိုးရိမ်ရခြင်းကြောင့် ဒီဇင်ဘာ ၇ ရက်မှစတင်၍ မဟာဗန္ဓုလပန်းခြံကို စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနက ယာယီပိတ်ထားခဲ့သည်။

ထို့အပြင် ကန်တော်ကြီးနှင့် အင်းလျားကန်ပေါင်တွင်လည်း ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်များက နံနက်ခင်း လမ်းလျှောက်သူများဖြင့် စည်ကားနေပုံများကို လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ဖော်ပြမှုများ ရှိလာခဲ့သည်။



အလုံမြို့နယ်ရှိ သခင်မြပန်းခြံဝင်ပေါက်၌ ယာယီပိတ်ထားမည့်အကြောင်း ဗီနိုင်းချိတ်၍ အသိပေးကြေညာထားစဉ်

သို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လာမည့် ခရစ္စမတ်ကာလနှင့် နှစ်သစ်ကူး ရုံးပိတ်ရက်ရှည်များအတွင်း လူစုလူဝေးဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် ပြည်သူ့ဥယျာဉ် အပါအဝင် ပန်းခြံများ အားလုံးနှင့် အားကစားကွင်းများ၊ တိရစ္ဆာန်ရုံနှင့် အင်းလျားကန်ပေါင်စသည့် နေရာများကို ဒီဇင်ဘာ ၂၀ ရက်မှ ၃၁ ရက်အထိ ယာယီပိတ်ထားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မြန်မာ့စီးပွားရေးဘဏ်များ၌ ပင်စင်စားများ လွယ်ကူစွာ ပင်စင်ထုတ်နိုင်ရန် စီမံပေးထား

**ရန်ကုန် ဒီဇင်ဘာ ၂၁**
ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပင်စင်စားများ ပင်စင်ထုတ်သည့်ရက်များတွင် ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် လွယ်ကူမြန်ဆန်စွာ ပင်စင်ငွေ ထုတ်ယူနိုင်ရေးတို့အတွက် မြန်မာ့စီးပွားရေးဘဏ်များ၌ စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

လတစ်လ၏ ၂၁ ရက်မှစ၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာများ ထုတ်ပေးရာ ထိုနေ့တွင် လူစုလူဝေးကို ရှောင်ရှားနိုင်ရန်အတွက် အခြားသော ရက်များတွင်လည်း ထုတ်ယူနိုင်ကြောင်း ဘဏ်များက တိုက်တွန်းလျက်ရှိသည်။ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စာအုပ်ဖြင့် ထုတ်ယူရာတွင် လစဉ် လဆန်း ၁ ရက်မှစ၍ ၁၈ ရက်အထိ (ရုံးပိတ်ရက်မပါ) စာအုပ်ထပ်ပြီး တုံကင်စာရွက်ယူ၍ ထုတ်ယူနိုင်သည့်အပြင် E-Pension ကတ် ရရှိသူများအနေဖြင့် လစဉ် ၂၁ ရက်မှစ၍ ထုတ်နိုင်ကြောင်း၊ ထိုရက်အတွင်း ထုတ်ယူနိုင်ခြင်းမရှိပါက နောက်လ ၁၁ ရက်နှင့် ၁၈ ရက်တွင် ထုတ်ယူရန်နှင့် ထိုရက်များမှာ ရုံးပိတ်ရက်ဖြစ်ပါက အစောဆုံး ရုံးဖွင့်ရက်များတွင် မြန်မာ့စီးပွားရေးဘဏ်များမှ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"သက်ကြီးရွယ်အိုတွေအတွက် မိမိနေရပ်ကနေ ပင်စင်လစာ ထုတ်ယူနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ အဓိကကတော့ ဒီကာလမှာ ပင်စင်ထုတ်ရက်တွေမှာ လူနည်းရင် သူတို့အနေနဲ့ ရောဂါကင်းဝေးပြီးဘဏ်မှာတန်းစီပြီး စောင့်ဆိုင်းနေရတာလည်း လျော့သွားမှာပါ။ ဘဏ်ကိုမလာနိုင်တဲ့ သက်ကြီးရွယ်အိုများကိုလည်း ဘဏ်နဲ့ ကြိုတင်ဆက်သွယ်စေပြီး ဖေ့စ်ဘုတ် မက်ဆင်ဂျာကနေ ဗီဒီယိုကော ကြည့်ပြီးတော့ ကိုယ်စားလှယ်လွှဲစာနဲ့ ပင်စင်ထုတ်ပေးနေပါတယ်။ ပင်စင်ထုတ်သူအားလုံးကို ရောဂါကာကွယ် ထိန်းချုပ်ရေး သတ်မှတ်ချက်တွေနဲ့အညီ ဆောင်ရွက်ပေးနေပါတယ်"ဟု အင်းစိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာ ဦးထက်နိုင်က ပြောသည်။

မသန်စွမ်း ပင်စင်စားများ၊ နေထိုင်မကောင်းသော ပင်စင်စားများနှင့် ဘဏ်များတွင် ပင်စင်ငွေလာမထုတ်လိုသော ပင်စင်စားများအနေဖြင့်လည်း အချိန်ကုန်သက်သာပြီး လွယ်ကူစွာငွေထုတ်ယူနိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်များက ATM ကတ်၊ Easy-Pay၊ Mytel Pay၊ Wave Pay နှင့် ငွေစုဘဏ်စာရင်း/စာရင်းရှင်စာရင်းများသို့ လွှဲပြောင်း၍ ပင်စင်လစာငွေ ထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်များက ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သစ္စာ၊ ဓာတ်ပုံ - အောင်သန်းဦး**


အင်းစိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားများ ပင်စင်ထုတ်ယူနေကြစဉ်

## ကျောက်ကြီးမြို့၌ မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ကြရေး ပညာပေးမှု အရှိန်မြှင့်ဆောင်ရွက်

**ကျောက်ကြီး ဒီဇင်ဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မုန်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးလမ်းဆုံ၊ ကျောက်ကြီး-မုန်း ကားလမ်းဆုံနှင့် မုန်းဒေသဈေးတို့၌ နှာခေါင်းစည်း စနစ်တကျ တပ်ဆင်သွားလာကြရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဝေငှပေးခြင်းတို့ကို ဒီဇင်ဘာ ၂၁ ရက်က ဆောင်ရွက်သည်။

ကျောက်ကြီးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၏ ညွှန်ကြားမှုဖြင့် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်မျိုး ဦးဆောင်သော ဌာနဆိုင်ရာများ၊ We Love Kyauk Kyi အဖွဲ့ဝင်များနှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူများအနေဖြင့် အိမ်ပြင်ထွက်တိုင်း နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သွားလာရေး အသိပညာပေးမှုများကို နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းနှင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အသိပညာပေးသည့် တေးသီချင်းများဖြင့် လှုံ့ဆော်ခြင်း၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက Fitness Dance အကဖြင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းကို သရုပ်ပြခြင်းများလည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်၌ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ အတည်ပြုလူနာ စုစုပေါင်း ၄၁ ဦးရှိပြီး ကျန်းမာရေးကောင်းမွန်လာသဖြင့် ဆေးရုံဆင်းခွင့်ရရှိသူ ၃၈ ဦးအထိ ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြန်လည်ရောက်ရှိလာသူများ၊ ပြည်ပနိုင်ငံများမှ ပြန်လာသူ ဒေသခံပြည်သူများအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုနိုင်ရန်လည်း အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း ကျောက်ကြီးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၏ ပြောကြားချက်အရ သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း (၂၁) မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလအတွင်း သုံးစွဲရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အလှကုန်ပစ္စည်းများစာရင်း

| စဉ်။ | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် | ပစ္စည်းနမူနာ |
|---|---|---|---|---|
| ၁။ | QIANXIU I Love Lipstick – 04 | ဖော်ပြမထားပါ။ | Lead (+) |  |
| ၂။ | BOB Makeup Artist Palette Eyeshadow & Blusher No.155 (21g) | Guangdong Siloran Cosmetics Co., Ltd, China. | Lead (+) |  |
| ၃။ | VICTORIA'S SECRET 2 In 1 Loose Powder + Powder (58g) | Made In P.R.C | Lead (+) |  |
| ၄။ | ROMANTIC MAY Lipstick | ဖော်ပြမထားပါ။ | Lead (+) |  |
| ၅။ | LANXI Whitening Bird's Nest Essence | Made In Thailand | Mercury (+) |  |
| ၆။ | JIAOBI Matte Eye Shadow & Lipstick & Blusher Two Way Cake (65g) | Jiaobi Skin Beautifier International Group, China | Rhodamine B (+) |  |
| ၇။ | Apple Two Way Cake Eye Shadow & Lipstick & Blusher | ဖော်ပြမထားပါ။ | Rhodamine B (+) |  |
| ၈။ | Sasimi Lasting Nourish Lip Tint | ဖော်ပြမထားပါ။ | Rhodamine B (+) |  |
| ၉။ | Roseleaf Two Way Cake | Fei Yan Cosmetic Co., Ltd. Intendance, China. | Rhodamine B (+) |  |
| ၁၀။ | Romantic May Matte Lipstick & Lipgloss 2 in 1 | ဖော်ပြမထားပါ။ | Rhodamine B (+) |  |
| ၁၁။ | HUXIABEAUTY Liquid Matte Lipgloss & Lipstick | ဖော်ပြမထားပါ။ | Pigment Orange (+) |  |
| ၁၂။ | Meilaiya 8 Color Fashion Eyeshadow Clearly Distinct Eyeliner Fluid | Hong Pin Guo Cosmetics Co., Ltd. | Lead (+) |  |
| ၁၃။ | JXZH Beautiful Flower Style London Clearly Distinct Eyeliner Fluid | Hong Pin Guo Cosmetics Co., Ltd. | Lead (+) |  |
| ၁၄။ | HASAYA GIRL Blushing Love Blusher (8g) | ဖော်ပြမထားပါ။ | Lead (+) |  |
| ၁၅။ | SWANWISH Natural & Vivid Eye Color (01# Just Blooming) (9g) | Shantou Yingji Cosmetics Co., Ltd., P.R.C. | Lead (+) |  |
| ၁၆။ | MAC Matte Lip Stick (No.11) | ဖော်ပြမထားပါ။ | Lead (+) |  |
| ၁၇။ | PETIC Lipstick | ဖော်ပြမထားပါ။ | Lead (+) |  |
| ၁၈။ | POND'S Angel Face Finishing Powder No.22 | ဖော်ပြမထားပါ။ | Lead (+) |  |
| ၁၉။ | imagic Professional Cosmetics Eyeshadows | ဖော်ပြမထားပါ။ | Lead (+) |  |
| ၂၀။ | Kiss Beauty 18 Color Shimmer Eyeshadow (No.2) | Shantou Yingji Cosmetics Co., Ltd., P.R.C. | Lead (+) |  |
| ၂၁။ | Kiss Beauty 18 Color Shimmer Eyeshadow (No.5) | Shantou Yingji Cosmetics Co., Ltd., P.R.C. | Lead (+) |  |

၃။ တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့်အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။ အရောင်ဆိုးဆေးများသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသော ဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နှုတ်ခမ်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

# မြစ်ကြီးနားဘူတာ၌ ကျန်းမာရေးစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြန်မာ့မီးရထားဘူတာရုံ၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဘူတာရုံ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြစ်ကြီးနားမြို့သို့ ဝင်ရောက်လာကြသည့် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်ပူချိန် တိုင်းတာပေးခြင်း၊ ခရီးသွားလာခွင့်ထောက်ခံစာနှင့် ကျန်းမာရေးထောက်ခံစာများ စစ်ဆေးခြင်း၊ ခရီးသွားရာဇဝင်များရယူခြင်း၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ရယူခြင်းတို့ကို မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက နေ့စဉ် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

# ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဖုန်းနှင့်ဆိုင်ကယ်အရောင်းဆိုင်မှ ဆိုင်ကယ်တစ်စီးနှင့် ဖုန်း ၁၅ လုံး ခိုးယူသူကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဦးပို(ခ) ဦးသက်ဝေသည် ဒီဇင်ဘာ ၁၈ ရက် ည ၈ နာရီတွင် နေအိမ်၌ ရှိနေစဉ် ၎င်းပိုင်ဆိုင်သော အမှတ်(၅)ရပ်ကွက်ရှိ " ဦးပို " ဖုန်းအရောင်းဆိုင်၏ အရှေ့တံခါးဖျက်ဆီးခံထားရကြောင်း သိရသဖြင့် သွားရောက်စစ်ဆေးရာ VIVO အမျိုးအစား Y 91 C ဖုန်း ငါးလုံး၊ Y 11 ဖုန်းနှစ်လုံး၊ Y 20 ဖုန်းနှစ်လုံး၊ Y 20s ဖုန်းငါးလုံး၊ HUAWEI အမျိုးအစား T 37 ဖုန်းတစ်လုံးနှင့် HONDA Dream –125 ဆိုင်ကယ်တစ်စီး စုစုပေါင်းတန်ဖိုးငွေကျပ် ၅၃၈၂၀၀ ပျောက်ဆုံးနေသည်ကို တွေ့ရှိ၍ အရေးယူပေးပါရန် တိုင်တန်းချက်အရ ကြာအင်းဆိပ်ကြီး မြို့မရဲစခန်းက အမှုရေးဖွင့်ခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်ဖြိုးအောင်၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ကြာအင်းဆိပ်ကြီးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်တွင် ပြစ်မှုကျူးလွန်သူ အဖု (၂၈) နှစ်ကို ဘုရားသုံးဆူမြို့၊ ဘုရားတောင်အနီး ကားလမ်းဘေးတွင် သက်သေခံဖုန်း ၁၅ လုံး၊ ဆိုင်ကယ်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား



# ရောဝတီ လင်းပိုင်ထိန်းသိမ်းရေး စီမံချက်ကာလအတွင်း လှေ ၂၇ စင်းနှင့်အတူ ငါးဦး ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးစီမံချက်ကို တရားမဝင်ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှု လျော့နည်းပပျောက်စေရန်နှင့် ဧရာဝတီလင်းပိုင်နှင့်ငါးသယံဇာတ ပိုမိုရှင်သန်ပေါက်ပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံချက်အရ နေ့စဉ်ကင်းလှည့်လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်စက်တင်ဘာ ၁ ရက်မှဒီဇင်ဘာ ၁၅ ရက်အထိရှော့တိုက်ငါးဖမ်းဆီးစက်နှင့်ရုပ်တန်းပါလှေ ၂၇ စင်း၊ ငါးဖမ်းဆီးရာတွင်အသုံးပြုသည့်ဘက်ထရီအိုး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ လူငါးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါစီမံချက်အရ စက်တင်ဘာ ၁ ရက်မှစတင်ပြီး မန္တလေးမှ ကျောက်မြောင်းအကြား လင်းပိုင်ထိန်းသိမ်းရေးဇရိယာအတွင်းနေ့စဉ် နေ့ညကင်းလှည့်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် စီမံချက်စတုတ္ထမြောက်လဖြစ်သည့် ဒီဇင်ဘာ ၁ ရက် မှ ၁၅ ရက်အတွင်း ရှော့တိုက်ငါးဖမ်းဆီးသည့်စက်နှင့် ရုပ်တန်းပါလှေ ခြောက်စင်း၊ ဘက်ထရီအိုး ငါးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ လူတစ်ဦးကို ဖမ်းဆီးရမိပါသည်။ သိမ်းဆည်းရမိသည့် ပစ္စည်းများကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသို့ ပေးပို့အပ်နှံခဲ့ပြီး ဖမ်းဆီးရမိသူ တစ်ဦးကို မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဖြင့် တရားစွဲဆို အရေးယူထားကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးကျော်လှသိန်း၏ ပြောကြားချက်အရ သိရသည်။

ထီးချိုင့်၊ ကသာ၊ ရွှေကူမြို့ကြားရှိ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်းတွင်လည်း လစဉ်ပုံမှန်ကင်းလှည့်စစ်ဆေးခြင်းကိုဆောင်ရွက်လျက်ရှိသည်။

အောင်သူရ

# ပုလော၊ ရန်ကင်းနှင့် မြောက်ဥက္ကလာပမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၉ ရက် ညနေ ၄ နာရီတွင် ပုလောမြို့နယ် လက္ကျုးကျေးရွာအုပ်စု လက္ကျုးကျေးရွာနေ ဝင်းစိန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်နိုင်လင်း(ခ)ကိုလင်း၊ ဇင်ကိုထက်(ခ) ရှည်ရှည်နှင့် ရဲလင်းဦး(ခ)ရဲထက်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁,၇၂ ပြား၊ အိုက်စ် သုည ဒသမ ၀၀၃ ကီလိုကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် ၎င်းကျေးရွာနေ ငွေစိုး(ခ) မဲဆိုး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၄၆၅ ပြား၊ အိုက်စ် သုည ဒသမ ၀၆၄ ကီလိုကိုလည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရန်ကင်းမြို့နယ် အမှတ် (၁၆) ရပ်ကွက် ပြည်သာယာလမ်းရှိ ဟိုတယ်အခန်းအမှတ်(၂၁၅)၌ တည်းခိုနေထိုင်သူ ရာဇာဝင်းနှင့် မခိုင်ဇာလင်းတို့၏အခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပူးပေါင်းအဖွဲ့က အခန်းအမှတ်(၂၀၁)၌ တည်းခိုနေထိုင်သူ မောင်မောင်အေး(ခ)သာကော၏အခန်းသို့ ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅,၀၀၀၊ အိုက်စ် သုည ဒသမ ၃၅ ကီလို၊ ဆေးခြောက် သုည ဒသမ ၃၅ ကီလို ကိုလည်းကောင်း။

အလားတူ ဒီဇင်ဘာ ၂၀ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် ည–ရပ်ကွက် ခေမာသီလမ်းတွင် ပြည့်ဖြိုးအောင် မောင်းနှင်ပြီး စည်သူ(ခ) တွတ်ပီ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂,၀၁၈ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မခိုင်ဇာလင်း၊ မောင်မောင်အေး(ခ)သာကော၊ ရာဇာဝင်း တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## Myanmar Management Institute မှ
## ကျောင်းသား ကျောင်းသူများနှင့် အများသိစေရန်ကြေညာခြင်း

Myanmar Management Institute (MMI) မှ ကျောင်းသား ကျောင်းသူများ၊ သင်တန်းတက်ရောက်ရန် စိတ်ဝင်စားသူများကို ဆက်သွယ်ရာတွင် အောက်ပါဖုန်းနံပါတ်များနှင့်သာ တရားဝင်ဆက်သွယ်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

Phone– 09–755733296၊ 09–753374688၊ 09–775862197၊ 09–783301180၊ 09–969869294၊ 09–775651765၊ 09–799890136

Myanmar Management Institute (MMI) သို့ ငွေပေးသွင်းသည့်ကိစ္စရပ်အားလုံးအတွက် အောက်တွင် တရားဝင်ဖော်ပြထားသော တရားဝင်ဘဏ်အကောင့်များ၊ တရားဝင်ငွေလွှဲအကောင့်များနှင့် တရားဝင်ဖုန်းနံပါတ်များကိုသာ ပေးသွင်းပါရန် အကြောင်းကြားအပ်ပါသည်။

KBZ Bank Account No 29830200203075701

KBZ Pay Account 09772357113

AYA Account No 0048202011121169

CB Bank Account Name No 0094600100072297

Wave Account 09772357113

Wave Account 09792223877

အထက်တွင် ဖော်ပြထားသော တရားဝင်ဖုန်းနံပါတ်များ၊ တရားဝင်ဘဏ်အကောင့်များ၊ တရားဝင်ငွေလွှဲအကောင့်များမှလွဲ၍ အခြားမည်သူကိုမျှ ငွေလွှဲခြင်းမျိုးမရှိစေရန် အထူးသတိပေးအပ်ပါသည်။ Myanmar Management Institute (MMI) ၏ တရားဝင်ဘဏ်အကောင့်များ၊ တရားဝင်ငွေလွှဲအကောင့်များမှလွဲ၍ အခြားတစ်စုံတစ်ဦးကို ငွေပေးသွင်းခြင်းမျိုးရှိခဲ့လျှင် Myanmar Management Institute (MMI) နှင့် သက်ဆိုင်မည်မဟုတ်ကြောင်းနှင့် တာဝန်ယူမည်မဟုတ်ကြောင်း ရှင်းလင်းစေအပ်ပါသည်။

Myanmar Management Institute (MMI) ၏ ကျောင်းသား ကျောင်းသူများသို့ဖြစ်စေ Myanmar Management Institute (MMI)သင်တန်းများကို စိတ်ဝင်စား တက်ရောက်လိုသူများသို့ဖြစ်စေ ဆက်သွယ်ရေးကွန်ရက် (သို့) လူမှုကွန်ရက်အသုံးပြုပြီး ယင်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ငွေကြေးသော်လည်းကောင်း၊ ကျောင်းနာမည်နှင့် ကျောင်းနှင့်ပတ်သက်သော အချက်အလက်များကိုသော်လည်းကောင်း၊ ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ ကျောင်းအား ဂုဏ်အသရေညှိုးနွမ်းစေခြင်းတို့ပြုလုပ်ပါက ထိုသို့ပြုလုပ်သူကိုလည်းကောင်း၊ ထိုသို့ပြုလုပ်ရန်တိုက်တွန်းသူ၊ စေခိုင်းသူကိုလည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင့်တင့်ခိုင် LL.B, DBL, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၈၅၃)**
**အမှတ် ၃၄၇၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်၊ ဖုန်း–၀၉–၄၂၀၀၃၂၇၂၂**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အိမ်တွင်းမှုသင်တန်းကျောင်းများအတွက် မော်တာအပ်ချုပ်စက်(၂၀၀)စုံဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းအား ရောင်းချ/ဆောင်ရွက်လိုသော ဆိုင်/ကုမ္ပဏီများအနေဖြင့် တင်ဒါပုံစံပါအချက်အလက်များအား ပြည့်စုံစွာဖြည့်စွက်ပြီး တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်ဖြစ်ပါသည်–

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | – | ၂၄–၁၂–၂၀၂၀ ရက် |
| **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** | – | ၂၂–၁–၂၀၂၁ ရက်၊ ညနေ ၄:၃၀ နာရီ |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | – | ရုံးအမှတ် (၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော် |

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း(၀၆၇–၄၀၉၄၂၁)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website www. moba.gov.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ **မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက် အမှတ်(ရ၆၈)** ပါမစ်မြေအမျိုးအစားဒေါ်အေးအေးမာအမည်ပေါက် အလျား(၄၀ပေ)×အနံ(၆၀ပေ)ရှိ မြေကွက်ကို အရပ်ဆက်စပ်စာချုပ်များဖြင့် ဒေါ်သီသီအောင်(၃/မဝတ(နိုင်)၀၆၉၅၉၉)ထံမှ ရန်ကုန်တိုင်းဒေသကြီး၊သယ်နှိုးကျွန်းမြို့နယ်၊ ၂၉/ရပ်ကွက်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်းမကြီး၊ ဓနအောင်လမ်းသွယ်၊ အမှတ်(၁၀၁/အေ)နေ ဦးညာဏ်မျိုးလွင် (၁၀/မလမ(နိုင်)၁၆၈၀၃၂)သည်(၂၁–၁၂–၂၀၂၀) ရက်နေ့တွင်နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စရံပေးကတိစာချုပ်ကိုပြုလုပ်ချုပ်ဆိုခဲ့ပြီး စရံငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက သက်ဆိုင်သူများသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၂၆–၁၂–၂၀၂၀)ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေဦးညာဏ်မျိုးလွင်နှင့်ကျွန်ုပ်ထံသို့ လူကိုယ်တိုင်တိုက်ရိုက်လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ ကန့်ကွက်သူမရှိပါကသတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်စွာထက် (တရားလွှတ်တော်ရှေ့နေ)၊ စဉ် – ၁၂၈၉၁၊**
**ဖုန်း – ၀၉ ၇၉၅၁၅၈၀၄၀၊ ၀၉ ၇၉၃၁၅၅၁၅၆**
**ရုံးခန်းလိပ်စာ – အမှတ်(၅၆၆)၊ အခန်း(၆၀၃)၊ ကုန်သည်လမ်း။**
**MAC Tower ၊ ကျောက်တံတားမြို့နယ်။**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးမြင့်သိန်း ၇/ရတရ(နိုင်)၀၄၅၃၉၀ နှင့် ဒေါ်မြင့်မြင့်ခိုင် ၇/ရတရ(နိုင်)၀၀၂၅၈၅ တို့မှ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ဆွာတောင်ပိုင်း၊ အမှတ်(၄–ခ)ရပ်ကွက်ရှိ အကွက်အမှတ်(၁–ဂ)၊ ဗိုလ်တဲဟောင်း၊ ဦးပိုင်အမှတ် (၅၄) ဧရိယာ ၀ ဒသမ ၁၄၃ ဧကရှိ အရှေ့ရန်ကုန်– မန္တလေးကားလမ်း၊ အနောက်လမ်းသွယ်၊ တောင်ဦးပိုင်အမှတ် (၅၅)၊ မြောက်ဦးပိုင်အမှတ် (၅၃)၊ အလားလေးရပ်အတွင်းရှိ ဦးစောထွန်းသိန်းအမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဦးမြင့်သိန်း–ဒေါ်မြင့်မြင့်ခိုင်အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မတိုင်မီ ရေတာရှည်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း–ဒေါ်မြင့်မြင့်ခိုင်

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် ၉၅၄/ခ၊ မြေကွက်တည်နေရာအမှတ်(၉၅၄/ခ)၊ ကျော်သူလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ညို ၁၂/ဥကတ(နိုင်)၀၂၉၄၄၉၊ ဦးညီညီ ၁၂/ဥကတ(နိုင်)၀၂၇၉၅၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညို၊ ဦးညီညီတို့ကို တရားပြိုင်ထား၍ ဦးဝင်းအောင်မိုး၊ ဒေါ်နှင်းသန္တာဦးတို့မှ တရားလိုပြုစွဲဆိုသည့် တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၄၇/၂၀၁၉)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၄/၂၀၂၀)၏အမိန့် ၆–၂–၂၀၂၀ ရက်စွဲပါ ဘိလစ်ခန့်စာနှင့် ဂရန်မူရင်းတို့ကိုတင်ပြ၍ တရားရုံးကိုယ်စား ဘိလစ်ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ မှ အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
## ကြော်ငြာစာအမှတ် ၁/၂၀၂၀
## ၁၃၈၂ခုနှစ်၊ နတ်တော်လဆန်း ၈ရက်
## ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၂၂ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၇)နေရာအတွက် အောက်ပါ ပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သတ်မှတ်ပညာအရည်အချင်းမှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာ တတ်ကျွမ်းသူဖြစ်ရမည်။

(ဂ) ၃၁-၁၂-၂၀၂၀ရက်တွင် ပြင်ပပုဂ္ဂိုလ်များ အသက်(၂၇)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်ဖြစ်ပြီး ဌာနတွင်းတွင် တာဝန်ထမ်းဆောင် သူဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၂။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၂၃-၁၂-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)မှစတင်၍ အခမဲ့ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ၁၂-၁-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့်ပုံစံ၊ ပူးတွဲတင်ပြရမည့် အချက်အလက်များအား ဖော်ပြထားရှိပါသည်။

၃။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ် (၃)ခုအတွက် (၁)ဘာသာလျှင် (၂)နာရီ မေးခွန်းဖြင့် စစ်ဆေးခြင်း၊ ကွန်ပျူတာကျွမ်းကျင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ COVID-19 ရောဂါအခြေအနေနှင့် လျှောက်ထားသူများ၏ စာရင်းအခြေအနေပေါ်မူတည်၍ ရေးဖြေစာမေးပွဲ ဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးခြင်းလုပ်ငန်းများကို စိစစ်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဖြေဆိုရမည့်နေရာနှင့် အစီအစဉ်ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက် မြန်မာပြည်)၏ Facebook Page ဖြစ်သော Central Institute of Civil Service#Upper Myanmar မှတစ်ဆင့် ကြေညာခြင်း၊ လျှောက်ထားသူများထံသို့ တယ်လီဖုန်းဖြင့် အချိန်မီအသိပေး ဆက်သွယ်ပြောကြားခြင်းတို့ဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၂-၅၀၀၀၅၊ ၀၂-၅၀၁၂၃၆၊ ၀၂-၅၀၁၂၆၆ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်မှ ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ)ရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန်အတွက်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တံတားတည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုရန်အတွက် လည်းကောင်း ဝယ်ယူမည့်ဘေလီနှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် တင်ဒါပုံစံဝယ်ယူခြင်းအား Online စနစ်ဖြင့် (Gmail Adderss:bridgeteam -drrd@construction.gov.mm, ဖုန်း-၀၆၇-၃၄၀၇၈၄၄သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံ ကြေးအား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ နေပြည်တော်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ငွေစာရင်းအမှတ် MD-013943သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစတင်ရောင်းချမည့်ရက် - ၂၄-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)

၄။ တင်ဒါရောင်းချမှုပိတ်သိမ်းရက် - ၂၂-၁-၂၀၂၁ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီ

၅။ တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက် - ၂၅-၁-၂၀၂၁ရက် (တနင်္လာနေ့) ညနေ ၄:၃၀နာရီ

၆။ တင်ဒါပုံစံရောင်းချမည့်နေရာ/တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ တံတားတည် ဆောက်ရေးအဖွဲ့၊ နေပြည်တော်

၇။ တင်ဒါဖွင့်မည့်ရက်/အချိန် - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်အပိုဒ်(၂)ပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၉။ တင်ဒါစိစစ်ရွေးချယ်ခြင်းအစီအစဉ်အား Coronavirus Disease 2019 (COVID-19) ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်ကုသရေး/ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်အောက်ရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများနှင့် ဝန်ထမ်းအိမ်ရာများ၊ ကျေးလက်ကျန်းမာရေးဌာန/ခွဲများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် ပထမအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ အချို့သော ကုမ္ပဏီများမှာ (၁/၂၀၁၇)ညွှန်ကြားချက်နှင့်အညီ တင်ဒါတင်သွင်းခြင်းမရှိခြင်း၊ လုပ်ငန်းအချို့အား ကြမ်းခင်းဈေးအောင်မြင်မှုမရှိခြင်းတို့အတွက် ထပ်မံ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ စိတ်ပါဝင်စားသောကုမ္ပဏီများ အနေဖြင့် တင်ဒါစည်းကမ်းချက်ပုံစံများကို ရခိုင်ပြည်နယ်ကုသရေး/ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ နေ့စဉ် (နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀ နာရီ)ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း** - ၀၄၃-၂၁၂၀၂၊ ၀၄၃-၂၃၃၆၆
**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၂၀ရက်
**တင်ဒါပိတ်ရက်** - ၅-၁-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၄နာရီ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲမှ ဇန်နဝါရီလမှ မတ်လအထိ (၃)လစာ လိုအပ်သော စက်သုံးဆီများ ဒီဇယ်(၈၁၀၀၀)ဂါလန်နှင့် ဓာတ်ဆီ(၉၆၀၀)ဂါလန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၁၂-၂၀၂၀ရက် မှ ၂၁-၁-၂၀၂၁ရက် မွန်းတည့်၁၂နာရီအထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက်/တင်ဒါဖွင့်မည့်ရက် - ၂၂-၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေး ဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀၊ ၀၆၇-၃၄၁၀၅၁၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၁၁)၊ အမှတ်(၉၆)နေ ဦးဝေါ်ဆာ၏သမီး မဝေါ်မာဆာအား မထက်စန္ဒာဝင်း ဟုပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

Yadana Phyo Wai Co.Ltd၏ သွင်းကုန်လိုင်စင်အမှတ်-ILV 192006477 (30/07/2020) မူရင်းစာရွက်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၂၃၃၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းလှမြို့နယ်၊ ပေပင်ချောင်ကျေးရွာနေ မအိအိစိုး၊ မောင်ကျော်ကျော်စိုး၊ မောင်တိုးတိုးဝေ၊ မဖြိုးဖြိုးဝေ၊ မောင်စိုင်းဖြိုးမောင်မောင်တို့၏ဖခင် ဦးဝင်းမောင်နှင့် ဦးဇော်ဝင်းမောင် ၅/ကလထ(နိုင်)၀၇၄၄၀၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၂/၃)၊ ဦးပိုင်အမှတ်(၂၃/၂)၊ မြေဧရိယာ (၀ဒသမ၁၂၁)ကေရှိ မြေကွက်အား ဦးစမ်တူးခေါင်(ခ)တူးခေါင်အမည်ဖြင့် မြေခွန်စည်းကြပ်လျက်ရှိပြီး ၂၀၀၃ခုနှစ်မှစ၍ မြေခွန်ပြေစာ(၅)စောင်သာတင်ပြထားခြင်း၊ ကျန်မြေခွန်ပြေစာ မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ထောက်ခံပေးထားပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးစမ်တူးခေါင်(ခ)တူးခေါင်မှ မြေငှားဂရန် (အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးမြို့၊ အမှတ်(၂၂၃)၊ (၃၃)လမ်း၊ ရှင်စောပုရပ်ကွက်ရှိ ဘိုးဘပိုင်မြေနှင့်အိမ်ကို ဒေါ်ခင်မာမြင့်က ဘဏ်ချေးငွေကြွေးဆပ်ရန် ဦးသက်ရှိန်၏ဇနီး ဒေါ်ခင်နွယ်သို့ ၂၀၁၂ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် စာချုပ်ချုပ်ဆိုရန် ရောင်းချခဲ့ပါသည်။ ခင်ပွန်းဦးကြီးစိုး ကွယ်လွန်သည်မှာ မကြာသေးသည့်အပြင် လောလောဆယ်နေထိုင်ရန် နေရာအခက်အခဲရှိသဖြင့် တစ်နှစ်တာမျှ နေထိုင်ခွင့်ပြုရန် ဒေါ်ခင်မာမြင့်က မေတ္တာရပ်ခံရာ နှစ်ပေါင်း(၂၀)ကျော် ရင်းနှီးခင်မင်ခဲ့သည့်အလျောက် ဦးသက်ရှိန်တို့က ခွင့်ပြုခဲ့ပါသည်။ တစ်နှစ်ပြည့်သောအခါတွင်လည်း သမက်အောင်မိုးသူ ဆေးမှုဖြင့် တရားစွဲဆိုခံရသည့်အတွက် အမိန့်ချမှတ်သည် အထိ စောင့်ဆိုင်းပေးရန် ခွင့်တောင်း၍ ဆက်လက်ခွင့်ပြုခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်မာမြင့်သည် ၎င်းရောင်းချခဲ့ပြီးဖြစ်သော မြေနှင့်အိမ်တွင် ပိုင်ရှင်ကအခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုထားစဉ်ကာလအတွင်း ကွယ်လွန်သူခင်ပွန်း၊ ဦးကြီးစိုးအမည်မှ ဒေါ်ခင်မာမြင့်အမည်သို့ မြေစာရင်းဌာနတွင် လိမ်လည်၍ အမည်ပြောင်းလျှောက်ထားရယူခဲ့ပြီးမြန်မာ့စီးပွားရေးဘဏ်တွင် ဒုတိယအကြိမ် ချေးငွေလျှောက်ထားရယူခဲ့ပါသည်။ ချေးငွေပြန်မဆပ်၍ ဘဏ်မှတရားစွဲဆိုရာ တရားရုံးက အထက်ပါမြေနှင့်အိမ်ကို လေလံတင်ရောင်းချရန် ကြမ်းခင်းဈေးတင်ပြရန်အဆင့်သို့ ရောက်ရှိနေပြီးဖြစ်ပါသည်။ အကယ်၍ လေလံတင်ရောင်းချရန်အကြောင်းပေါ်ပေါက်ခဲ့သည်ရှိပါက ရာဇဝတ်မှု၊ တရားမမှုများနှင့်ပတ်သက်ဆက်နွှယ်နေသော နောက်ကြောင်းရာဇဝင်မရှင်းလင်းသည့် အိမ်နှင့်မြေဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပိုင်ရှင်ဖြစ်သူ ဦးသက်ရှိန်ထံတွင် ဘဏ်မှရွေးထုတ်ဝယ်ယူစဉ် အိမ်နှင့်ပတ်သက်၍ အဆင့်ဆင့်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံ ဒေါ်ခင်မာမြင့်ကိုယ်တိုင် ပေးအပ်ရောင်းချခဲ့သည့်အတွက် လက်ဝယ်တွင်ရှိပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၂၅)**
**အမှတ်(၁၁၇၇)၊ ဆိုရှယ်လစ်(၈)လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၅၃၀၂၂၆၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မုတ်လွဲကျေးရွာအုပ်စု၊ (၅)ရပ်ကွက်နေ ဦးမိုးသီဟဟာဒူး ၁/မကန(နိုင်) ၀၃၄၃၇၁၏ သား ဦးဆူရာဇ် ၁/မကန(နိုင်) ၀၉၁၆၀၅သည် မိခင်နှင့်ဖခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးသီဟဟာဒူး(ဖခင်)**
**၁/မကန(နိုင်) ၀၃၄၃၇၁**
**ဒေါ်ကုတ်မာသီ(မိခင်)**
**၁/မကန(နိုင်) ၀၃၄၃၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၄၉)၊ ဧရိယာ(၀ဒသမ၀၈၂)ကေရှိ ဦးအောင်ထွန်းလင်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၀၂/၂၀၂၀)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်အုံးမြင့် (ဘ)ဦးဟံခင် ၁၄/လပတ(နိုင်) ၀၂၈၂၆၅မှ ဦးကောင်းခန့်ကျော်(ဘ)ဦးမျိုးနိုင် ၁၂/တမန(နိုင်)၁၂၉၄၂၇နှင့် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၂၉၆)၊ မြေကွက်တည်နေရာအမှတ်(၂၉၆)၊ သစ္စာလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးမောင်မောင်ခင် ၁၂/အလန(နိုင်)၀၃၈၄၈၉အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးမောင်မောင်ခင်ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၄၈၉၄/၂၀၁၉)(၂၅-၂-၂၀၁၉)ဖြင့် ဝယ်ယူသူဒေါက်တာနုနုလွင် ၉/မရမ(နိုင်)၀၂၁၄၆၄မှ ၎င်း၏ဂရန်မူရင်းမှာ ခြကိုက်ပျက်စီးနေသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ခြကိုက်ပျက်စီးနေသောဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်၊ ပြည်တွင်းအခွန်ချလန်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၂၉၃)၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)၊ (၂၄၀၀) စတုရန်းပေ၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဦးရွှေသာအမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးမင်း ၁၂/ဥကတ(နိုင်) ၀၇၂၅၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီချို ၁၂/စခန(နိုင်) ၀၃၂၈၄၆က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်လတ်(LL.B)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၆၈၃၁၇၊ ၀၉-၄၂၀၀၂၈၅၆၊ ၀၉-၄၂၀၀၆၁၅၆၉**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၁၂၆

ကွယ်လွန်သူ ဒေါ်မြစမ်း ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မြစမ်း၏ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၄၉၁)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အေးအေးမာက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၀ရက် (၁၃၈၂ခုနှစ် ပြာသိုလဆန်း ၈ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မြစမ်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်သည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၁ခုနှစ် ဇန်နဝါရီ ၂၀ရက် (၁၃၈၂ခုနှစ် ပြာသိုလဆန်း ၈ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အေးအေးမာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးစိုးမိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

